နှုတ်ငုံဆောင်

ပြန်ကြားရေးဌာန
11 OCT

# သုဒ္ဓါရုံဂုဏ်တော်ပွင့်

ဗိသုဒ္ဓါရုံစည်ရှင်ဆရာတော်

ကျေးဇူးရှင်

ရွှေကျင်နိကာယ ဓမ္မသေနာပတိ

**မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး၏**

အလိုတော်ကျ

# ဝိသုဒ္ဓါရုံကျမ်းတော်ပွင့်

ယဥ်ကျေးမှုကျင့်ဝတ်များ

ဓမ္မစကြာပါဠိတော်

အနတ္တလက္ခဏာပါဠိတော်

ဒုတိယအကြိမ် ရိုက်နှိပ်ခြင်း။

ပုံနှိပ်-(၀၁၀၂

ထုတ်-(၀၄၀၇)

၁၃၂၄-ခုနှစ် တပေါင်းလ

ဘဝစာပုံနှိပ်တိုက်
အမှတ် ၄, ၁၂ဖလမ်း ရန်ကုန်မြို့။

# နိဒါန်း။

ဇာယတ္တာယံ ဗုဒ္ဓဘာသာ ဟူသည့် ရတနာ သုံးဖြာ လက္ခဏာ ယာဥ် သုံးပါး ဤတရားကို သရုပ်သရုပ်အားဖြင့်၎င်း အနက်သဘောအားဖြင့်၎င်း ပိုင်းခြားသိမြင် ဆင်ခြင်ပွားများနိုင်ပါမှ အနှစ်သာရ သည်သာ မှန်ကန်သော အမည် ဖြစ်နိုင်ရာသည်။

အများအားဖြင့်–

ဗုဒ္ဓဂုဏ်တော် ကိုးပါး (တနည်း) ဆယ်ပါး,
တရားဂုဏ်တော် ခြောက်ပါး,
သံဃာ့ဂုဏ်တော် ကိုးပါး .. တို့ကို ဆိုသောပါဠိကို အရပ်အဆိုင်း အဖြတ်အပိုင်း မရှိ တောက်လျှောက် ရွတ်ဆိုနိုင်၍ ဆိုရသော်လည်း သရုပ်သချာ စေ့ငှစွာ ရေတွက်တတ်သူ ရှားပါးလှချေ၏။ ၎င်းဂုဏ်တော်များ၏ အနက်သဘောကို သိမှတ်၍ ကြည်ညိုတတ်သူကား ဆိုဖွယ်မရှိပေ။ သာ၍ ရှားလေ၏။

သို့ဖြစ်သောကြောင့်.... ကျေးဇူးရှင် ရွှေကျင်သာသနာပိုင်ဖြစ်တော်မူသော မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီး ရေးသားတော်မူအပ်သော "ပရမတ္ထ သရူပ ဘေဒနီကျမ်း"ကြီးမှ ထုတ်နုတ်လျက် အနက်လက်ာ ကာရန်အစပ် ချောမွတ်ကောင်းမွန်စွာ စီစဉ်ရေးသားအပ်သော ဝိသုဒ္ဓါရုံ ဂုဏ်တော်ဖွင့်နှင့် ဝိသုဒ္ဓါရုံ ဝိပဿနာရှုဘွယ်များကို နုတ်တက်ရွရွ ကျက်မှတ်ကြ၍ နှိစ္စပွားများ ကြိုးစားအားသစ် ဗုဒ္ဓဘာသာစစ်စစ် ဖြစ်ကြပါစေကုန်သတည်း။

ဝိသုဒ္ဓါရုံ ငယ်ရှင်ဆရာတော်

ဦးကောသလ္လာဘိဝံသ

## အမှာ။

ပဉ္စမသင်္ဂါယနာ သေလက္ခရမှုအရ ပါဠိဝရ ဒပ္ပဏာကျမ်းတွင် ညွှန်ပြခဲ့သည့်အတိုင်း ဤစာအုပ်ကိုလည်း တံခွန်မဲ့(င)ဆင့်နှင့် (ဿ)ဆင့် (ၚ)သံလင်းချိပ်....စသည်တို့ကို အသုံးပြု ပုံနှိပ်စေအပ်သည် ဖြစ်ရာ ဝိစာရဏာ ဉာဏီ ပညာရှင်တို့ ခံမင်နှစ်သက် သတိ စွက်တောင်မှုနိုင်ကြပါစေကုန်သတည်း။

ဗာရာဏသီဆရာတော်။

# ဝိသုဒ္ဓါရုံဂုဏ်တော်ဖွင့်

မဟာပုရိသလက္ခဏာတော်ကြီး ၃၂ ပါး

ဘုရားပင့်။

နမော တဿ ဘဂဝတော အရဟတော
သမ္မာ သမ္ဗုဒ္ဓဿ။

မဟာဓမ္မ မဟာဗ္ဘုတ,
မဟာလက္ခ မဟာယုတော၊
မဟာဈာနံ မဟဏ္ဏာယ,
မဟာသကျ မဟာသုတော၊
အာဂန္တွာ ပေ ပတိဋ္ဌာတု,
သိရပိသော သသာဝကော။

(စက္ကဋ္ဌိဏ္ဏ ပဒ္ဓုပ္ပသာဂါထာ)

မဟာဓမ္မမဟာဗ္ဘုတမဟာလက္ခမဟာယုတော-ပစ္စေက ဗုဒ္ဓါ မဟာသာဝက သာဝကတို့ နိုင်းမျှမမှီ ထူးလည်ကဲလွန် ယောကျ်ားမာန်ဖြင့် လေးတန်အသင်္ချေ တသိန်းနေလုံး ဆည်းစုရုံးသည့် ရွှေဘုန်းသမ္ဘာ မင်္ဂလာကြောင့် ကြွေငြာသံဟည်း လက်ဖျစ်တည်း၍ အံ့ချီးမကုန် ဤလူ့ဘုံ၌ မကြုံစဖူး ကြုံလာထူးတိ ပျံ့ပျူးထိန်တောက် ဖြစ်ပေါ်ပေါက်သည့် ...

၁။ မခေါက်မခွက် မွတ်မွတ်ညက်သား မြေထက်ဖဝါး နင်းချသွားသော် ပိပြားညီတိ သုပ္ပတိဋ္ဌိတ ပါဒ လက္ခဏာတော်,

၂။ အကန့်တထောင် ရုပ်ရောင်ပြီးသ တရာ့ရှစ်ကွက် ပြည့်စုံလျက်လျှင် စက်ဝန်းထင်သည့် စက္ကင်္ကိတ ပါဒ လက္ခဏာတော်,

၃။ ခြေ၏လေးပုံ တပုံမျှဝယ် ရှည်သွယ်ဖြူးဖြောင့် ဖနောင့်တော်ဟူသော ဒီဃပဏှိ လက္ခဏာတော်,

၄။ ရှုချင့်စဖွယ် ရှည်သွယ်ပြေ့ပျောင်း လက်ချောင်း ခြေချောင်းဟူသော ဒီဃင်္ဂုလိ လက္ခဏာတော်,

၅။ ရွှေတုရိုဏ်တိုင် ရွှေတံခွန်တိုင်ကြီးကဲ့သို့ မယိုင်မညွှတ် ဖြောင့်မတ်မြင့်မား ဗြဟ္မာလားတူ သပ္ပါယ်တော်မူသော ဗြဟ္မုဇ္ဇုဂတ္တ လက္ခဏာတော်,

၆။ လက် ခြေ ပခုံး လည်လုံးတော်အား ခုနစ်ပါးမှာ ဖွံ့ထွားဆူဖြိုးဘုန်းတန်ခိုးဟူသော သတ္တုဿဒ လက္ခဏာတော်,

၇။ ဝါဂွမ်းဆိုင်အနေ လက်ခြေဖဝါး နှစ်ပါးပြောင်း အိနူးညံ့ခြင်းရှိသော မုဒုတလုနဟတ္ထပါဒ လက္ခဏာတော်,

၈။ အဆစ်အဖျား နှစ်ပါးညီလျှက် ကွန်ယက်ရက်သို့ နှစ်သက်စတောင်း လက်ချောင်း ခြေချောင်းဟူသော ဇာလင်္ဂုလိ လက္ခဏာတော်,

၉။ တဖက်တချက် ခြေဖမျက်၏ အထက်မြင့်ကြွ ပေါ်ပေါက်ရသော ဥဿင်္ခပါဒ လက္ခဏာတော်,

၁၀။ အထက်ထောင်လျက် ကော့တက်သော အမွေး တော်ဟူသော ဥဒဂ္ဂလောမလက္ခဏာတော်,

၁၁။ ဧဏီသလုံး စပါးဖုံးသို့ ဖြောင့်လုံးဆင်းတက် ချော ပြေညက်သည့် နှစ်ဘက်သော ခြေသလုံးတော်ဟူ သော ဧဏိဇင်္ဃ လက္ခဏာတော်,

၁၂။ ဝက်ခြံမှဲ့ညှင်း ညစ်ကြေးကင်း၍ သန့်ရှင်းချောမွေ့ အထွေ့ကောင်းပြား အရေအသားတော်ဟူသော သုခုမစ္ဆဝိ လက္ခဏာတော်,

၁၃။ ရွှေစင်သိင်္ဂီ နှာရဏီအနေ ဝါရွှေမှည့်ဝင်းဓသော အ ဆင်းတော်ဟူသော သုဝဏ္ဏ ဝဏ္ဏ လက္ခဏာတော်,

၁၄။ ဆဒ္ဒန်ဆင်တူ မထွက်ပြူသည့် ယောကျ်ားကိုယ်ဟူ သော ကောသောဟိတ ဝတ္ထုဂုယှ လက္ခဏာတော်,

၁၅။ ပညောင်တရထည် အလံရှည်လောက် ထက်အောက် ကိုယ်ရှည် မျှညီဝိုင်ဝန်းသော နိဂြောဓပရိမဏ္ဍလ လက္ခဏာတော်,

၁၆။ တည်လျက်မတ်ရပ် မကိုင်းညွှတ်ပဲ ဒူးယာဝဲကို ကိုင် ဆွဲနိုင်ပြား ရှည်လျားသော လက်ရုံး လက်မောင်း တော်ဟူသော ဌိတဇာနုပရာမသ လက္ခဏာတော်,

၁၇။ ကေသရရာဇာ ပုဗ္ဗဒ္ဓါသို့ ကာယာရှေ့ပိုင်း ခန့်ကျိုင်း ကြီးထွား ရေသားပြည့်ဖြိုးတော်သော သီဟပုဗ္ဗဒ္ဓ ကာယ လက္ခဏာတော်,

၁၈။ ကျောရိုးလက်ပြင် မပေါ်ထင်ဘဲ ဘပြင်တသားဖွံ့ ထွား ပြည့်ဖြိုးတော်မူသော စိတန္တရံသ လက္ခဏာ တော်,

၁၉။ ရွှေမှုံရိုးစည် ထောင်ထားသည်သို့ ဖြိုးညီရေးတော်
သုံးဆင့်ပေါ်သည့် လည်ပင်းတော်ဟူသော သမ
ဝဋ္ဋက္ခန္ဓ လက္ခဏာတော်,

၂၀။ လည်မျိုးစုန္နောင် ရသာဆောင်သည့် ခုနစ်ထောင်
သော ရသဟရဏီ အကြောတော်ဟူသော ရသဂ္ဂ
သဂ္ဂီလက္ခဏာတော်,

၂၁။ မင်ပိတုန်းတောင် မျက်စဉ်းရောင်သို့ ထိန်ပြောင်
ထွန်းလက် မျက်နက်ဝန်းဟူသော အဘိနီလ က
နေတ္တ လက္ခဏာတော်,

၂၂။ ဖွားသစ်စဝယ် နွားသူငယ်၏ ထင့်တယ်ကြည်ရှင်
မျက်မွေးပင်သို့ ရှုချင်စဖွယ် သေးသွယ်ကော့ကွေး
မျက်မွေးတော်ဟူသော ဂေါပခုမ လက္ခဏာတော်,

၂၃။ နာရဏီ ဝစ် ရွှေဥုးသစ်တူ နဖူးသင်းကျစ်ပြားဟူ
သော ဥဏှိသ သီသ လက္ခဏာတော်,

၂၄။ မွေးတွင်းတစ်မှာ စင်ကြယ်စွာဖြင့် လက်ယာရစ်
လည် တပင်စီသာပေါက်သော အမွေးတော်ဟူ
သော ဧကေက လောမ လက္ခဏာတော်,

၂၅။ မျက်ခုံးမွေးကြား မျက်မှောင်ကြား၌ ငွေသားနန်း
ကြိုး ပုလဲကြိုးဟူ ဆန့်ယူဆွဲဆောင် နှစ်တောင်မျှ
ရှေ ပင်ကိုယ်နေမှာ ငွေကြယ်ပွင့်ဟန် စိန်ရောင်
လျှံတောက်သည့်ပုံ ဥဏ္ဏာလုံမွေးရှင်တော်ဟူသော
ဥဏ္ဏာလောမ လက္ခဏာတော်,

၆။ ထက်အောက်မျှညီ နှစ်ဆယ်စီသောလေးဆယ်သော

သွားတော်ဟူသော စတ္တာလီသ သမဒန္တ လက္ခဏာတော်,

၂၇။ နဖူးပြင်လုံး လွှမ်းဖုံးနိုင်ဖွယ် ပြန့်ကျယ်ရှည်လျားပါးလျှစ်သော လျှာတော်ဟူသော ပဟုတဇိဝှါ လက္ခဏာတော်,

၂၈။ သန့်ရှင်းချိုသာ သိလွယ်စွာနှင့် နားမှာနာဖွယ် ဤဝယ်ထိုယိမ်း မရွေ့တိမ်းဘဲ စည်ဟိန်း-နဲ့နက်တခဲနက်ဟု ပျံ့တက်ရှစ်ဖေါ် အသံတော်ဟူသော ဗြဟ္မဿရ လက္ခဏာတော်,

၂၉။ ခြင်္သေ့မေးလား ကြီးမားစွာဘိ တိတိဝန်းဝန်း မေးစွန်းညီညာသော သီဟဟနု လက္ခဏာတော်,

၃၀။ စိန်သွားတရထည် စီရရီနှင့် တိညီသေသပ်ကောင်းမြတ်သော သွားတော်ဟူသော သမဒန္တလက္ခဏာတော်,

၃၁။ အကြီးအငယ် ပုလဲသွယ်သို့ တင့်တယ်စေ့စပ်ကြားမလပ်ဘဲ မကျဲသော သွားတော်ဟူသော အဝိရဠ ဒန္တ လက္ခဏာတော်,

၃၂။ သောက်ရူးကြယ်တူ ဖွေးဖွေးဖြူလျက် နှစ်သက်စဖွယ် သွားစွယ်တော်ဟူသော သုသုက္ကဒါဌာ လက္ခဏာတော်အားဖြင့်သုံးဆဲ့နှစ်ဖြာ မဟာဘွဲ့တပ် ယောက်ျားမြတ်တို့ ရအပ်အင်ကြန် လက္ခဏာဖြင့် မွမ်းမံခြယ်လှယ် သပ္ပါယ်လှပ ပြည့်စုံတော်မူထသော၊ နာထော- လူ့နတ်ဗြဟ္မာ သတ္တဝါအလုံး ညွတ်ရုံးအားထား လေးစားမှီခိုရာမြတ်စွာဗုဒ်ရှားသည်၊ မဟာဇနမဟာတ္ထာယ- ဥုံးမည်ဥုံးဖြူ

နတ်,လူ,ဗြဟ္မာ သတ္တဝါအများတို့၏ ဝပ်တွားညွတ်လျှိုး ရှိခိုးကော်ခရော် ပူဇော်သောအား မြင့်မြတ်သောအကျိုးတရားအလို့ငှာ၊ မဟာသက္က မဟာသုတော- ဥက္ကာမုခ မင်းမှစ၍ အသမ္ဘိန္န ခတ္တိယဇာတ် နေနတ်နွယ်စဉ် ဇမ္ဗူခွင်၌ ဗရင်ခေါင်ပိတ် ဂုဏ်ဟိတ်လွှမ်းမိုး သာကီမျိုးနှိုက် တန်ခိုးကြောင်းဟိတ် တိတ်နိမိတ်နှင့် ဘိသိတ်ထင်ပေါ် ဖွားမြင်တော်မူပြီး၍ ဘုန်းမီးတန်ဆောင် မဂ်ဉာန်ရောင်ဖြင့် ရွှေတောင်,ငွေတောင် စိန်တောင်ကြီးအလား မားမားစွင့်စွင့် ပေါ်ပွင့်ဖြစ်ထွန်းတော်မူပါပေသတည်း၊ သော်-ထိုဆိုအပ်ပြီးသော ဘုန်းဂုဏ်အဖြာဖြာ ကြက်သရေမင်္ဂလာနှင့် ပြည့်စုံတော်မူသော မြတ်စွာဗရားသည်၊ သသာဝကော- တပည့်သံဃာ အရိယာတို့ ဝဲ,ယာနောက်ပါး ခစားခြံရံတော်မူလျက်၊ အာဂန္တွာ- ရွှေစင်္ကြန်နှစ်လီ ကြွချီတော်မူလာပြီး၍၊ မေ- ရတနာသုံးရပ် ထွင်အမြတ်ကို ဆည်းကပ်ပူဇော် တပည့်တော်၏၊ သီရမှိ- ညွတ်လျှိုးပန်ဆင် ဦးထိပ်ပြင်၌၊ ပတိဋ္ဌာတု- ငါ၏ရင်ဘွား တပည့်များကို ကြီးမားပင်လယ် ဒုက္ခနယ်မှ ငါကယ်တင်မည် ထုတ်ဆယ်မည်ဟု ကြံစည်တန့်ရပ် ကိန်းဝပ်ဇမ္ဘယ်တော်မူလှည့်ပါဗရား။

## ဗရားပင့် တနည်း။

သဂ္ဂ တဂ္ဂ မဂ္ဂေါ ယာသိ, မဏ္ဍော တွာ ဓမ္မ မဏ္ဍနံ၊
ဘဂ္ဂ မဂ္ဂ ဓဏ္ဍော သာဓိ, သန္ဓေတွာ သန္တမိဇယံ။

သာဓိ-မင်းမင်းဥက္ကာ၌ သမ္မုနတ်နှင့် နတ်နတ်တကာ

မိုးဗြဟ္မာအလုံး ပန်းဝတ်သုံးသည့် ပျားပိတုန်းတရထည်တရားရည်စုဗ်သောက် ပဒုံအောက်၌ ဝင်ရောက်ခိုလှုံ ဦးတိုက်ကုန်သည့် သုံးဘုံသနင်း တရားမင်းဖြစ်တော်မူသော မြတ်စွာဗရား၊ ဘဂ္ဂစက္ကော- အဝိဇ္ဇာနှင့် တဏှာပုံတောင်း အပေါင်းသုံးတန့် အကန့်သင္ခါရာ ဇရာမရဏ အကွပ်ပြသား အာသဝ,ဝင်ရိုး လျှိုထိုးစပ်ယှဉ် သုံးအင်ဘဝ လောကသုံးပါး ဝင့်ရထား၌ ရှည်လျားပတ်ပတ် လှည့်လည်တတ်သည့် ရဟက်သံသာ ယာဉ်စကြာ၏ ပညာဒိက သင္ခါရကို ဝီရိယခြေ သီလမြေထက် သဒ္ဓါလက်ဖြင့် ကမ္မက္ခယိန် ဉာန်ပဆိန်ကို ရွယ်ချိန်မိုးလျှက် ပြုန်းပြုန်းပျက်အောင် ခုတ်ဖျက်သုဓ်သင် အောင်ပွဲယင်တော်မူပြီးထသော၊ မဂ္ဂစက္ကော- ရှစ်ဖြာအကျော် မဂ္ဂင်ခေါ်သည့် ယာဉ်တော်တက်စီး ယာဉ်မင်းကြီးတဆူ ဖြစ်တော်မူထသော၊ ဘဝံ-ခကျူးဇူးတော်ရင် ရှင်တော်မြတ်ဗရားကြီးသည်၊ ဓမ္မ မဏ္ဍာနံ-အလှဆုံးအဲယဉ်ဆုံး ထီးနန်းသုံးနှင့် မန္ဒုန်းအပ် မယှဉ်သာ ရတနာစိန်ကျောက် ထိန်ထိန်တောက်၍ ပန်းပြောက်ပန်းညွန့် တွန့်ရရွန့်နှင့် အလွန့်အလွန် ထူးချွန်သိုက်မြိုက် စိန်မကိုင့်သရဖူတပြေးတူသည့် ဗောဓိပက္ခိယ ဓမ္မရတနာ တရားတော်တည်းသောအောင်တန်းဆာကို၊ မဏ္ဍေတွာ- ဝဲ,ယာရှေ့နောက် ထက်အောက်ဝန်းကျင် ဖူးမြင်သမျှ မဝနိုင်ဖွယ်ခြယ်လှယ်မွန်းတင် ဆင်ယင်တော်မူပြီး၍၊ သဂ္ဂတောအဂ္ဂံ-ဗြဟ္မာ့ရိပ်ငြိမ် နတ်စည်းစိမ်ထက် အကြိမ် သိန်းသောင်းခေါင်ထိပ်ဆောင်းသည့် အကောင်းတုလွတ် တမွတ်ဥသျှောင် နန်းသောင်ကျွန်းငူ ပြည်နိဗ္ဗူသို့၊ ဝါသုအဂ္ဂအဂ္ဂံ-

ဘယ်သင်းဘယ်ဟာဘယ်အရာမှပမာမသင့် အမြင့်ခေါင်ဆုံး အသာဆုံး,အလှန်ဆုံး,အထူးဆုံး,အချွန်ဆုံး, အမြတ်ဆုံးဖြစ်သော နိဗ္ဗာဏ်မြို့တော်ကြီးသို့၊ အဂ္ဂ အဂ္ဂေါ-အဦးအစ ပထမပန်းဆွတ် အကြီးမြတ်ဆုံး ဖြစ်တော်မူ၍၊ **ယာသိ-** နောက်လိုက် ဝဲ,ယာ အရိယာတို့ မှူးစွာရံဝန်း ကြွယွန်းဆိုက်ရောက်တော်မူလေပြီ။ ဘဝံ-အောင်မြေကြွင်နန်းနိဗ္ဗာဏ်နန်းကို သိမ်းမြန်းစိုးပိုင် ခရိုင်ထွင့်ထီး ရှင်တော်မြတ်ဗရားကြီးသည်၊ တံ အာသံ-မည်သို့ရွတ်အံ မည်သိုကြံဟု ဝေဘန်ပိုင်းခြားရှင်တော်ဖျား၏ စိတ်ထားအာဘော် အလိုတော်မြတ်ကို၊အံဇယံ-အံဇယန္တော-ငါ၏သားတော်သမီးတော်တို့ အဟော်-အောင်နန်း အောင်ကြွင်နန်းကို သိမ်းမြန်းကြစေအောင်ကြစေဟု ရည်ချွေငဲ့ညှာ ကရုဏာဖြင့် သံသာကျူးညိမ့် ဟောမိန့်ဖေါ်ပြတော်မူလျှက်၊ အာသန္တိ- ဘေးရန်ဟူသမျှ ပဏာသ,ရသည့် ဧးမြနက်သန် နိဗ္ဗာဏ်အောင်မြေအောင်ချက်ဗွေသို့ အောင်ဇေယတု အောင်မောင်းထု၍ အောင်ဆုပန်ဆင် စံဝင်ရသည်တိုင်အောင်၊ မံ ဇယံ- ရှင်တော်မြတ်ဖျား တပည့်များ၏ ကြီးပွားတင့်ဆန်း တက်သစ်စန်းသို့ ထိန်လျှမ်းဝေဖြာ အောင်မင်္ဂလာနှင့် အောင်ရာအောင်ကြောင်း အောင်ဆုပေါင်းကို၊ သန္တေတု- ငါ၏ရင်ဖွား တပည့်များကို ကြီးမားပင်လယ် ဒုက္ခနယ်မှ ငါကယ်တင်မည် ထုတ်ဆယ်မည်ဟု ကြံစည်ထောက်ပင့် ချီးမြှင့်ပေးသနားတော်မူပါ၊ အောင်နန်းသိမ်းယင်နှဲ့ အောင်ပွဲကြီးသခင် ကျေးဇူးရှင် မြတ်စွာဗရား။

# ဝိသုဒ္ဓါရုံ ဩကာသ။

ဩကာသ, ဩကာသ ရှိခိုးခြင်း မြတ်နိုးခြင်းပူဇော်ခြင်း အရိုအသေပြုခြင်းတို့၏ တည်ရာ-ဩကာသ ဖြစ်တော်မူပေသော အရှင်မြတ်ဘုရား....တည်ရာ-ဩကာသ ဖြစ်တော်မူပေသောအရှင်မြတ်ဘုရား....အကျွန်ုပ် သန္တာန်တွင် ကမ္မဒွါရသုံးပါး ဝိထိဒွါရခြောက်ပါး*အသံဝရဒွါရရှစ်ပါးတို့နှိုက် ဖြစ်ခဲ့ဘူး၍ ထင်ရှားရှိနေသော ကာယကံ, ဝစီကံ, မနောကံ ဆယ်ပါးသော ဒုစ္စရိုက်တရားတို့ကို ပယ်ရှားဖျောက်လွှင့်ပါရခြင်းအကျိုးငှာ သဒ္ဓါကြည်ညို ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမျှော်မာန်လျှော့ ကန်တော့ပါ၏ဘုရား။

ဤသို့ သဒ္ဓါကြည်ညို ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမျှော်မာန်လျှော့ ကန်တော့ပါရသော မဂ္ဂသစ္စာ ပါရမီကုသိုလ်ကြောင့် အိုရခြင်း, နာရခြင်း,သေရခြင်း အစရှိသော ဘေးအနန္တ ဆင်းရဲအပ္ပမေယျတို့၏ တည်နေခိုအောင်းရာ ဒုက္ခသစ္စာ ခင်စစ်မှန်သော ဤခန္ဓာအိမ်ကို အကြိမ်ကြိမ် အဖန်ဖန် ဘဝအပြန်ပြန် စီမံဖန်ဆင်းတတ်သော တဏှာလောဘ သမုဒယသစ္စာကို တဒင်္ဂ,ဝိက္ခမ္ဘန,သမုစ္ဆေဒ ပဋိပ္ပဿဒ္ဓိ, နိဿရဏ-ဟူသော ပဟာန်ငါးပါးတို့ဖြင့် တစ

* စက္ခု,သောတ,ဃာန,ဇိဝှာ,(ပသာဒ) ကာယ,(စေတန) ကာယ, ဝစီ, မနောဒွါရ၊ ။အသံဝရဒွါရ(၈)ပါး

တစ အကြောင်းအကျန်မထား ပယ်ရှားစွန့်ပစ်လျက် မကြာမှ တင်ရဟန္တာအဖြစ်သို့ ရောက်ရ၍ သမုဒယသစ္စာ တဏှာ လောဘအကြီးအမှူး အညုံးနှောသွားရှိသော တထောင့်ငါး ရာ ကိလေသာ အဖော်သဟဲကို မရသဖြင့် ဘဝ အဆက် ဆက်က ပြုခဲ့သော ကုသိုလ်ကံ, အကုသိုလ်ကံ အကျိုးပေး ခွင့်ကိုမရ အစွမ်းသတ္တိဗလ ကုန်ခမ်းသည်ဖြစ်၍ ရဟန္တာခု တို့၏ အခြားမဲ့၌ တဖန် ပဋိသန္ဓေ အသစ်မဖြစ်ရာ, မအိုရာ, မနာရာ, မသေရာ ခန္ဓာဝန်လက်စသိမ်း၍ ဘဝဇာတ်ငြိမ်း ရာဆင်းရဲဒုက္ခ အမြွက်မျှမရှိ ချမ်းဒေးခြင်းဟူသမျှတို့၏အထွင် အထိပ်ဖြစ်သော နိရောဓသစ္စာ အသင်္ခတဓာတ် မြတ်လှစွာ သော နိဗ္ဗာန်ချမ်းသာကို လျှင်မြန်စွာ ရပါသို့ရောက်ပါလို ၏ အရှင်ဘုရား။

အများနှင့်ရော၍ ကန်တော့သည့်အခါ "ကန်တော့ပါ၏ဘုရား" တွင်ရွေ့ဆို၊ သို့မှအများ [illegible] ညီညွတ်သည်နှင့် အချည်းမည်။ သီဟိုဠ်, ယိုးဒယားများကောင် [illegible] အခလေ့အလာ ရှေးရိုးရာအားဖြင့် ဩ ကာသဟူသည် အခွင့်ဒတောင်းသော စကားဖြစ်ရာ၏။

# သီလတောင်း။

သီတလာ သီလသမ္ပန္နာ, သီတလာ စန္ဒ စန္ဒနာ၊
သီတလံ သိဝံ ပါပေန္တံ, သီလံ နော ဒေတု ကြေမာ။

သီတလာ-အဇ္ဈတ္တဘေး ပြင်ပဘေးတို့ ကင်းဝေးသန့်စင် ကြည်လင် အေးမြတော်မူပေထသော၊ သီလ သမ္ပန္နာ-ဘဝသံသရာ ဖြစ်များစွာက ညီညာပေါဝ်းဆုံ လောကုတ္တရာ သီလနှင့် ပြည့်စုံတော် မူပေထသော၊ ဘန္တေ-ဘုန်းတော်နေမီး ထိန်ထိန်ညီးမျ ထန်သီးတေဇော် အာနုဘော်သခင် အရှင်မြတ်ဘုရား။ စက္ခုမာ-ဗုဒ္ဓ ဉာန်, သမန္တနှင့် ဒိဗ္ဗ,မံသာ ငါးဖြာစက္ခု ပေါင်းစုကြည်လင် အရှင်မြတ်ဘုရားသည်၊ သီတလံ- ဒုက္ခခပ်သိမ်း ချုပ်ငြိမ်း အေးမြရာဖြစ်သော၊ သိဝံ-သန္တိအောင်မြေ အမြုတေသို့၊ ပါပေန္တံ-ကောင်းစွာမသွေ ရောက်စေတတ်သော၊ စန္ဒစန္ဒနာ-ဥဒည်တောင်ယံ နန်းယုဂန်မှ ထွက်စံအိရှန်း ငွေလဝန်းသို့ ထုံမွှန်းကြိုင်စွာ စန္ဒကူးနံ့သာတို့ထက်၊ သီတလံ-ကိုယ်စိတ်ချမ်းမြေ့ သာလွန်၍ အေး မြလှပေသော၊ သီလံ-ဖျက်တတ်ညစ်ပေ ရန်ကိလေကို များထွေပေါလှ ကုသလ၏ ဌာနတည်ရာ (ရှစ်ဖြာ)ငါးဖြာသီလ ကျင့်ခမ္မကို၊ နော-ဗုဒ္ဓုပဋ္ဌာန နိဗဒ္ဓဖြင့် အမတအောင်နန်း စိတ်ရည်မှန်း၍ ကြိုးပန်းအားထုတ် အကျွန်ုပ်အား၊ ဒေတု-ကရုဏာရှေ့ထား မေတ္တာအားဖြင့် သနားချီး မြှောက်တော်မူပါ မြတ်စွာဘုရား။

## ဂရုခံ နိစ္စ ငါးပါးသီလတောင်း။

အဟံဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

ဒုတိယမ္ပိ .... ....

တတိယမ္ပိ .... ....

အာမဘန္တေ။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊

ဓမ္မံ သရဏံ ဂစ္ဆာမိ၊

သံဃံ သရဏံ ဂစ္ဆာမိ၊

ဒုတိယမ္ပိ .... ....

တတိယမ္ပိ .... ....

အာမဘန္တေ။

၁။ ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၂။ အဒိန္နာဒါနာ .... .... ....

၃။ ကာမေသုမိစ္ဆာစာရာ.... .... ....

၄။ မုသာဝါဒါ .... .... ....

၅။ သုရာ,မေရယ မဇ္ဇပ္ပမာဒဋ္ဌာနာ ... ....

အာမဘန္တေ။

## ကောမာရ ဗြဟ္မစရိယ ငါးပါးသီလတောင်း။

အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စ ကောမာရ ဗြဟ္မစရိယသီလံ ဓမ္မံယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ

ဘန္တေ။ ဒုတိယမ္ပိ။ တတိယမ္ပိ။ အာမဘန္တေ။

၁။ ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ၊

၂။ အဒိန္နာဒါနာ .... .... ....

၃။ အဗြဟ္မစရိယာ .... .... ....

၄။ မုသာဝါဒါ .... .... ....

၅။ သုရာ,မေရယ မဇ္ဇပ္ပမာဒဋ္ဌာနာ.... ....

အာမဘန္တေ။

## အာဇီဝဋ္ဌမက သီလတောင်း။

အဟံ ဘန္တေ တိသရဏေန သဟ အာဇီဝဋ္ဌမက သီလ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။ ဒုတိယမ္ပိ။ တတိယမ္ပိ။ အာမဘန္တေ။

၁။ ပါဏာတိပါတာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

၂။ အဒိန္နာဒါနာ .... .... ....

၃။ ကာမေသုမိစ္ဆာစာရာ .... ....

၄။ မုသာဝါဒါ .... .... ....

၅။ ပိသုဏာယ ဝါစာယ .. . ...

၆။ ဖရုသာယ ဝါစာယ .... ....

၇။ သမ္ဖပ္ပလာပါ .... .... ....

၈။ မိစ္ဆာဇီဝါ .... .... ....

အာမဘန္တေ။

---

အမှာ။ အရိယကန္တ ငါးပါးသီလ ထက်ဝန်းကျဥ်လုံလျှင် အာဇီဝဋ္ဌမကသီလ ကိစ္စ ပြီးတော့သည်သာ။

## အဋ္ဌင်္ဂုပေါသထ-ရှစ်ပါးသီလတောင်း။

အဟံ ဘန္တေ တိသရဏေန သဟ အဋ္ဌင်္ဂ သမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။ ဒုတိယမ္ပိ။ တတိယမ္ပိ။ အာမဘန္တေ။

၁။ ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၂။ အဒိန္နာဒါနာ .... .... ....
၃။ အဗြဟ္မစရိယာ .... .... ....
၄။ မုသာဝါဒါ .... .... ....
၅။ သုရာ,မေရယ မဇ္ဇပ္ပမာဒဋ္ဌာနာ ... ....
၆။ ဝိကာလဘောဇနာ ... .... ....
၇။ နစ္စ,ဂီတ,ဝါဒိတ, ဝိသုကဒဿန,မာလာ,ဂန္ဓ,ဝိလေပန,ဓာရဏ,မဏ္ဍန,ဝိဘူသနဋ္ဌာနာ ....
၈။ ဥစ္စာသယန မဟာသယနာ .... ....

## နဝင်္ဂုပေါသထ-ကိုးပါးသီလတောင်း။

အဟံ ဘန္တေ တိသရဏေန သဟ နဝင်္ဂ သမန္နာ ဂတံ ဥပေါသထသီလံ ဓမ္မံယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံဒေထ မေ ဘန္တေ။ ဒုတိယမ္ပိ။ တတိယမ္ပိ။ အာမဘန္တေ။

---

အမှာ။ အဋ္ဌင်္ဂသီလတွင် ပြုဖွယ်ဘာရလေးပါးထည့်၍ မိမိထိန်းလို ရာ တပါးပါးကို ထည့်သွင်း ဆောက်တည်ရသည်။ သီလ မဟုတ်သော သမာဓိကိုပင် ပုဂ္ဂိုလ်အကြိုက်သို့ လိုက် လျော၍ သီလလုပ် ဟောတော်မူသည်။ ကောင်းမှုဟူသမျှ သီလလုပ်၍ဆောက်တည်ကောင်းသည်ကိုပြတော်မူသည်။

၁။ ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၂။ အဒိန္နာဒါနာ .... .... ....
၃။ အဗြဟ္မစရိယာ .... .... ....
၄။ မုသာဝါဒါ .... .... ....
၅။ သုရာ,မေရယ မဇ္ဇပ္ပမာဒဋ္ဌာနာ.... ....
၆။ ဝိကာလဘောဇနာ .... ....
၇။ နစ္စ,ဂီတ,ဝါဒိတ, ဝိသူကဒဿန,မာလာ,ဂန္ဓ,ဝိလေပ
န,ဓာရဏ,မဏ္ဍန,ဝိဘူသနဋ္ဌာနာ ....
၈။ ဥစ္စာသယန မဟာသယနာ .... ....
၉။ မေတ္တာ သဟဂတေန စေတသာ သဗ္ဗပါဏဘူတေသု
ဖရိတွာ ဝိဟရဏံ သမာဒိယာမိ။

## ဂဟဋ္ဌ ဒသင်္ဂ ဆယ်ပါးသီလတောင်း။

အဟံ ဘန္တေ တိသရဏေန သဟ ဒသ ဂဟဋ္ဌသီလံ
ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။
ဒုတိယမ္ပိ။ တတိယမ္ပိ။ အာမဘန္တေ။

၁။ ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၂။ အဒိန္နာဒါနာ .... .... ....
၃။ အဗြဟ္မစရိယာ ... ... ...
၄။ မုသာဝါဒါ .... .... ....
၅။ သုရာ,မေရယ မဇ္ဇပ္ပမာဒဋ္ဌာနာ ... ....
၆။ ဝိကာလဘောဇနာ ... ....

---

အမှာ။ ရသေ့,သီလရှင် ဖြစ်လျှင်“ဒသပရိဗ္ဗာဇကပဗ္ဗဇ္ဇာသီလံ”ဆို။

၇။ နစ္စ,ဂီတ,ဝါဒိတ,ဝိသုကဒဿနာ ....
၈။ မာလာ,ဂန္ဓ,ဝိလေပန,ဓာရဏ,မဏ္ဍန, ဝိဘူသနဋ္ဌာနာ
၉။ ဥစ္စာသယန မဟာသယနာ .... ....
၁၀။ ဇာတရူပ ရဇတ ပဋိဂ္ဂဟဏာ .... ....

**အာမတနေ္တာ။**

---

အမှာ။ အချို့ရပ်ရွာ အလေ့အလာအားဖြင့် သီလဆောက်တည်သည့်အခါ "ပါဏာတိပါတာ ဝေရမဏီ"စသည်တွင် ရှေ့မျှ ဆိုတတ်ကြသည်။ ပါဠိတော်၌ 'သမာဒိယာမိ"ထိ တိုက်ရိုက်ရှိသည့်ပြင် "ဝေရမဏီ"တွင်ရှေ့ဆိုက သီလသရုပ်ကိုဖော်ထုတ်ပြရုံသာ ချောက်၍ သီလဆောက်တည်သည် မမည်ပေ။

"သမာဒိယာမိ"အစား ပါဏာတိပါတာ ဝိရမာမိ သော်ငင်း, ပါဏာတိပါတံ ဇဟာမိသော်ငင်း, ပါဏံ(နဟနာမိ) နအတိပါတေမိသော်ငင်း, ပါဏာတိပါတံ (ပရိဝဇ္ဇေမိ) နကရောမိသော်ငင်း····စသည်ဖြင့်ဆိုမှုကား တနည်းအားဖြင့် ပါဠိတော်စကားများပင် ဖြစ်ပေသည်။

(၁)နိဂဏ္ဍ,(၂)ဝေါပါလ,(၃)အရိယ ဥပုသ်သုံးပါး, (၁)နိဗဒ္ဓ,(၂)ပါတိဟာရိယ,(၃)ပတိဇာဂရအရိယဥပုသ်သုံးပါး။ (၁) ဗြဟ္မ, (၂) ဓမ္မ, (၃) သံဃ, (၄) သီလ (၅) ဒေဝတာ, (၆) အဋ္ဌင်္ဂ-ဟု အရိယဥပုသ် ခြောက်ပါးတို့ကို နားလည်စေသင့်၏။ အထူးအားဖြင့် အကြို,အပို့နှင့် တကွ တလလျှင် ၂၀ သို့မဟုတ် ၁၉ ဥပုသ်ရှိသော ပတိဇာဂရ ဥပုသ်ကို သိအောင်ပြု၍ စောင့်သုံးသင့်သည်။

# ဗ ရာ း ဂု ဏ်တော်ကိုး ပါး ။

(တနည်း ဆယ်ပါး ။)

၁။ သောဘဂဝါဣတိပိ အရဟံ,
၂။ .... .... သမ္မာ သမ္ဗုဒ္ဓေါ,
၃။ .... .... ဝိဇ္ဇာ စရဏ သမ္ပန္နော,
၄။ ... .... သုဂတော,
၅။ .... .... လောကဝိဒူ,
၆။ .... ... ×အနုတ္တရောပုရိသဒမ္မသာရထိ,
၇။ .... .... သတ္ထာဒေဝမနုဿာနံ,
၈။ .... .... ဗုဒ္ဓေါ,
၉။ သောဘဂဝါဣတိပိ ဘဂဝါ

ဝေံ နဝဟိ ဂုနေဟိ, လောကမှိ ကိတ္တိဗျာပိ တံ၊
အတုလံ ဓမ္မရာဇာနံ, ဝန္ဒာမိ တိဟိ အာဒရံ။

အပရိမေယျသု-ဤရွေ့ဤမျှ ဂဏန်းချ၍ နိုင်းဆခြင်းငှာ မတတ်ရာကုန်သော၊ အပရိမေယျသု-ဤရွေ့ဤမျှ ဂဏန်းချ၍ နှိုင်းဆခြင်းပေါင်း မတတ်ကောင်းကုန်သော၊ အပရိမေယျသု-ဤရွေ့ဤမျှ ဂဏန်းချ၍ နှိုင်းဆပိုင်ပိုင် မတတ်နိုင်ကုန်သော၊အပရိမေယျသု -ဤရွေ့ဤမျှ ဂဏန်းချ၍ နှိုင်းဆပိုင်းခြား မတတ်အားကုန်သော၊ အတ္တဘာဝေသု-ကိုယ်တော်မြတ် အဖြစ်တော်တို့၌၊ သမတ္တိံသပါရမိယော-

---

×အနုတ္တရော တပါး, ပုရိသဒမ္မသာရထိ တပါး ၂ပါးခွဲယူလျှင် ဗရာဇ်ဂုဏ်တော် ၁၀ ပါးဖြစ်၏။

ပဏ္ဍိတ်တို့ ကိုယ်စိတ်ညွတ်လျှော သဒ္ဓါစော၍ နေ့ရောညပါ အခါမလတ် မစွန့်အပ်တော့ငြင်း ဤအကြောင်းကြောင့်လည်း၊ အ,ရဟံ-အ,ရဟံမည်တော်မူ၏။

(ဃ) သောဘဂဝါ....သို့၊ ဣတိပိ ဣမိနာစကာရဏေန-မြရိပ်ဝေဝေ ဗုဒ္ဓဟေဟု အောင်မြေသာချက် ပလ္လင်ထက်က ကမ္မက္ခယန် မင်္ဂလေးတန်ဖြင့် သ,သမ္ဘာရတ် ကမ္မဝင်ကို ပယ်ဖြတ်ဖျက်ဆီး အောင်မြင်ပြီး၍ သီးသီးဘုံဌာန်သွားလာပြန်ခြင်း အလျှင်းကင်းပြတ် ဤသကတ်ကြောင့်လည်း၊ အရ,ဟံ-အရ,ဟံမည်တော်မူ၏။

(င)သောဘဂဝါ....သို့၊ဣတိပိဣမိနာစ ကာရဏေန-လောဘ,ဒေါသမောဟ,ကင္ခါ မိစ္ဆာဒိဋ္ဌိအဟိရိက နောတ္တပ္ပနှင့်ထိန,မာန ဥဒ္ဓစ္စဟု ဒသကိလေ ရန်ညစ်တော်ကို လေးထွေမင်္ဂပေါင်း လက်နက်ကောင်းဖြင့် ထောင်းထောင်း ဖျက်ဖြုန်း သတ်ဖြတ်မှုန်း၍ ပတ်ကုံးရန်သူ မပြုဝန့်ရှောင်း ဤအကြောင်းကြောင့်လည်း၊ အရ,ဟံ-အရ,ဟံမည်တော်မူ၏။

(စ) ဘောဘဂဝါ....သို့၊ဣတိပိ ဣမိနာစကာရဏေန-အဝိဇ္ဇာနှင့် တဏှာပုံတောင်း အပေါင်းသုံးတန့် အကန့်သင္ခါရာ ဇရာ,မရဏ အကွပ်ပြသား အာသဝဝင်ရိုး လျှိုထိုစပ်ယှဉ် သုံးအင်ဘဝ လောကသုံးပါး ဝင်ရထားနှိုက် ရှည်လျားပတ်ပတ် လှည့်လည်တတ်သည့် ရဟတ်သံသာ ယဉ်

---

(ဃ) န ဟရတိ ဂန္တံတိတိ အ,ရတံ။
(င) အရယော ဟနတီတိ အရ,ထံ။
(စ) အရယော ဟနတီတိ အရ,တံ။

စကြာ၏ ပုညာဒိက သင်္ခါရကို ဝီရိယခြေ သီလမြေထက် သဒ္ဓါလက်ဖြင့် ကမ္မက္ခယိန် ဉာဏ်ပုဆိန်ကို ရွယ်ချိန်မိုးလျှက် ပြုန်းပြုန်းပျက်အောင် ခုတ်ဖျက်တတ်ရှောင်း ဤအကြောင်းကြောင့်လည်း၊ အရဟံ-အာရဟံမည်တော်မူ၏။

(ဆ) သောဘဂဝါ....သို့၊ ဣတိပိဣမိနာစကာရဏေန-ပုံတောင်းဝိဇ္ဇာ ဇရာမရဏံ အကွပ်ရ၍ ဆယ်တန်မဏ္ဍအကန့် ပြီးသား အလွှားလေးလွှာ ခွန့်သုံးဖြာနှင့် ခြင်းရာနှစ်ဆယ် သုံးသွယ်အစပ် သမုပ္ပါဒ်-ဟု ရဟာပ်စက်ကန့် လယ်ဆယ်တန့်ကို ချိုးဟန့်မြစ်တား ဖျက်ပြားတတ်ရှောင်း ဤအကြောင်းကြောင့်လည်း၊ အရဟံ-အရဟံမည်တော်မူ၏။

(ဇ) သောဘဂဝါ....သို့၊ ဣတိပိဣမိနာစ ကာရဏေန-မဟေသက္ခ လူနတ်သသည့် ဝိသိဋ္ဌပူဇာ ကြီးကျယ်စွာကို သူငါမတန် ခံအလှူထူး ပုဂ္ဂိုလ်မှူးဖြစ်၍ ဆွတ်ခူးသိမ်းပိုက်ခံယူထိုက်ရှောင်း ဤအကြောင်းကြောင့်လည်း၊ အရဟံ-အရဟံ မည်တော်မူ၏။

(ဈ) သောဘဂဝါ....သို့၊ ဣတိပိဣမိနာစကာရဏေန-သူဟာပါးထက် ထူးခြားကဲလွန် ဟုတ်မှန်ထင်ပေါ် ကျေးဇူးတော်ဖြင့် ကော်ရော်ကြွေးရိုက် ချီးမွမ်းထိုက်ရှောင်း ဤအကြောင်းကြောင့်လည်း၊ အရဟံ-အရဟံမည်တော်မူ၏။

---

(ဆ) အရာယော ဟနတီတိ အရဟံ။
(ဇ) ပူဇာဝိသေသံ အရဟတီတိ အရဟံ။
(ဈ) ပသံသံ အရဟတီတိ အရဟံ။

ကမ္ဘာ့ဗုဒ္ဓတက္က
စာကြည့်တိုက်
ကမ္ဘာအေး၊

(ည) သောဘဂဝါ....သို့၊ ဣတိပိဣမိနာစ ကာရဏေန-သဝါသနာ ကိလေသာမှ လေးဖြာမြိုက်မင် စိန်သန့်လျက်ဖြင့် ချိုးဖျက်မလူ ဝေးတော်မူတတ် ဤသကတ်ကြောင့်လည်း၊ အရဟံ-အရဟံမည်တော်မူ၏။

(ဋ) သောဘဂဝါ....သို့၊ ဣတိပိဣမိနာစကာရဏေန-ကိလေပြောထူ ဉာန်နဲသူတို့မှ အတူပုတ်ဝန်း သက်န်းစွန်း၍ ကိုင်၍ လိုက်သော်လည်း သောင်းထိုက်စက္ကဝါ ပမာမပြား ဝေးခြားတော်မူတတ် ဤသကတ်ကြောင့်လည်း၊ အရဟံ-အရဟံမည်တော်မူ၏။

(ဌ) သောဘဂဝါ....သို့၊ ဣတိပိဣမိနာစကာရဏေန-ဟုတ်မှန်သဖြင့် အကြံသင့်၍ အကျင့်ပြောထူ ဉာန်ရှိသူတို့နှင့် မတူဘရာ ယူဇနာဝယ် ကာကွယ်ဝေးရပ် နီးမစပ်သော်လည်း ချဉ်းကပ် နီးနှံး တော်မူတတ် ဤသကတ်ကြောင့်လည်း၊ အရဟံ-အရဟံမည်တော်မူ၏။

---

(ည) ကိလေသေဟိ အာရကာတိ အရဟံ။
(ဋ) မန္ဒဗုဒ္ဓီဟိ အာရကာတိ အရဟံ။
(ဌ) ဝိဇာနန္တေဟိ အာရကာတိ အရဟံ။

ပဉ်,ဇီး,သေက်,မြ လော,အ,ပုံ,မ သူ,သ'ကိ,ဟုတ်
(၁၂)ပုဒ် ကျဉ်းချုပ်အရဟံ။

က ခ ဂ ဃ....၄ ပုဒ် အ,ရဟံ )
င စ ဆ ....၃ ပုဒ် အရ,ဟံ } ဟုဘာသည်။
ဇ ဈ ည ဋ ဌ ၅ပုဒ် အရဟံ )

၂ (က) သောဘဂ၀ါ....သို့၊ ဣတိပိဣမိနာစကာရဏေန-အဘိညေယျာ ပရိညာနှင့် ပဟာတဗ္ဗ သစ္ဆိကဟု မဂ္ဂဘာ၀နာ လေးသစ္စာကို ဆရာမဆို အလိုလိုလျှင် ဟိတ်ဖိုလ်နိုင်း ထောက် မဖေါက်မပြန် မှန်စွာသိရှောင်း၊ ဤအကြောင်း ကြောင့်လည်း၊ သမ္မာသမ္ဗုဒ္ဓေါ-သမ္မာသမ္ဗုဒ္ဓမည်တော်မူ၏။

(ခ) သောဘဂ၀ါ....သို့၊ဣတိပိဣမိနာစ ကာရဏေန-ဆအဇ္ဈတ္တ ဆဗာဟာယတနံ ဝိညာဏ်ဖဿ ဝေဒနာ တည်း သညာ,စေတနာ တဏှာဝိတက္က ဝိစာရနှင့် ခန္ဓ,ကသိ နုဿတိအသုဘ ကောဋ္ဌာသဒွါ ဓာတ်ဘ၀ါကိုး လေးမျိုးဈာန ပမညာ,အရူပ ပဋိစ္စ-ဟု ဧကေကပုဒ် ထုတ်၍ဝေဖန် လေးသစ္စကို မကျန် ကိုယ်တိုင် သိနိုင်ပေတတ် ဤ သကတ် ကြောင်လည်း၊ သမ္မာသမ္ဗုဒ္ဓေါ-သမ္မာသမ္ဗုဒ္ဓမည်တော်မူ၏။

၃ သောဘဂ၀ါ....သို့၊ ဣတိပိဣမိနာစ ကာရဏေန-သုံးပါးဝိဇ္ဇာ ပုဒ်အာနှင့် ဝိဇ္ဇာအဋ္ဌ ဝိ,မစေ,ဒိ ပု,ဒိ,ဣဒ်,အာ

---

၂(ခ)၌- ဆအဇ္ဈတ္တာအရ အဇ္ဈတ္တိကာယတန ၆ ပါး၊ ဆဗာဟာယတနံ အရ .. ဗာဟိယာယတန ၆ ပါး၊ ခန္ဓ-ခန္ဓာ ၅ ပါး၊ ကသိ-ကသိုဏ်း ၁၀ ပါး၊ နုဿတိ-အနုဿတိ ၁၀ ပါး၊ အသုဘ ၁၀ ပါး၊ သုံးဆဲ့နှစ်ကောဋ္ဌာသ၊ အာ-အာယတန ၁၂ ပါး၊ ဓာတ် ၁၈ ပါး၊ ဘ၀ကြီး ၉ ပါး၊ ဈာန် ၄ ပါး၊ အပ္ပမညာ ၄ ပါး၊ အရူပ ၄ ပါး၊ ပဋိစ္စသမုပ္ပါဒ် တို့ကို နားလည်ရန် အလျာကာပုထုဇဉ်လုပ်နည်းကို ကြည့်ပါ။

၃၌ ပု-ပုဗ္ဗေနိဝါသ၊ ဒိ-ဒိဗ္ဗစက္ခု၊ အာ-အာသဝက္ခယ၊ ဝိဇ္ဇာ

ရောင်ဝါတေဇိန် သီ,ဣန်,ဘော,ဇာ သဒ္ဒမ္မာခွန် ရူပဈာန်ဟု ငါးတန်စွန်းကယ် ဆယ်စရဏ မြတ်ဓမ္မနှင့် တကွဉဿုံ ပြည့်စုံတတ်ရှောင်း ဤ အကြောင်းကြောင့်လည်း၊ ဝိဇ္ဇာစရဏ သမ္ပန္နော- ဝိဇ္ဇာစရဏသမ္ပန္နမည်တော်မူ၏။

၄ (က) သောဘဂဝါ.... သို့၊ ဣတိပိဣမိနာစကာရဏော န-ဒိပင်္ကရာ ထွင်ချာသေဌ်နှင်း ခြေတော်ရင်းမှ မှန်ကင်း သီရိပေါဓိမဏ္ဍိုင် ခန်းဝါပိုင်အောင် ဆယ်ခိုင်ပါရမီ စုံပြည့်ညီလျှက်သုံးလီဘဝများသတ္တ၏ သုခစီးပွား ကျင့်သောအားဖြင့် မိုက်မှားအယုတ် သဿတုစ္ဆေဒ ကာမသုခ·တ္တ ကိလမထဟူ မိစ္ဆာယူကို ဆံမြူတစိ မကပ်ငြိပဲသတိသမ္ဗောဇ်ဥ မပြတ်ယှဉ်လျှက်သဗ္ဗဉ်ဉာန်တော် ရကြောင်းရော်၍ လာတော်မူရှောင်း ဤအကြောင်းကြောင့်လည်း၊ သုဂတော-သုဂတမည်တော်မူ၏။

---

၃ ပါး၊ ဝိ· ဝိကုဗ္ဗန၊ မ- မနောမယ၊ စေ စေတောပရိယ၊ ဒိ-ဒိဗ္ဗစက္ခု၊ ဣဒ်-ဣဒ္ဓိဝိခ၊ အာ·အာသဝက္ခယဝိဇ္ဇာ ၈ ပါး။

သီ-သီလသံဝရ၊ ဣန်-ဣန္ဒြိယသံဝရ၊ ဘော- ဘောဇနေ မတ္တညုတာ၊ ဇာ-ဇာဂရိယာနုယောဂ၊ သဒ္ဓါ,ဟိရီ,ဩတ္တပ္ပ, ::ဟုဿုတ,ဝီရိယ,သတိ,ပညာ သူတော်ဥစ္စာ ၇ ပါး။

သူတော်.ဥစ္စာ ၇ ပါးကား ဤ၌ ဝီရိယ,သတိတို့ကိုနုတ်၍ သီလ,စာဂတို့ကို ထည့်၍ ဖြစ်၏။

တေကြနည်း ရူပါဝစရဈာန် ၄ ပါး ပေါင်း စရဏ ၁၅ ပါး။

၄(က)၌ သဿတုစ္ဆေဒ=သဿတ + ဥစ္ဆေဒ၊ ကာမသုခတ္တကိလ မထ=ကာမသုခလ္လိကနုယောဂ + အတ္တကိလမထနုယောဂ။

သုဋ္ဌု အာဂ္ဂတီတိ သုဂတော။

(ခ) သောဘဂဝါ....သို့၊ဣတိပိဣမိနာစ ကာရဏေန-နေမြဲငြိမ်းချမ်း ဘေးဘျမ်းမစပ် နိဗ္ဗာဏ်ချပ်သို့ငြိကပ်မတွယ် တင့်တယ်သာညွှင်း အရိမဂ်ဟူသော သွားခြင်းရှိလတ် ဤသကတ်ကြောင့်လည်း သုဂတော-သုဂတ မည်တော်မူ၏။

(ဂ) သောဘဂဝါ....သို့၊ ဣတိပိဣမိနာစကာရဏေန-ထိုထိုမဂ်ဖြင့် ပယ်ဖျက်တွန်းလှန် ကိလေရန်ကို မပြန်စေပဲ ခိုင်မြဲကောင်းမွန် လွဲသွန်ရှောင်ရှား ကြွသွားတော်မူတတ်ဤသကတ်ကြောင့်လည်း၊ သုဂတော- သုဂတမည်တော်မူ၏။

(ဃ) သောဘဂဝါ....သို့၊ဣတိပိဣမိနာစ ကာရဏေန-မကောင်းဒုက္ခ သင်္ခါရကင်း ကောင်းခြင်းအစွန် စင်စစ်မှန် သောနိဗ္ဗာဏ်ရပ်မြေ အောင်ချက်ဗွေသို့ မသွေမဖေါက် ကွန်းမထောက်ပဲ ကြွရောက် တတ်ရှောင်း ဤအကြောင်းကြောင့်လည်း၊ သုဂတော-သုဂတမည်တော်မူ၏။

(င)သောဘဂဝါ....သို့၊ ဣတိပိဣမိနာစကာရဏေန-စကားခြောက်ခွန်း လူ၌ထွန်းဘိ ကျိုးရှိဟုတ်မှန် သူနာခံလို မနာလိုအား နှစ်စကားကို ကြောင်းအားညီလျှော် မိန့်ဆို

---

(ခ) ဂမနံ ဂတံ၊ သောဘနံ ဂတံ ဧတဿာတိ သုဂတော။
(ဂ) သမ္မာ ဂစ္ဆတီတိ သုဂတော။
(ဃ) သုန္ဒရံ နိဗ္ဗာနံ ဂစ္ဆတီတိ သုဂတော။
(င) သမ္မာ ဂဒတီတိ သုဂတော။
(၁) မဟုတ်-ကျိုးမဲ့ (၂) ဟုတ်-ကျိုးမဲ့နှင့် (၃) မမဲ့ဟုတ် ငြား ဤသုံးပါး ခြောက်ပွားကြိုက်၊မကြိုက်။
ဒိ,ဧ,ထို,မ စကားဆ သုဂတာဒ္ဓို။

တော်မူတတ်ဤသကတ်ကြောင့်လည်း၊ သုဂတော-သုဂတ မည်တော်မူ၏။

(၅) သောဘဂဝါ....သို့၊ ဉာတိုပိဋကမိနာ၁စကာ၁ရဏောန- သတ္တော၁ကာ၁သ သင်္ခါရဟု လောကသုံးဘုံ အလုံးစုံကို အာရုံထင်စွာ ပိုင်းခြားကာလျှင် အာသယာနုသယ စရိတဓိမုတ်မြတ်,ယုတ်နှစ်ခု မုဒု,တိက္ခ စသည်ထွေထွေ လေ,ရေ မြေထုမေရုစက္ကဝါ သီဒါပတ်ခြံ တောင်ရံခုနှစ် လှည့်ရစ်နေ့,လ,ဗိ ပလေးတန် ခြောက်တန်နတ်ရွာ ဗြဟ္မာနှစ်ဆယ် သွယ်သွယ်များလှဝေဘန်ပြလျက် လက္ခဏာ,ရသ ကိစ္စစေ့ငု ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်နှင့် ရုပ်နမ်၁ဝေခြား ခပ်သိမ်းအားဖြင့် ထွေပြားကုန်စင် သိမြင်တတ်ရှောင်း ဤအကြောင်းကြောင့်လည်း၊ လောကဝိဒူ -လောကဝိဒူ မည်တော်မူ၏။

(၆) သောဘဂဝါ....သို့၊ဉာတိပိဋကမိနာ၁စကာ၁ရဏောန သည၁ကေတ်နာနတ်ထွေဠာ အဖြာဖြာလျှင်သတ္တဝါသ ဘုံ

၅၁ အာသယ, အနုသယ, စရိယာ, အဓိမုတ္တိ, ဣန္ဒြိယ, ပဏိတ, မုဒု. တိက္ခ ...ဝေခွဲ၍ သိပုံကား သတ္တလောကကို လေ ရေ မြေထု မြင်းမိုရ် စကြာဝဠာ သီဒါ ခုနစ်တန် တောင်ငွေ ခုနစ်ထပ် နေ့,လကျွန်းကြီး ၄ ပါး နတ်ပြည် ခြောက်ထပ် ဗြဟ္မာနှစ်ဆယ် .. ဩကာသလောကကို လက္ခဏာ ရသ ကိစ္စပစ္စုပဋ္ဌာန် ပဒဋ္ဌာန် ရုပ် နာမ်နှစ်ပါးစုံ သင်္ခါရလောကကို သိပုံတည်း။

၆၁ သတ္တဝါသ ဘုံကိုးဝဟူသည်ကား-
သည၁+ကာ၁လနှစ်ပါးကို ကေတ္တ+နာနတ္တနှင့် ယှဉ်၍
၁။ ကေတ္တကာယ နာနတ္တသညီ ဒုတိယဈာန်သုံးဘုံ။

ကိုးဝ၌ သီလခေါင်ထိ သမာဓိနှင့် ဘူရိမေဓာ ပညာဝိမုတ် ဝိမုတ္တိဒဿန ကြီးစွာ့များဟုန် ကျေးဇူးဂုဏ်ကြောင့် စံပိုနှိုင်း ထောက် တယောက်မျှ အ,သမဟု မြတ်လှတင့်ဖျား ဤ ကြောင်းလျားကြောင့်လည်း၊ အနုတ္တရော- အနုတ္တရမည် တော်မူ၏။

(၇) သောဘဂ၀ါ....သို့၊ ဉာတိပိဋမိနာစကာရဏေန- ဆုံးမခြင်းငှာ လျှောက်ပတ်စွာသည့် အပလာလ ဓူမသိခေါ စူဠောဒရ မဟောဒရိအဂ္ဂိသိခ အရဝါဠ သစ္စက က အမ္ဗဋ္ဌတွင် လုလင်မာဏဝ ပေါက္ခရနှင့် သောဏဒဏ္ဍ ကူဋဒဏ္ဍာ အာဠဝက ခရလောမိ သုစိလောမာ ဗြဟ္မာဗက ဤသို့စသည် ရိုင်းပြခက်မာ သတ္တဝါကို သုံးဖြာသရဏဂုမ် ငါးစုံသီလာ တည်စေကာလျှင် ဖြူစွာတရား တည်သူအားလည်း ထက် ဖျားချွန်မဂ် ဖိုလ်သို့တက်အောင် အချက်ကျကျ နည်းစုံပြ လျှက် ဆုံးမတတ်စွာ ဤကြောင်းခြာကြောင့်လည်း၊ ပုရိသ ဒမ္မသာရထိ-ပုရိသဒမ္မသာရထိမည်တော်မူ၏။

---

၂။ နာနတ္တကာယ ဧကတ္တသညီ ပထမဈာန်သုံးဘုံ၊ အပါယ် ၄ဘုံ၊ (ဋီကာဆရာတို့ပြိတ္တာကို ၄ ၌ သွင်းကြ၏၊)
၃။ ဧကတ္တကာယဧကတ္တသညီ-တတိယဈာန်၃၊စတုတ္ထဈာန်၆ဘုံ
၄။ နာနတ္တကာယ နာနတ္တသညီ ကာမသုဂတိ ၇ ဘုံ၊
၅ ၆ ၇။ အရူပ အောက်သုံးဘုံ (ဝိညာဏဋ္ဌိတိ ၇ ဘုံ)၊
၈။ အသညသတ်၊
၉။ နေဝသညာ နာသညာ ပေါင်း ...ဘုံကိုး၀။

ဘဝကြီးကိုးပါးကား သီးခြားတည်း။

(ဇ)သော်ဘဂဝါ....သ့်၊ ဣတိပိဣမိနာစကာရဏေန-တထက်ဝယ်ဖြင့် ရှစ်သွယ်အရပ် သမာပတ်သို့ ငြိကပ်မရှိ ပြေးစွမ်းတိအောင် ကြဉ်းဆောင်နည်းပြ ဆုံးမတော်မူ အတူမဲ့ကင်း ဤကြောင်းခြင်းကြောင့်လည်း၊ အနုတ္တရောပု ရိသ ဒမ္မသာ ရထိ- အနုတ္တရောပုရိသဒမ္မသာရထိမည်တော်မူ၏။

၈ (က) သောဘဂဝါ....သ့်၊ဣတိပိ ဣမိနာစကာရဏေန-သတ္တဝါဟော် ယာဉ်မှူးကျော်လျှင် ဖေါ်လှော်ငယ်သား နောက်ပါများကို ရေရှားဘေးခ ကန္တာရမှခေမမြေငူ ထုတ်ကယ်ယူသို့ ထို့လူတစ် ခဲရင်းဘိသည့် ဇာတိ,ဇရာ မရဏာ-ဟု ကန္တာရကြမ်း ခရီးလမ်းမှ ရွှေနန်းမြေငူ ပြည်နိဗ္ဗူ သို့ နုတ်လူပြဟ္မာ သတ္တဝါကို ဆောင်ကာယူတတ် ဤသကတ်ကြောင့်လည်း၊ ဒေဝမနုဿာနံ- ဥုးမည်းဥုးဖြူ နတ်နှင့်လူတို့၏၊ သတ္ထာ- ဆရာဖြစ်တော်မူ၏ ဝါသတ္ထာဒေဝမနုဿာနံ- သတ္ထာဒေဝမနုဿာနံမည်တော်မူ၏။

(ခ) သောဘဂဝါ ..ည်၊ဣတိပိဣမိနာစ ကာရဏေန-မျက်မှောက်တမလွန် နိဗ္ဗာဏ်ဟူထ ပရမတ္ထအကျိုး ဤသုံးမျိုးဖြင့်အကျိုးအမြိုက် ရယူထိုက်သည့် အလိုက်ညီစွာ သတ္တဝါကြောင့်လည်း၊ သတ္ထာဒေဝမနုဿာနံ-သတ္ထာဒေဝ မနုဿာနံ မည်တော်မူ၏။

၆၌ "ရှစ်သွယ်အရပ် သမာပတ်"ဟူသည် ရူပါဝစရဈာန် ၄ ပါး အရူပါဝစရဈာန် ၄ ပါး ပေါင်းသမာပတ် ၈ ပါးတည်း။

၉/၈ (က) သောဘဂဝါ....သို့၊ ဣတိပိ ဣမိနာစ ကာရဏေန-ဝိမောက္ခန္တိက ဉာဏ်တော်ဇာဖြင့် ဥယျငါးဖြာ မဟာ သမုဒ္ဒ ကြွင်းရမထင် ထဲလင်းစင်အောင် သိမြင်တတ်ရှောင်း ဤအကြောင်းကြောင့်လည်း၊ ပုဒ္ဓေါ- ဗုဒ္ဓမည်တော်မူ၏။

(ခ) သောဘဂဝါ....သို့၊ ဣတိပိဣမိနာစကာရဏေန- သစ္စာ လေးဆိုင် မြတ်ပန်းခိုင်ကို ကိုယ်တိုင်သိပေ မျှား ဝေနေကို သိစေတတ်ရှောင်း ဤအကြောင်းကြောင့်လည်း၊ ဗုဒ္ဓေါ-ဗုဒ္ဓမည်တော်မူ၏။

၁၁/၉ (က) သော ဘဂဝါ....သို့၊ ဣတိပိ ဣမိနာစ ကာရဏေန-ဣဿရိယ သိရီ,ကာမ ဓမ္မ,ယသ ပယတ္တ·ဟု ခြောက်ဝဘုန်းဂုဏ် အလုံးစုံနှင့် ကုံလုံပြည့်ဝ, (ခ)မဂ် ဖိုလ်စသည့် ဓမ္မရတနာ အရိယာကို ထင်စွာပိုင်းခြား အဖို့ အားဖြင့် ဟောထားဝေဖန်,(ဂ)တထန်ထပ်လောင်း ရွက် ဟောင်းကျခြွေ ရွက်သစ်ဝေသည့် အောင်မြေရဂုံ တော ရိပ်မြုံကို နိတုံအမြဲ မှီဝဲတော်ပေ, (ဃ)မရေတွက်နိုင် ဖြိုင် ဖြိုင်သွင်သွင် မြစ်ရေလျှဉ်သို့ လေးအင်ပစ္စယ ဖို့ဘာဂရှင်, (င) ထို့ပြင်အတ္ထ ရသစသည် ထူးလည်သောင်းသောင်း တရားပေါင်းကို နည်းကောင်းပြည့်နှံ ခွဲဝေဖန်တတ် (စ)မြဲ ဆည်းကပ်လျက်, (ဆ) လေးမြတ်ပိုလ်လူ ကျောက်တီးတူ

သမ္မာသမ္ဗုဒ္ဓေါတိ ဉာမိနာ သင်္ခေပတော ဝိတ္ထာရတောစ သတ္ထု
စတုသစ္စာဘိသမ္ဗောဓော ဂုဏော၊ ဗုဒ္ဓေါတိ ပန ဉာမိနာ တ
ဒညဿာပိ ဉေယျဿာဝဗောဓော၊ ပုရိမေန ဝါ သတ္ထု ပတိ
ဝေဓညာနာနုဘာဝေါ ပစ္ဆိမေန ဒေသနာညာနာနုဘာဝေါ။

သည့်, (ဇ) နှစ်ဆူသံသာ ပစ္စုပ်မှာလည်း ချမ်းသာကြီး ကြောင်ကောင်းမှုပါရမီ ပြည့်စုံညီ၍, (ဈ) ထူးလည်ကွဲပြား နည်းအများဖြင့် ပိုင်းခြားထပ်ထပ် ပွားစေအပ်ဘိ သဘော ရှိထ, (ည) ဘဝ ဆုံးကမ်း နိဗ္ဗာဏ်နန်းသို့ စွဲလမ်းအာရုံ ရောက်ပြီးတုံသား ဤကြောင်းလျှားကြောင့်လည်း၊ ဘဂဝါ-ဘဂဝါမည်တော်မူ၏။

(၄) သောဘဂဝါ....သုံ၊ ဣတိပိဣမိနာစကာရဏေန-လောဘ,ဒေါသ မောဟ, ဝိပရီ အဟိရီက နောတပ္ပနှင့် ကောဓ,ဥပနာ မက္ခာ,ပဠာသ ဣဿာစသည် ရေဆတွက် ကိန်း အသိန်းမက များလှတုံစွာ ကိလေသာကို လေးဖြာ မြိုက်မဂ် စိတ်သန်လျက်ဖြင့် ချိုးဖျက်ပြီးထ, (၅) ဒိဗ္ဗဗြဟ္မာ အရိယာဟု ဝိဟာသုံးထွေ သုံးဝိဝေက ဝိမောက္ခကြို ဥတ္တရိမနုဿ ဓမ္မ-ဟူအပ် တရားမြတ်ကို ဆည်းကပ်အားထား, (၃) ဘုံသုံးပါး၌ စီးသွားသွင်သွင် တဏှာလျဉ်ကို မဂ်စဉ်ခံတွင်း ဖြင့်မချွင်းပဲ ဆေးကျင်းထွေးအန် ပြည်နိဗ္ဗာဏ်သို့ ဖြောင့်မှန်သွားတတ် ဤသကတ်ကြောင့်လည်း၊ ဘဂဝါ-

ဘဂီ ဘဇီ ဘာဂီ ဝိဘတ္တဝါ ဣတိ,
အကာသိ ဘဂ္ဂန္တိ ဂရုတိ ဘာဂျဝါ၊
ဗဟူဟိ ဉာယေဟိ သုဘာဝိ တတ္တနော,
ဘဝန္တဂေါ သော ဘဂဝါ တိ ဝုစ္စတိ,

ဘာဂျဝါ ဘဂ္ဂဝါ ယုတ္တော, ဘဂေဟိစ ဝိဘတ္တဝါ၊
ဘတ္တဝါ ဝန္တဂမနော, ဘဝေသု ဘဂဝါ ကတော။
ဘာဂဝါ ဘတဝါ ဘာဂေ, ဘာဂေစ ဝနိ ဘတ္တဝါ၊
ဘာဂေ ဝမိ တထာဘာဂေ, ဝမိတိ ဘဂဝါ ဇိနော။

ဘဂဝါမည်တော်မူ၏။

(ဎ) သောဘဂဝါ... သို့၊ ဉာတိပိဋကမိနာစကာရဏောနု-
တပါးသူနှင့် မတူထူးချွန် ကဲလွန်သီလ ဥာန် သမာဓိ ဝိမုတ္တိ
နှင့် ဝိမုတ္တိဒသ် ဟိရောတ္တပ္ပါ သဒ္ဓါ၊ ဝီရိယ သတိစသည် ရေ
ဆချင့်နိုင်း အတိုင်းမသိ ဆုံးမရှိသည့် နိရတိသယ ဂုဏာဘာ
ဝါ ကြွေငြာထင်ပေါ် ကျေးဇူးတော်နှင့် အဟော်ယှဉ်ထ,
(ဏ) နိယတဗျာ ခံယူခါမှ စ၍အထူး စုဆည်းပူးအပ် ဆယ်
ရပ်ပါရမီ ငါးလီစာဂ သဂ္ဂဟာတ္ထ၊ လေးခုအဓိဋ္ဌာ သုံးဖြာ
စရိယ စသည်အပြား ဗရားဖြစ်ကြောင်း တရားကောင်းတို့
စုပေါင်းညီလတ်,(တ)မပြတ်နေ့ရေ ဝင်စားပေသည့် ကုဋေ
ဂဏန်း နှစ်သန်းလေးသိန်း တွက်ကိန်းများမြတ် သမာပတ်
အစု, (ထ) စက္ခုစသွာ ဇရာ,မရဏ အဆုံးကျလေ ပရိဒေဝ
ယျာ ပဟာတဗ္ဗ သတ္တကနှင့် မဂ္ဂဘာဝနာ လေးဖြာအတို
နှစ်မြို့မပြတ် မိုဝဲတတ်-ဟု, (ဒ)ဘယ်သို့ပြုက ဝိနေယျာ၌ မဇ္ဈိ
များစွာ တည်ပါမည်နည်း သနားသည်း၍ ယံနည်းခစားတ
ပည့်များ၏ စည်ကားဖွံ့ဖြိုး မြတ်ကောင်းကျိုးကို မြော်ကိုးမ
ပြတ် သောင့်တ တတ်ရှောင်း ဤအကြောင်းကြောင့်လည်း၊
ဘဂဝါ-ဘဂဝါ မည်တော်မူ၏။

---

အမှာ။ ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ၁၂ ပါးကို အနုလုံ, ပဋိလုံ အဆန် အစုန် ဆင်ခြင်တော်မူသည့်အခါ တပါးတပါးတို့၏ ရှေ့၌ ဖလသမာပတ္တိဝီထိပေါင်း ကုဋေတသိန်းစီ ဝင်စားသဖြင့် ကုဋေ တသန်းလေးသိန်း ဖြစ်သည်။ ဤလည်း နိယတသမာပတ်သာတည်း။ အနိယမအားဖြင့် ဗုဒ္ဓကိစ္စငါးပါးမှ အားလပ်ခွင့်ရတိုင်း မရေမတွက်နိုင် ဝင်စားသည်။

ဧဝံ နဝဟိဂုဏေဟိ- ဤသို့ဖေါ်ပြ အရဟာဘာ အစလာသည့်ကိုးဖြာသော ဂုဏ်တော်အပေါင်းတို့ဖြင့်၊ လောကမှီ-ဘဝဂ်ဆုံးဆောင် ဘုံသုံးဆောင်၌၊ ကိတ္တိဗျာပိတံ- သိမ့်သိမ့်တုန်ခတ် ပဲ့တင်ထပ်မျှ နှံ့စပ်ကျော်စောခြင်း ရှိတော်မူထသော၊ အတုလံ-အသာဓာရဏ သီလစသည် အနန္တဟူ သတင်းဖြူ၍ ပြိုင်တုသူ ရှိတော်မမူထသော၊ ဓမ္မရာဇာနံ-တရားသဖြင့် ထွတ်ဖျားစင်စစ် မင်းဆုံးဖြစ်တော်မူသော မြတ်စွာဗုရားကို၊ တီဟိ- ကာယညွတ်ချိ ဝစီ,မန သုံးဒွါတို့ဖြင့်၊ အာဒရံ-ရို သေစွာ၊ ဝန္ဒာမိ- ဘယ,လာဘ ကုလကြဉ်ဝေးသံသာဘေးမှ လွတ်ရေးရည်မြော် ကျေးဇူးတော်ကို ချီငေါ်မြတ်နိုးလက်စုံမိုး၍ ရှိခိုးပါ၏ဗုရား။

—⟡⟡—

ဗုရားဂုဏ်တော်ပွါးကျိုး။

(၁)ကိလေမနှောင့် (၂)စိတ်စင်းဖြောင့်၏ (၃)ဘုန်းခေါင့်ရှိသ (၄)သဒ္ဓါခွေ၍ (၅)နှစ်ထွေပီတိ (၆)သည်းခံချိ၏ (၇)စေတီပုံလား (၈)ဗုရားနှင့်နေ (၉) ထင်ပေဟိရောတ် (၁၀)စိတ်ညွှတ်ချစ်ရှင် (၁၁)မဂ်စဉ်မပွား နတ်ရွာလားသည် ဗုရားဂုဏ်တော်ပွားကျိုးတည်း။

—⟡⟡—

ဗရားဂုဏ်တော် ၉ ပါးအကျဥ်းချုပ်။

၁။ သော ဘဂဝါ ဣတိပိ အရဟံ-လူမင်း,နတ်မင်း,ဗြဟ္မာမင်းတို့ ဝတ်စင်းကော်ရေဉ် ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဗရား မြတ်စွာဗရား။

၂။ သောဘဂဝါဣတိပိသမ္မာသမ္ဗုဒ္ဓေါမဖေါက်မပြန်ကိုယ်တော်တိုင် သစ္စာလေးပါးကို သိတော်မူသော မြတ်စွာဗရား

၃။ သော ဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏသမ္ပန္နော-ဝိဇ္ဇာ ၃ ပါး ဝိဇ္ဇာ ၈ ပါး စရဏ ၁၅ ပါးတို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဗရား မြတ်စွာဗရား။

၄။ သော ဘဂဝါ ဣတိပိ သုဂတော- ရှေးဗရားတို့အတူကောင်းစွာ ကြွလာတော်မူ၍ ကောင်းသော နိဗ္ဗာဏ်သို့ကောင်းစွာရောက်တော်မူသော မြတ်စွာဗရားမြတ်စွာဗရား။

၅။ သောဘဂဝါဣတိပိလောကဝိဒူ-သတ္တ,ဩကာသသင်္ခါရဟူသော လောကသုံးပါးကို သိတော်မူသော မြတ်စွာဗရား။

၆။ သော ဘဂဝါ ဣတိပိ အနုတ္တရော ပုရိသဒမ္မသာရထိ-မယဉ်ကျေးသော သူတို့ကို လိမ္မာယဉ်ကျေးအောင် အတုမရှိဆုံးမတော်မူသော မြတ်စွာဗရား မြတ်စွာဗရား။

၇။ သော ဘဂဝါ ဣတိပိ သတ္ထာဒေဝမနုဿာနံ- နတ်လူတို့၏ ဆရာဖြစ်တော်မူသော မြတ်စွာဗရား မြတ်စွာဗရား။

၈။ သော ဘဂဝါ ဣတိပိ ဗုဒ္ဓေါ-ဥေယျခံတရားငါးပါးကို ပိုင်းခြားသိပေ သိစေတော်မူသော မြတ်စွာဗရား။

၉။ သောဘဂဝါ ဣတိပိ ဘဂဝါ-ဘုန်းတော် ခြောက်စုံနှင့်ပြည့်စုံတော်မူသော မြတ်စွာဗရား မြတ်စွာဗရား။

## တရားဂုဏ်တော် ၆ ပါး။

၁။ သွာက္ခာတော ဘဂဝတာ ဓမ္မော,
၂။ သန္ဒိဋ္ဌိကော ဓမ္မော,
၃။ အကာလိကော ဓမ္မော,
၄။ ဧဟိပဿိကော ဓမ္မော,
၅။ ဩပနေယျိကော ဓမ္မော,
၆။ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ ဓမ္မော။

ဣစ္စေဝံ သဟိ ဂုဏေဟိ, ပါကဋံ ဇိနပူဇိတံ၊
သမ္ပတ္တိ ဒါယကံ ဓမ္မံ, နမာမိ တီဟိ အာဒရံ။

အပရိမေယျသု-ဤရွှေ့ဤမျှ ဂဏန်းချ၍ နိုင်းဆခြင်း ငှာ မတတ်ရာကုန်သော -လ- ယောဘဂဝါ-အကြင်သဗ္ဗညု မြတ်စွာဘုရားသည်၊ အတ္တိ ဝိဇ္ဇတိ-ထင်ရှားရှိတော်မူ၏၊တေန ဘဂဝတာ-ဣဿရိယ စသည်ခြောက်ဖေါ် ရှေ့ဘုန်းတော် သခင် ထိုဘုရားရှင်သည်....

(၁) ဓမ္မော- ပရိယတ်နှင့်တကွ ဆယ်ပါးသောတရား တော်ကို၊ သွာက္ခာတော-စ,လယ်,ဆုံးအား သုံးပါးကောင်းလို ပြည့်စုံပုဒ်နက် လောင်းစွက်ပယ်ဘွယ် မိပ္ပါယ်နက်ကင်း သန့် ရှင်းပြည့်ဖြိုး ကြောင်းကျိုးဖြောင့်မှန် နိဗ္ဗာန်ပတိပဒ် စပ်

ဟပ်သင့်ရှောင်း တည့်မစောင်းပေ မဋ္ဌေပတိပဒ် ပဿဒ်ကိလေသာ သဿတာမတ ဟုတ်မှန်လှ၍ ရွေးမျှသွေလှန် မဖေါက်ပြန်ပဲ ကောင်းမွန်စွာ ဟောတော်မူအပ်၏။

(၂) ဓမ္မော-လောကုတ္တရာတရား ကိုးပါးသည်၊ သန္ဒိဋ္ဌိကော- ရာဂါဒိကာ ကိလေသာကို ပယ်ခွါတွန်းလှန် မဂ္ဂင်နှင့် ရှစ်တန်အရိယာ ကိုယ်တိုင်သာလျှင် သဒ္ဒါယုံမှတ် ရှုမြင်အပ်၏ ရွှေရပ်သံပုဒ် ပသတ်ထုတ်၍ သမ္မယုတ္တ ကာရကာနှင့် ဝိသယဝါ ဉာဏ်ပညာဖြင့် ကိလေသာမာရ် ကိုယ်တွင်းရန်ကို တွန်းလှန်နှိမ်နင်း ပယ်ခွင်းအောင်မြင် ရှုမြင်မှသာ ဝင်နှစ်ရာ၍ ဘာဝနာသန္ဒိဋ္ဌိက ဘိသမယ-ဟု ဉာဏ်နှစ်ခုဖြင့် ရှုခြင်းငှါ ထိုက်ပေ၏။

(၃) ဓမ္မော-မဂ်လေးပါးတရားသည်၊ အကာလိကော-ငါးရက်ခုနှစ်ရက် စသည်တက်၍ ငံ့လျက်ရှည်ဝေး ကျိုးပေးမငဲ့အခြားမဲ့လျှင်းယှဉ်စပ်ချဉ်း၍အကျိုးပေးခြင်းကာလရှိ၏။

(၄) ဓမ္မော- လောကုတ္တရာတရား ကိုးပါးသည်၊ ဧဟိပဿိကော- ဝေဟာ ဝါက်ထွန်း ယုဂန် စွန်းနိုက် လဝန်းအလား ပတ္တမြားသဖွယ်ဖြစ်၍ စင်ကြယ်ထင်ရှား ဤတရားကို လာ:လာ:ရှုလိုက် စီရင်ခြင်းကို ထိုက်ပေ၏။

(၅) ဓမ္မော- လောကုတ္တရာတရား ကိုးပါးသည်၊ ဩပနေယျိကော- ပုဆိုးဥဿျောင် မီးလောင်ရဲရဲ မသတ်ပဲလည်း စိတ်ထဲဆောင်လင့် ဖြစ်စေသင့်၏ စိတ်ဖြင့်ဆောင်ထိုက်သိမ်းပိုက်ထိုက်သူ များဖိုလ်လူကို နိဗ္ဗူဆောင်တတ် သန္ဒိဋ္ဌကတ်သို့

ဆောင်အပ်ဆောင်သင့်ပေ၏။

(၆) ဓမ္မော–ကိုးပါးသောလောကုတ္တရာ တရားကို၊ ဝါ ကိုးပါးသောလောကုတ္တရာတရားသည်၊ ဝိညူဟိ–ဥဃ္ဃဋိတဉ် ဝိပဉ္စိ နေယျ လေးသစ္စကို ကျနမြင်သိ ပညာရှိတို့သည်၊ ပစ္စတ္တံ–အသီးအသီး မိမိစိတ်၌၊ ဝေဒိတဗ္ဗော– သိအပ်ရှုအပ် ခံစားအပ်၏၊ ဝါ–ခံစားအပ်သော တရားပေတည်း။

ဣစ္စေဝံ–ဤသို့၊ဆယ်ဟိဂုဏော ဟိ–သင်္ကေတတာအစလာသည့် ခြောက်ဖြာသောဂုဏ်တော်အပေါင်းတို့ဖြင့်၊ ပါကဋံ–နေလ အလား လူသုံးပါး၌ ထင်ရှားပေါ်လွင်ထသော၊ဇိနပ္ပဇိတံ– ပဉ္စမာရဇိန် ငါးမာရ်နှိမ်သည့် မုနိန်သကျာဇောမြတ်စွာသည် သေဝနာမြဲ နည်းနှစ်ကွဲဖြင့် မှီဝဲပူဇော်အပ်ထသော၊ သမ္ပတ္တိ ဒါယကံ– လူနတ်နိဗ္ဗာန် သုံးတန်ကြီးမား စည်းစိမ်အားကို မြောက်စားလက်ရ ပေးတတ်ထသော၊ ဓမ္မံ–မဂ်ဖိုလ်နိဗ္ဗာန် ဓမ္မက္ခန်အား ဆယ်တရားကို၊ တီဟိ– ကာယညွှတ်ချိ ဝစီမန သုံးဒွါရတို့ဖြင့်။ အာဒရံ–ရိုသေစွာ၊ နမာမိ–ဘယလာဘ ကု လကြဉ်ဝေးသံသာဘေးမှ လွတ်ရေးရည်မြှော် ကျေးဇူးတော် ကို ချီငေါ်မြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ဗရား။

## သံဃာဂုဏ်တော် ၉ ပါး။

၁။ သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော,
၂။ ဥဇုပ္ပဋိပန္နော .... ....
၃။ ဉာယပ္ပဋိပန္နော .... ....
၄။ သာမီစိပ္ပဋိပန္နော.... ....
ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌပုရိသ ပုဂ္ဂလာ
ဧသ ဘဂဝတော သာဝက သံဃော
၅။ အာဟုနေယျော .... ....
၆။ ပါဟုနေယျော .... ...
၇။ ဒက္ခိဏေယျော .... ....
၈။ အဉ္ဇလိကရဏီယော ...
၉။ အနုတ္တရံ ပုညက္ခေတ္တံ လောကဿ။

ဧဝံ နဝဟိ ဂုဏေဟိ, လောကမှိ ဝိဿုတံ ဂဏံ၊
အနေက ဂုဏ သမ္ပန္နံ, ဝန္ဒာမိ တိဟိ အာဒရံ။

အပရိမေယျသူ-ဉာဏ်ရွှေ ဉာဏ်မျှ ဂဏန်းချ၍ နှိုင်းဆခြင်းငှာ မတတ်ရာကုန်သော-လ-ယောဘဂဝါ- အကြင်သဗ္ဗညု မြတ်စွာဗုဒ္ဓဘုရားသည်၊အတ္တဝိဇ္ဇာတိ-ထင်ရှားရှိတော်မူ၏၊ တဿ ဘဂဝတော- ဣဿရိယ စသည်ခြောက်ဖော် ရွှေဘုန်းတော်သခင် ထိုဘုရားရှင်၏....

(၁) သာဝကသံဃော- ဆုံးမသံကို ကျိုးနွံတုပ်ဝပ် နာခံတတ်စွာ အရိယာ ရှစ်ယောက်တို့၏ အပေါင်းသည်၊ သုပ္ပတိပန္နော- မဖေါက်မပြန် ဆုတ်လှန်မနစ် လျော်စွာဖြစ်သော စင်စစ်လျောက်ပတ် ဗျူပ္ပတ်အလာ သကတ္ထာကြောင့် သမ္မာသုဌ၊ ဥဇုဉာယ သာမိစိဖြစ်သင့် မဂ်အကျင့်ကို ကောင်းစွာ ကျင့်တော်မူတတ်ပေ၏။

(၂) ဥဇုပ္ပတိပန္နော- မာယာ သာဌေယျ စသည့်အကောက် ပယ်ဖြတ်တောက်၍ မကောက်ဖြောင့်မတ် ကျင့်တော်မူဘတတ်ပေ၏။

(၃) ဉာယပ္ပတိပန္နော ပဆန်္နသင့်တန် မြိုက်နိဗ္ဗာန်နှင့် လျော်ကန်စွာ ကျင့်တော်မူဘတတ်ပေ၏။

(၄) သာမိစိပ္ပတိပန္နော- လျောက်ပတ်စွာ ကျင့်တော်မူတတ်ပေ၏။ (နောက်သုံးပုဒ်သည် သုပ္ပတိပန္န၏အဖွင့်)

(တနည်း)

(၁) သုပ္ပတိပန္နော-ဆုံးမတိုင်းသာ ကောင်းစွာမချွတ် ကျင့်တော်မူတတ်ပေ၏။

(၂) ဥဇုပ္ပတိပန္နော- အန္တဒွယာ ပါပကသို့ မကျမကပ် ကောက်သုံးရပ်နှင့် မစပ်မတွယ် အလယ်အလတ် ဖြောင့်မတ်စွာ ကျင့်တော်မူတတ်ပေ၏၊

(၃) ဉာယပ္ပတိပန္နော- ပဆိုးဥသျှောင် မီးလောင်ရဲရဲ မသတ်ပဲလည်း ခဲထိုက်ကေန် ငြိမ်းရာမှန်သော နိဗ္ဗာန်အလို့

ဌာ ကျင့်တော်မူတတ်ပေ၏။

(၄) သာမိစိပ္ပတိ ပန္နော- ချီးမွမ်းသမှု သူတို့ပြုသည့် ပစ္စုပ္ပန္နာ စသည်ပြားဘိ သာမိစိကံ လျှော်ထိုက်တန်အောင် ကျင့်ဆောင်တော်မူတတ်ပေ၏။

စတ္တာရိ-လေးပါးကုန်သော၊ ယဒိဒံ ယာနိဣမာနိပုရိသ ယုဂါနိ-အကြင်ယောကျ်ားမြတ် ပုဂ္ဂိုလ်အစုံတို့သည်၊ အဋ္ဌ- ရှစ်ယောက်ကုန်သော၊ ယဒိဒံ ယေဣမေ ပုရိသပုဂ္ဂလာ-အ ကြင် အသီးသီးသော ယောကျ်ားမြတ် ပုဂ္ဂိုလ်တို့သည်၊ သန္တိ-ရှိကုန်၏။၊ဘဂဝတော-ဣသရိယ စသည့်ခြောက်ဖေါ် ရွှေဘုန်းတော်သခင် ဗုဒ္ဓ ရှင်၏။ သေဧသော သာဝကသံ ဃော- ဤအစုံအားဖြင့် လေးပါး အသီးအားဖြင့် ရှစ်ပါး သော တပည့်သား သံဃာတော်မြတ်သည်....

(၅) အာဟုနေယျော- အဝေးမှယူ ဆောင်၍မူလည်း ကြည်ဖြူလေးမြတ် ပူဇော်အပ်သော ပစ္စည်းလေးရပ်ကို ခံ တော်မူထိုက်ပေ၏။

(၆) ပါဟုနေယျော- ဧည့်ရပ်ဒိသာ ဆိုရောက်လာ သည့် ဉာတကာ,ဗန္ဓု၊ အာဂန္တုအား ရည်၍ထားသော ထူး ပြားကောင်းမြတ် ဒါနဝတ်ကို ပယ်လတ်ထိုသူ ပေးလှူသင့် ပေခံသင့်ပေ၏။

(၇) ဒက္ခိနေယျော-သတ္တဝါတို့ ချမ်းသာပွားကြောင်း ကောင်းစွာကြည်ဖြူ ကပ်သောအလှူကို ခံတော်မူထိုက်ပေ၏၊

(ဂ) အဥ္စလိကရဏီယော-ကောင်းကျိုးလိုလျှက် လက်နှစ်ဖက်ကို တိပ်ထက်ချီမိုး ရှိခိုးခြင်း၏ တည်ရာပေတည်း။

(ဃ) လောကဿ- ဗြဟ္မာနတ်လူ သုံးဘုံသူ၏၊ အနုတ္တရံ-အတုမရှိ မြတ်ခေါင်ထိသော၊ ပုညက္ခေတ္တံ- ကောင်းမှုမျိုး၏ စိုက်ပျိုးပေါက်ပွား ဖွံ့ထွားစည်ပင်ရာ လယ်ယာမြေကောင်းအတူ ဖြစ်တော်မူ၏။

ဧဝံ-ဤသို့၊ နဝဟိဂုဏေဟိ- သုပ္ပတိပန္န စသည်အပြားဂုဏ်ကိုးပါးတို့ဖြင့်၊ လောကမှိ- ဘဝဂ်ဆုံးအောင် ဘုံသုံးဆောင်၌၊ ဝိဿုတံ-ကြေငြာထင်ရှားထသော၊ အနေကဂုဏသမ္ပန္နံ-လေးရပ်သမ္ဘိ ခြောက်လည်အဘိညာ ရှစ်ဖြာသမာပတ်စသော များမြတ်သော ကျေးဇူးနှင့် ပြည့်စုံထသော၊ ဂဏံ- ရှစ်ပါးအရိယာ သံဃာတော်မြတ် အပေါင်းကို၊ တီဟိ-ကာယဉ္စတ်ချီ ဝစီမန သုံးဒွါရတို့ဖြင့်၊ အာဒရံ-ရိုသေစွာ၊ ဝန္ဒာမိ- ဘယလာဘ ကုလကြဉ်ဝေး သံသာဘေးမှ လွှဘ်ရေးရည်မြှော် ကျေးဇူးတော်ကို ချီပေါ်မြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ဗရား ...။

## သဒ္ဒါရေးမူမှန်

## သမ္ဗုဒ္ဓေဂါထာတော်ကြီး

သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ, ဒွါဒသဉ္စ သဟဿကေ၊
ပဉ္စသတ သဟဿာနိ, နမာမိ သိရသာ မဟံ။
တေသံ ဓမ္မဉ္စ သံဃဉ္စ, အာဒရေန နမာမဟံ၊
နမက္ကာရာ·နုဘာဝေန, ဟုတွာ သဗ္ဗေဉပဒ္ဒဝါ၊
အနေကေ အန္တရာယာပိ, ဝိနဿန္တု အသေသတော။

အဋ္ဌဝီသံစ-နှစ်ကျိပ်ရှစ်ဆူရင်းဖြစ်သော၊ ဒွါဒသသဟဿကေံစ-တသောင်းနှစ်ထောင်ရင်း ဖြစ်ကုန်သော၊ ပဉ္စသတံ သဟဿာနိ- ငါးသိန်းရင်း ဖြစ်ကုန်သော၊ သမ္ဗုဒ္ဓေ- မြတ်စွာဗုဒ္ဓရားတို့ကို၊ အဟံ-ငါသည်၊ သိရသာ-ဉုးဖြင့်၊ နမာမိ-ဂုဏ်တော်ကို ရိုကျိုး၍ ညွှတ်လျှိုးဉုးတင်ပါ၏၊ တေသံ-ထို(၅၁၂၀၂၈)ဆူသော မြတ်စွာဗုဒ္ဓရားတို့၏၊ ဓမ္မဉ္စ-တရားတော်ကိုရင်း၊ သံဃဉ္စ- သံဃာတော်မြတ်ကိုရင်း၊ အာဒရေန-ရိုသေသဖြင့်၊ အဟံ-ငါသည်၊ နမာမိ-ရှိခိုးပါ၏။

နမက္ကာရာ·နုဘာဝေန- ပဏာမစေတနာ၏ အာနုဘော်သည်၊ ဟုတွာ-ဖျက်ဆီးအပ်ကုန်သော၊ သဗ္ဗေ-အလုံးစုံကုန်သော၊ ဉပဒ္ဒဝါ-ဘေးဉပါဒ်တို့သည်ရင်း၊ အနေကေ- များစွာကုန်သော၊ အန္တရာယာပိ-အန္တရာတို့သည်ရင်း၊ အသေသတော- အကြွင်းမဲ့အားဖြင့်၊ ဝိနဿန္တု- ပျောက်လွင့်ကုန်စေသတည်း။

---

အဋ္ဌဝီသံစ,ဒွါဒသံစ,ဓမ္မံစ,သံဃံစဟု သေးသေးတင် နိဂ္ဂဟိတ်သံနှင့် ရွတ်ဖတ်ပါ၊ သို့မှ ပို၍ သိဒ္ဓိမြောက် အကျိုးရောက်နိုင်ပေမည်။

# ကလျာဏပုထုဇဉ်လုပ်နည်း

နမော တဿ ဘဂဝတော အရဟတော
သမ္မာ သမ္ဗုဒ္ဓဿ။

၁။ ဒုဝေ ပုထုဇ္ဇနာ ဝုတ္တာ,
ဗုဒ္ဓေနာ·ဒိစ္စ ဗန္ဓုနာ၊
အန္ဓော ပုထုဇ္ဇနော ဧကော,
ကလျာဏေ·ကော ပုထုဇ္ဇနော၊

၂။ မယာ တုမှံ ကာရုညေန,
ဩဝါဒံ သမ္မာ ဒဿိတံ၊
သာဝေဝါ တံ သမာဒါယ
ကလျာဏာ ဟောန္တု သာသနေ။

(၁) အန္ဓော-သားငှက်တိရိစ္ဆာန် သာမန်သေးမွှား အညံ့စားသတ္တဝါတို့ပင်ဖြစ်သော်လဲ သိမြင်စွမ်းနိုင် လက်ကိုင်ရရှိနေကြတဲ့ ဝမ်းတွင်းပါမျက်စိ ကိုယ်စီကိုယ်ငရှိကြပါသော်လဲ ခန္ဓာစသည် နားမလည်က မသိကွယ်ပ အကာထားဟူ၍ ဆိုရသော၊ ဧကောဝုထုဇ္ဇနော-အရိယာသခင် သူတော်စင် သူတော်မြတ်ကြီးတို့မှ တသီးတခြား ကွဲပြားရှောင်သွေ များကိုလေကိုတထွေထွေတသွင်သွင် မြစ်အယဉ်ရေစီးအကဲ့သို့ တဒိးဒိးသာ ဘယ်ခါမလတ် ဖြစ်စေတတ်သော အန္ဓပုထုဇဉ် မျက်မမြင်တမျိုးရင်း,

ကလျာဏော- မျက်လုံးနှစ်ဖက် ချိုးပျက်ကွယ်ပ ဝမ်းတွင်းကာဏ်းပင် ဖြစ်ရသော်လဲ ခန္ဓာစသည် သိနားလည်က မသိမမှုံ ဉာန်ရောင်စုံတောက်ပ မျက်လုံးကောင်းဆိုရသော၊ ဧကောပုထုဇ္ဇနော-အရိယာသခင် သူတော်စင်သူတော်မြတ်ကြီးတို့မှ တသီးတခြား ကွဲပြားရှောင်သွေ မျှားကိုလေကို တထွေထွေတသွင်သွင် မြစ်အယဉ်ရေစီးသကဲ့သို့ တဒိးဒိးသာ ဘယ်ခါမလပ် ဖြစ်စေတတ်သော်လဲ အရိယာသခင် အရှင်မြတ်ကြီးဘဝ မကြာမီရောက်ရ၍ မဂ္ဂဉာန်ရောင်ထိန်ထိန်ပြောင်ထွန်းတောက်မည့် ကလျာဏပုထုဇဉ်မျက်စိမြင်တယောက်ရင်း၊

ဣတိ-ဤသို့သီးသီး ပြဆိုအပ်ပြီးသောအတိုင်း၊ ဒုဝေ-နှစ်မျိုးနှစ်စား ခြားနားကွဲပြားကုန်သော၊ပုထုဇ္ဇနာ-ပုထုဇဉ်တို့ကို၊ အာဒိစ္စဗန္ဓုနာ-ရောင်ခြည်တထောင် ဂုဏ်အရောင်ဖြင့် လူ့ဘောင်သွန်းဝင်း နေမင်း၏အဆွေ ဖြစ်တော်မူထသော၊ ဗုဒ္ဓေန- သုံးခလာကမျက်ဖျော် ဗရားကိုယ်တော်မြတ်သည်၊ ဝုတ္တော-သတ်မှတ်ပိုင်းခြား ဟောထားတော်မူအပ်ကုန်သတည်း။

(၂) သာခဝေါ- ဆုံးမစကား နားပန်ထားသည့် တရားလိုဟောင်း အို တပည့်သူတော်ကောင်းတို့၊ တုမှာကံ-သင်တို့အား၊ ကာရုညေန- သနားငဲ့ညှာ မေတ္တာကရုဏာတရားဖြင့်၊ မယာ-ငါသည်၊ သမ္မာဒသ္သိတံ- ကောင်းမွန်ကျန ဖေါ်ပြအပ်သော၊ တံသြဝါဒံ- ကဗျာလင်္ကာ ဒေသနာနှင့် ဂါထာဗန္ဓ ထိုထိုသြဝါဒကို၊ သမာဒါယ- လေးမြတ်

ကြည်ဖြူ နတ်ပန်းတူသို့ သင်ယူကျက်မှတ် မပြတ်သိမ်းပိုက် ကြကုန်လျက်၊ သာသနေ- တွေ့ခဲလှစွာ ဗရားသာသနာ တော်၌၊ ကလျာဏော-ခန္ဓာစသည် သိနားလည်၍ ဂုဏ် ရည်တောက်ပ အရိယဂိုဏ်းဝင် ကလျာဏပုထုဇဉ် သူတော် ကောင်းတို့သည်၊ ဟောန္တု- နေ့ညအတွင်း ခုချက်ခြင်းပင် မယွင်းမှန်စွာ ဖြစ်ကြပါကုန်စေသတည်း။

ဝမ်းတွင်းပေါ မျက်စိရှိသော်လည်း ပရမတ်မျက်စိ မရှိ၍ ခန္ဓာစသည်ကို မသိ,မတတ်က အကောဏ်းဟူ၍သာ ဆိုအပ် သောကြောင့် အန္ဓပုထုဇဉ်အဖြစ်မှ ကလျာဏပုထုဇဉ်မျက် စိမြင်အဖြစ်သို့ ရောက်အောင် လုပ်နည်းကို အကျဉ်းအား ဖြင့် ရေးသားဖေါ်ပြ ဆုံးမပေအံ့။ နှုတ်ရကျက်၍ ညနံနက် ရွတ်အံ့စဉ်းစား ဗရားသားတော်,သွီးတော်စေ်ကလျာဏပုထု ဇဉ်အရိယာဂိုဏ်းဝင် ဖြစ်ကြပါစေသော်။

အချီးနိဒါန်း ပြီး၏။

—⊰⊱—

ဝိသုဒ္ဓါရုံနိသ္သယည်း

# ကလျာဏပုထုဇဉ်လုပ်နည်း

ဝိသုဒ္ဓါရုံ ထေရုံဝန္ဒေ, ဝိသုဒ္ဓါရုံ ပမာပကံ၊
ဝိသုဒ္ဓါရုံ ဥာနီယေန, ဝိသုဒ္ဓါရုံ ၃တာဂမံ၊

## ခန္ဓာ ၅ ခဏ်း။

"ခန္ဓာအပြား ဘယ်နှစ်ပါး ဗရားဟောပါသနည်း"

(၁) ရူပက္ခန္ဓာ
(၂) ဝေဒနာက္ခန္ဓာ,
(၃) သညာက္ခန္ဓာ,
(၄) သင်္ခါရက္ခန္ဓာ,
(၅) ဝိညာဏက္ခန္ဓာ-အားဖြင့် ငါးပါးဖြစ်ပါသည်။

ရုပ်, ဝေဒနာ သညာ,သင်္ခါရ ဝိညာဏ ဟောပြငါးခန္ဓာ။
လောကီရုပ်,နာမ် ပဉ္စက္ခန် ငါးတန်ဥပါဒါ။

"ရူပက္ခန္ဓာ ခေါ်ဆိုရာ သညာဘယ်သို့နည်း"

(၁)ပထဝီ (၂)အာပေါ (၃) တေဇော (၄)ဝါယော ဟူသော မဟာဘုတ်တရား ဓာတ်ကြီးလေးပါး,

(၁) စက္ခု၊ (၂) သောတ (၃)ဃာန·(၄)ဇိဝှာ (၅)ကာယ-ဟူသော အတွင်းအဇ္ဈတ္တိက ပသာဒရုပ်ငါးပါး,

(၁)ရူပ (၂)သဒ္ဒ (၃)ဂန္ဓ (၄)ရသ (၅-၆-၇)ဖေါဋ္ဌဗ္ဗ

ဟူသော အပြင် ဗာဟိယ ဂေါစရရုပ် ခုနစ်ပါး၊

(၁) ဣတ္ထိဘော,
(၂) ပုမ္ဘော ဟူသော ဘာဝရုပ် နှစ်ပါး။

ဟဒယရုပ် တပါး,
ဇီဝိတရုပ် တပါး,
အာဟာရရုပ်တပါးအားဖြင့်ပေါင်းနိပ္ဖန္နရုပ်၁၈ပါး

(၁) ကာယဝိညတ်,
(၂) ဝစီဝိညတ်-ဟူသော ဝိညတ်ရုပ် နှစ်ပါး၊
(၃) လဟုတာ, (၄) မုဒုတာ, (၅) ကမ္မညတာ-ဟူသော ဝိကာရရုပ် ငါးပါး။

(၁) ဥပစယ,(၂)သန္တတိ,(၃)ဇရတာ, (၄)အနိစ္စတာ ဟူသော လက္ခဏရုပ်လေးပါးအားဖြင့် အနိပ္ဖန္နရုပ် ၁၀ ပါး။

အာလုံးပေါင်း ရုပ်တရား နှစ်ဆဲ့ရှစ်ပါးကို ဖေါက်ပြန်တတ်မှု အပေါင်းအစုဖြစ်သောကြောင့် ...ရူပက္ခန္ဓာဟု ခေါ်ပါသည်။

ဖေါက်မြန်တတ်မှု ရုပ်အစုံ မှတ်ရူရုပက္ခန်။
ရေမြှုပ်အလား နှစ်မှဲငြား ရှုစားကြိမ်ဖန်ဖန်။

"ဝေဒနက္ခန္ဓာ ခေါ်ဆိုရာ သညာဘယ်သို့နည်း"

သုခဝေဒနာ, ဒုက္ခဝေဒနာ, ဥပေက္ခာဝေဒနာ-ဟူသော ဝေဒနာစေတသိက်ကို ခံစားတတ်မှု အပေါင်းအစုဖြစ်သော ကြောင့်....ဝေဒနက္ခန္ဓာ-ဟု ခေါ်ပါသည်။

ခံစားတတ်မှု ဝေဒနာစု မှတ်ရှုဝေဒနက္ခန်။
ရေပွက်အလား ဖြစ်ပျက်ပြား ရှုစားကြိမ်ဖန်ဖန်။

"သညက္ခန္ဓာ ခေါ်ဆိုရာ သညာဘယ်သို့နည်း"

သညာစေတသိက်ကို အမှတ်ပြုမှု အပေါင်းအစုဖြစ်သော ကြောင့် သညက္ခန္ဓာ-ဟု ခေါ်ပါသည်။

မှတ်သားတတ်မှု သညာစု မှတ်ရှုသညက္ခန်။
တံလျှပ်အလား လှည့်ပတ်ပြား ရှုစားကြိမ်ဖန်ဖန်။

"သင်္ခါရက္ခန္ဓာ ခေါ်ဆိုရာ သညာဘယ်သို့နည်း"

၁။ တွေ့ထိခြင်း- ဖဿ,
၂။ ခံစားခြင်း- ဝေဒနာ,
၃။ မှတ်သားခြင်း-သညာ,
၄။ စေ့ဆော်ခြင်း- စေတနာ,
၅။ တည်ကြည်ခြင်း- ဧကဂ္ဂတာ,
၆။ စောင့်ရှောက်ခြင်း-ဇီဝိတိန္ဒြေ,
၇။ နှလုံးသွင်းခြင်း-မနသိကာရအားဖြင့် သဗ္ဗစိတ္တ သာဓာရဏ စေတသိက် ၇ ပါး။

၁။ ကြံစည်ခြင်း- ဝိတက်,
၂။ သုံးသတ်ခြင်း- ဝိစာရ,
၃။ ဆုံးဖြတ်ခြင်း-အဓိမောက္ခ,
၄။ အားထုတ်ခြင်း-ဝီရိယ,
၅။ နှစ်သက်ခြင်း- ပီတိ,

၆။ ပြုလိုခြင်း-ဆန္ဒ ...အားဖြင့်ပကိဏ်းစေတသိက် ၆ပါး။ နှစ်ရပ်ပေါင်းသော် အညသမာန်းစေတသိက်၁၃ပါး

၁။ မသိခြင်း-မောဟ,

၂။ မရှက်ခြင်း-အဟိရိက,

၃။ မကြောက်ခြင်း-အနောတ္တပ္ပ,

၄။ ပျံ့လွင့်ခြင်း-ဥဒ္ဓစ္စ အားဖြင့် သဗ္ဗာ·ကုသလ သာ ဓာရဏ မောစတုက် လေးပါး။

၁။ လိုချင်တပ်မက်ခြင်း-လောဘ,

၂။ အမြင်မှားခြင်း-ဒိဋ္ဌိ,

၃။ ထောင်လွှားခြင်း-မာန အားဖြင့် လောဘမူဥ္ဇ သာ ယှဉ်သော လောတိက် သုံးပါး။

၁။ ကြမ်းတန်းပစ်မှားခြင်း-ဒေါသ,

၂။ မနာလိုခြင်း-ဣဿာ,

၃။ ဝန်တိုလျှို့ဝှက်ခြင်း-မစ္ဆရိယ,

၄။ နောင်တပူပန်ခြင်း-ကုက္ကုစ္စအားဖြင့် ဒေါသမူဥ္ဇ သာ ယှဉ်သော ဒေါစတုက် လေးပါး။

၁။ စိတ်လေးထိုင်းခြင်း-ထိန,

၂။ စေတသိက်လေးထိုင်းခြင်း-မိဒ္ဓအားဖြင့် ထိဒုက် နှစ်ပါး။

၁။ ယုံမှားခြင်း-ဝိစိကိစ္ဆာ တပါးအားဖြင့် အကု သိုလ်စေတသိက် ၁၄ ပါး။

၁။ ယုံကြည်ခြင်း-သဒ္ဓါ,

၂။ အောက်မေ့ခြင်း-သတိ,

၃။ ရှက်ခြင်း-ဟိရီ,
၄၊ ကြောက်ခြင်း-ဩတ္တပ္ပ,
၅။ မလိုချင် မတပ်မက်ခြင်း-အလောဘ,
၆။ မကြမ်းတန်း မပြစ်မှားခြင်း-အဒေါသ,
၇။ လျစ်လျူရှုခြင်း-တတြမဇ္ဈတ္တာ,
၈။ စေတသိက်တို့၏ ငြိမ်းအေးခြင်း-ကာယပဿဒ္ဓိ,
၉။ စိတ်တို့၏ ငြိမ်းအေးခြင်း-စိတ္တပဿဒ္ဓိ,
၁၀။ စေတသိက်တို့၏ ပေါ့ပါးခြင်း-ကာယလဟုတာ,
၁၁။ စိတ်တို့၏ ပေါ့ပါးခြင်း-စိတ္တလဟုတာ,
၁၂။ စေတသိက်တို့၏နူးညံ့ခြင်း-ကာယမုဒုတာ,
၁၃။ စိတ်တို့၏နူးညံ့ခြင်း-စိတ္တမုဒုတာ,
၁၄။ စေတသိက်တို့၏အမှုဉ်ခံ့ကြမ်းခြင်း-
ကာယကမ္မညတာ,
၁၅။ စိတ်တို့၏ အမှုဉ် ခံ့ကြမ်းခြင်း-စိတ္တကမ္မညတာ,
၁၆။ စေတသိက်တို့၏လေ့လာစွမ်းနိုင်ခြင်း-
ကာယပါဂုညတာ,
၁၇။ စိတ်တို့၏လေ့လာစွမ်းနိုင်ခြင်း-စိတ္တပါဂုညတာ
၁၈။ စေတသိက်တို့၏ဖြောင့်မတ်ခြင်း-
ကာယုဇုကတာ,
၁၉။ စိတ်တို့၏ ဖြောင့်မတ်ခြင်း-စိတ္တုဇုကတာ အားဖြင့် သောဘနသာဓာရဏ စေတသိက် ၁၉ ပါး။

၁။ ဝစီဒုစ္စရိတ် ၄ ပါးမှ ရှောင်ကြဉ်ခြင်း-
သမ္မာဝါစာ,

၂။ ကာယဒုစ္စရိတ် ၃ ပါးမှ ရှောင်ကြဉ်ခြင်း
သမ္မာကမ္မန္တ,
၃။ အသက်မွေးမှုဖြင့် ပြုအပ်သော ဒုစ္စရိတ် ၇ ပါးတို့မှ
ရှောင်ကြဉ်ခြင်း သမ္မာအာဇီဝ
အားဖြင့် ဝိရတီစေတသိက် ၃ ပါး။

၁။ သနားခြင်း- ကရုဏာ,
၂။ ဝမ်းမြောက်ခြင်း- မုဒိတာ အားဖြင့် အပ္ပမညာ
စေတသိက် ၂ ပါး။

၁။ သိခြင်း- ပညာ ဟူသော ပညိန္ဒြေစေတသိက်
အားဖြင့် သောဘနစေတသိက် ၂၅ ပါး။

အညသမာန်း+သောဘန+အကုသလရာသိ- အားလုံး ညီသောအားဖြင့် ၅၂ ပါးသော စေတသိက်တို့တွင် ဝေဒနာ, သညာမှတပါး စေတသိက်တရား ၅၀ ကို ခြယ်လှယ်ပြုပြင် စီရင်စေ့ဆော်သမှု အပေါင်းအစုဖြစ်သောကြောင့်....သင်္ခါရက္ခန္ဓာ-ဟု ခေါ်ပါသည်။

စေ့ဆော်တတ်မှု စေတသိက်စု မှတ်ရှုသင်္ခါရက္ခန်။
ငှက်ပျောထုံးသွင် နှစ်မဲ့အင် ရှုမြင်ကြိမ်ဖန်ဖန်။

—⊰⊱—

"ဝိညာဏက္ခန္ဓာ ခေါ်ဆိုရာ သညာဘယ်သို့နည်း"

၁။ သောမနဿ သဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ်
အသင်္ခါရိကစိတ်တခု,
၂။ .... .... သသင်္ခါရိကစိတ်တခု,

၃။ သောမနဿ သဟဂုတ် ဋ္ဌိဒိဂတဝိပ္ပယုတ်
အသင်္ခါရိကစိတ်တခု,
၄။ .... .... သသင်္ခါရိကစိတ်တခု,
၅။ ဥပေက္ခာ သဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ်
အသင်္ခါရိကစိတ်တခု,
၆။ .... .... သသင်္ခါရိကစိတ်တခု,
၇။ ဥပေက္ခာ သဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ်
အသင်္ခါရိကစိတ်တခု,
၈။ .... .... သသင်္ခါရိက စိတ်တခု
အားဖြင့် လောဘမူစိတ် ရှစ်ပါး။

၁။ ဒေါမနဿ သဟဂုတ် ပဋိဃသမ္ပယုတ်
အသင်္ခါရိကစိတ်တခု,
၂။ .... .... သသင်္ခါရိကစိတ်တခု,
အားဖြင့် ဒေါသမူစိတ် နှပါး။

၁။ ဥပေက္ခာသဟဂုတ်ဝိစိကိစ္ဆာသမ္ပယုတ်စိတ်တခု,
၂။ .... ဥဒ္ဓစ္စသမ္ပယုတ်စိတ်တခု
အားဖြင့် မောဟမူစိတ် နှစ်ပါး။

ပေါင်း အကုသိုလ်စိတ် တဆဲ့နှစ်ပါး။

၁။ ဥပေက္ခာ သဟဂုတ် စက္ခုဝိညာဉ်စိတ်တခု,
၂။ .... သောတဝိညာဉ်စိတ်တခု,
၃။ .... ဃာနဝိညာဉ်စိတ်တခု,
၄။ ... ဇိဝှာဝိညာဉ်စိတ်တခု,
၅။ ဒုက္ခ သဟဂုတ် ကာယဝိညာဉ်စိတ်တခု,

၆။ ဥပေက္ခာ သဟဂုတ် သမ္ပဋိစ္ဆန်းစိတ်တခု,
၇။ .... သန္တီရဏစိတ်တခု အားဖြင့်
အကုသလဝိပါက် ၇ ပါး။

၁။ ဥပေက္ခာ သဟဂုတ် စက္ခုဝိညာဉ်စိတ်တခု,
၂။ .... သောတဝိညာဉ်စိတ်တခု,
၃။ .... ဃာနဝိညာဉ်စိတ်တခု,
၄။ ... ဇိဝှာဝိညာဉ်စိတ်တခု,
၅။ သုခသဟဂုတ် ကာယဝိညာဉ်စိတ်တခု,
၆။ ဥပေက္ခာ သဟဂုတ် သမ္ပဋိစ္ဆန်းစိတ်တခု,
၇။ သောမနဿ သဟဂုတ် သန္တီရဏစိတ်တခု,
၈။ ဥပေက္ခာ သဟဂုတ် သန္တီရဏစိတ်တခု အား
ဖြင့် အဟိတ် ကုသလဝိပါက် ၈ ပါး။

၁။ ဥပေက္ခာ သဟဂုတ် ပဥ္စဒွါရာဝဇ္ဇန်းစိတ်တခု,
၂။ .... မနောဒွါရာဝဇ္ဇန်းစိတ်တခု,
၃။ သောမနဿ သဟဂုတ် ဟသိတုပ္ပါဒ်စိတ်တခု
အားဖြင့် အဟိတ်ကြိယာစိတ် ၃ ပါး။

ပေါင်း အဟိတ်စိတ် ၁၈ ပါး။

အကုသိုလ်နှင့် အဟိတ်ကို ပေါင်း၍ အသောဘနစိတ်
သုံးဆယ်။

၁။ သောမနဿ သဟဂုတ် ဉာဏသမ္ပယုတ်
အသင်္ခါရိကစိတ်တခု,
၂။ .... .... သသင်္ခါရိကစိတ်တခု,

၃။ သောမနဿ သဟဂုတ် ဉာနဝိပ္ပယုတ်
အသင်္ခါရိကစိတ်တခု,
၄။ .... .... သသင်္ခါရိကစိတ်တခု,
၅။ ဥပေက္ခာ သဟဂုတ် ဉာနသမ္ပယုတ်
အသင်္ခါရိကစိတ်တခု,
၆။ .... .... သသင်္ခါရိကစိတ်တခု,
၇။ ဥပေက္ခာ သဟဂုတ် ဉာနဝိပ္ပယုတ်
အသင်္ခါရိကစိတ်တခု,
၈။ .... .... သသင်္ခါရိက စိတ်တခု

အားဖြင့် မဟာကုသိုလ်စိတ် ရှစ်ပါး, မဟာဝိပါက်စိတ် ရှစ်ပါး, မဟာကြိယာစိတ် ရှစ်ပါး။

**ပေါင်း ကာမသောဘနစိတ် နှစ်ဆဲ့လေးပါး။**

အသောဘနနှင့် ကာမသောဘန ပေါင်း၍ ကာမစိတ် ငါးဆဲ့လေးပါး။

၁။ ဝိတက် ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ- ဟူသော ဈာန်အင်္ဂါ ငါးပါးရှိသော ပထမဈာန်စိတ်တခု,
၂။ ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ-ဟူသော ဈာန်အင်္ဂါ လေးပါးရှိသော ဒုတိယဈာန်စိတ်တခု,
၃။ ပီတိ သုခ ဧကဂ္ဂတာ-ဟူသော ဈာန်အင်္ဂါ သုံးပါး ရှိသော တတိယဈာန်စိတ်တခု,
၄။ သုခ ဧကဂ္ဂတာ-ဟူသော ဈာန်အင်္ဂါနှစ်ပါးရှိသော စတုတ္ထဈာန်စိတ်တခု,
၅။ ဥပေက္ခာ ဧကဂ္ဂတာ-ဟူသော ဈာန်အင်္ဂါနှစ်ပါးရှိ

သော ပဥ္စမဈာန်စိတ်တခု....အားဖြင့် ရူပကုသိုလ် စိတ် ငါပါး, ရူပဝိပါက်စိတ် ငါးပါး, ရူပကြိယာစိတ်ငါးပါး

ပေါင်း ရူပါဝစရစိတ် ၁၅ ပါး။

၁။ အာကာသာနဉ္စာယတနဈာန်စိတ်တခု,

၂။ ဝိညာနဉ္စာယတန ဈာန်စိတ်တခု,

၃။ အာကိဉ္စညာယတနဈာန်စိတ်တခု,

၄။ နေဝသညာ နာသညာယတန ဈာန်စိတ်တခုအား ဖြင့် -အရူပကုသိုလ်စိတ် လေးပါး, အရူပဝိပါက်စိတ် လေး ပါး, အရူပကြိယာစိတ် လေးပါး။

ပေါင်း အရူပါဝစရစိတ် ၁၂ ပါး။

ရူပါဝစရ+အရူပါဝစရ နှစ်ပါးပေါင်း၍ မဟဂ္ဂုတ်စိတ် နှစ်ဆဲ့ခုနစ်ပါး။

ကာမ+မဟဂ္ဂုတ် ပေါင်း၍ လောကီစိတ် ရှစ်ဆဲ့တစ်။

၁။ သောတာပတ္တိ မဂ်စိတ်တခု,

၂။ သကဒါဂါမိ မဂ်စိတ်တခု,

၃။ အနာဂါမိ မဂ်စိတ်တခု,

၄။ အရဟတ္တ မဂ်စိတ်တခုအားဖြင့် မဂ်စိတ် ၄ ပါး။

၁။ သောတာပတ္တိ ဖိုလ်စိတ်တခု,

၂။ သကဒါဂါမိ ဖိုလ်စိတ်တခု,

၃။ အနာဂါမိ ဖိုလ်စိတ်တခု,

၄။ အရဟတ္တဖိုလ်စိတ်တခုအားဖြင့် ဖိုလ်စိတ် ၄ ပါး။

ပေါင်း လောကုတ္တရာစိတ် အကျဉ်း ၈ ပါး။

လောကီနှင့်လောကုတ္တရာပေါင်း၍ စိတ်အကျဉ်း၈၉ပါး။

၁။ ဝိတက် ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ- ဟူသော ဈာန်အင်္ဂါ ငါးပါးရှိသော ပထမဈာန်စိတ်တခု,
၂။ ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ-ဟူသော ဈာန်အင်္ဂါ လေးပါးရှိသော ဒုတိယဈာန်စိတ်တခု,
၃။ ပီတိ သုခ ဧကဂ္ဂတာ-ဟူသော ဈာန်အင်္ဂါသုံးပါး ရှိသော တတိယဈာန်စိတ်တခု,
၄။ သုခ ဧကဂ္ဂတာ-ဟူသော ဈာန်အင်္ဂါနှစ်ပါးရှိသော စတုတ္ထဈာန်စိတ်တခု,
၅။ ဥပေက္ခာ ဧကဂ္ဂတာ-ဟူသော ဈာန်အင်္ဂါ နှစ်ပါးရှိသော ပဉ္စမဈာန်စိတ်တခုအားဖြင့် သောတာပတ္တိမဂ်စိတ် ၅ ပါး+သကဒါဂါမိ မဂ်စိတ် ၅ ပါး+အနာဂါမိမဂ်စိတ် ၅ပါး+အရဟတ္တမဂ်စိတ် ၅ပါး ပေါင်း မဂ်စိတ် ၂၀။

ဤနည်းတူ ဖိုလ်စိတ် ၂၀။

## ပေါင်း လောကုတ္တရာစိတ်အကျယ် ၄၀။

လောကီနှင့် လောကုတ္တရာ အကျယ်ပေါင်း၍ စိတ် အကျယ် တရာ့နှစ်ဆဲ့တပါး။

ဤသို့....ပြဆိုအပ်ပြီးသော စိတ်အကျဉ်း တခုယုတ် ကိုးဆယ် အကျယ်တရာ့နှစ်ဆဲ့တပါးကို အထူးသိမှု အပေါင်း အစုဖြစ်သောကြောင့် ဝိညာဏက္ခန္ဓာ-ဟု ခေါ်ပါသည်။

အထူးသိမှု စိတ်အစု မှတ်ရှုဝိညာဏ်။
မျက်လှည့်အသွင် လိမ်လည်အင် ရှုမြင်ကြိမ်ဖန်ဖန်။

ခန္ဓာ လေးပါး ပြီးပြီ။

"အာယတနအပြား ဘယ်နှစ်ပါး ဗရားဟောပါသနည်း"

၁။ စက္ခာယတန,

၂။ သောတာယတန,

၃။ ဃာနာယတန,

၄။ ဇိဝှာယတန,

၅။ ကာယာယတန,

၆။ မနာယတန-ဟူသော အဇ္ဈတ္တိက အာယတန ခြောက်ပါး။

၁။ ရူပါယတန,

၂။ သဒ္ဒါယတန,

၃။ ဂန္ဓာယတန,

၄။ ရသာယတန,

၅။ ဖောဋ္ဌဗ္ဗာယတန,

၆။ ဓမ္မာယတန- ဟူသော ဗာဟိယ အာယတန ခြောက်ပါးအားဖြင့် အာယတန ၁၂ ပါး အပြားရှိပါသည်။

"စက္ခာဒိကာ ခေါ်ဆိုရာ သညာဘယ်သို့နည်း"

ရူပက္ခန္ဓာ၌ ဖေါ်ပြအပ်ပြီးသော ရုပ် ၂၈ ပါးတွင်....
မျက်စိအကြည်ဟူသော စက္ခုပသာဒကို စက္ခာယတန,
နားအကြည်ဟူသောသောတပသာဒကိုသောတာယတန,
နှာခေါင်းအကြည်ဟူသောဃာနပသာဒကိုဃာနာယတန,
လျှာအကြည်ဟူသော ဇိဝှာပသာဒကို ဇိဝှာယတန,
ကိုယ်အကြည်ဟူသော ကာယပသာဒကို ကာယာယတန,

စိတ်တခုယုတ် ၉၀ အကျယ် ၁၂၁ ပါးကို မနာယတန,
အဆင်း-ရူပါရုံ ဟူသမျှကို ရူပါယတန,
အသံ-သဒ္ဒါရုံ ဟူသမျှကို သဒ္ဒါယတန,
အနံ့-ဂန္ဓာရုံ ဟူသမျှကို ဂန္ဓာယတန,
အရသာ-ရသာရုံ ဟူသမျှကို ရသာယတန,
ပထဝီ တေဇော ဝါယော- ဟူသော အတွေ့အထိ
ဖောဋ္ဌဗ္ဗာရုံကို ဖောဋ္ဌဗ္ဗာယတန,
ပြဆိုအပ်ပြီးသော အာယတနတို့၌ ပါဝင်သော သြဠာရိက ရုပ် ၁၂ ပါး, သုခုမရုပ် ၁၆ ပါး, စေတသိက် ၅၂ ပါး, နိဗ္ဗာန်တရားကို ဓမ္မာယတန-ဟု မှတ်သားရပါသည်။

စက္ခု, သောတ ဃာန, ဇိဝှါ ကာယာ, မန ၆ခြောက်ဝ မှတ်ကြအဇ္ဈတ္တာ။
ရူပ,သဒ္ဒ ဂန္ဓ,ရသ ဖောဋ္ဌဗ္ဗ ဓမ္မ-ဗာဟိယာ။
အဇ္ဈတ်ခြောက်လုံး ရွာဆိုးကုန်း ပုံနှုန်းမှတ်စရာ။
ဗာဟိယာယတန ကြွင်းခြောက်ဝကို ဒါးမြဗိုလ်ကြီး ပမာမှီး တနည်းမှတ်စရာ။

ရှည်မြင့်သံသာ ကာလကြာအောင် ဆွဲဆောင်ချိတတ် သည့် နှစ်ရပ် ခေါ်မှတ်အာယတနာ။

စက္ခာဒိက ခြောက်ဌါရမှ ပြင်ပသူခိုး အာရုံဆိုးတို့ ငှံ့ပျိုး ဝင်လျှောက် အတွင်းရောက်က လက်ထောက်ချထား တွင်းခိုး သားနှင့် စကားဆုံစီး ပေါင်းမိပြီး၍ ပစ္စည်းထွက်မြတ် ကု သိုလ်ဓာတ်ကို ဖွင့်လှပ်ယူငင် ပြောင်ပြောင်စင်သည် တွင်းပြင် သူခိုးမစောင့်သော်။

အာယတန ၁၂ ပါး ပြီးပြီ။

"ခါတ်အပြားကား ဘယ်နှစ်ပါး ဗရားဟောပါသနည်း"

၁။ စက္ခုခါတ်,
၂။ သောတခါတ်,
၃။ ဃာနခါတ်,
၄။ ဇိဝှာခါတ်,
၅။ ကာယခါတ်,
၆။ မနောခါတ်အားဖြင့် အခံခါတ် ခြောက်ပါး။

၁။ ရူပခါတ်,
၂။ သဒ္ဒခါတ်,
၃။ ဂန္ဓခါတ်,
၄။ ရသခါတ်,
၅။ ဖေါဋ္ဌဗ္ဗခါတ်,
၆။ ဓမ္မခါတ်အားဖြင့် အတိုက်ခါတ် ခြောက်ပါး။

၁။ စက္ခုဝိညာနခါတ်,
၂။ သောတဝိညာနခါတ်,
၃။ ဃာနဝိညာနခါတ်,
၄။ ဇိဝှာဝိညာနခါတ်,
၅။ ကာယဝိညာနခါတ်,
၆။ မနောဝိညာနခါတ်အားဖြင့်အပေါ်ခါတ်ခြောက်ပါး။ ပေါင်း တဆဲ့ရှစ်ပါးအပြားရှိပါသည်။

"ခါတ်ဆဲ့ရှစ်ဖြာ ခေါ်ဆိုရာ သညာဘယ်သို့နည်း"

စိတ်တခုယုတ် ကိုးဆယ်တို့တွင်....

စက္ခုဝိညာဉ်ဒုက်ကို- စက္ခုဝိညာနခေါတ်
သောတဝိညာဉ်ဒုက်ကို- သောတဝိညာနခေါတ်
ဃာနဝိညာဉ်ဒုက်ကို- ဃာနဝိညာနခေါတ်
ဇိဝှာဝိညာဉ်ဒုက်ကို- ဇိဝှာဝိညာနခေါတ်
ကာယဝိညာဉ်ဒုက်ကို- ကာယဝိညာနခေါတ်
ပဉ္စဒွါရာဝဇ္ဇန်း သမ္ပဋိစ္ဆန်းဒုက်ကို- မနောခေါတ်
ကြွင်းသော စိတ် ၇၆ပါးကို- မနောဝိညာနခေါတ်

စက္ခုခေါတ်စသော ရုပ်ခေါတ် ဆယ်ပါးနှင့် ရုပ်,နာမ် ယော်သော ဓမ္မခေါတ်တို့ကို စက္ခာယတန စသည်နှင့် အတူ တူပင် မှတ်ယူခေါ်ဆိုရပါသည်။

တဆဲ့နှစ်ဝ အာယတနတွင် မနအာယတနာ တခုသာလျှင် ဝိညာနခေါတ် ခုနှစ်ရပ်ဖြစ် ပေါင်းတွက်စစ် ဆဲ့ရှစ်ခေါတ်သည်သာ။

စက္ခု,သောတ ဃာန,ဇိဝှာ ကာယာ,မန ဤခြောက်ဝ မှတ်ကြအခံခေါတ်။

ရူပ,သဒ္ဒ ဂန္ဓ,ရသ ဖေါဋ္ဌဗ္ဗနှင့် ဓမ္မဟူငြား ဤခြောက်ပါး မှတ်သားအတိုက်ခေါတ်။

စက္ခု,သောတ ဃာန, ဇိဝှာ ကာယာ, မနော ဝိညာဉ်နှော မှတ်ဓလာအပေါ်ခေါတ်။

ပုဂ္ဂိုလ်လိုရာ မလိုက်ပါဘဲ သူ့ဘာသာအား ဖြစ်တတ်ငြား မှတ်သားဆဲ့ရှစ်ခေါတ်။

ခေါတ် ၁၈ ပါး ပြီးပြီ။

"သစ္စာအပြား ဘယ်နှစ်ပါး ဗရားဟောပါသနည်း"

၁။ ဒုက္ခသစ္စာ,
၂။ သမုဒယသစ္စာ,
၃။ နိရောဓသစ္စာ,
၄။ မဂ္ဂသစ္စာ အားဖြင့် လေးပါးအပြားရှိပါသည်။

"လေးရပ်သစ္စာ ခေါ်ဆိုရာ သညာဘယ်သို့နည်း"

(၁) လောကီစိတ်ရှစ်ဆဲ့တပါး လောဘမှတပါး လောကီစေတသိက် ငါးဆဲ့တပါး ရုပ်နှစ်ဆဲ့ရှစ်ပါးကို ဒုက္ခသစ္စာ,
(၂) လောဘကို သမုဒယသစ္စာ,
(၃) နိဗ္ဗာန်ကို နိရောဓသစ္စာ,
(၄) သီလကုသိုလ် လောကုတ္တရာ ကုသိုလ်တို့၌ ပါဝင်သော သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယမ, သမ္မာသတိ, သမ္မာသမာဓိဟူသော မဂ္ဂင်ရှစ်ပါး, ဒါနကုသိုလ် ဘာဝနာကုသိုလ်တို့၌ ပါဝင်သော သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါယမ, သမ္မာသတိ, သမ္မာသမာဓိဟူသောမဂ္ဂင်ငါးပါးကို မဂ္ဂသစ္စာခေါ်ပါသည်။

ဒုက္ခ,သမုဒယ နိရောဓနှင့် မဂ္ဂသညာ ဤလေးဖြာ သစ္စာမြတ်တရား။

ပီဠန, သင်္ခတ သန္တာပ, ဝိပရိဏာမဟာ ဤလေးဖြာ မှတ်ပါဒုက္ခနက်။

အာယူဟန, နိဒါန သံယောဂ, ပလိဗောဓ ဤလေး၀ မှတ်ကြသမုဒယနက်။

နိဿရဏ ဝိဝေကနှင့် အသင်္ခတာ, မတ ဤလေးဝ မှတ်ကြနိရောဓနက်။

နိယျာန,တေတု မှတ်ရှုဒဿန မိပတေယျ မဂ္ဂလေး အနက်။

သစ္စာ ၄ ပါး ပြီးပြီ၊

"အဘယ်တရားကို ပရမတ် ခေါ်ဆိုပါသနည်း"

၁။ စိတ်,

၂။ စေတသိက်,

၃။ ရုပ်,

၄။ နိဗ္ဗာန်-ဤလေးတန်ကို ပရမတ်ခေါ်ဆိုပါသည်။

"အဘယ်တရားကို ပညတ် ခေါ်ဆိုပါသနည်း"

အထယ်ကိုယ် ရှာမရသော အနက်သဘောနှင့် အခေါ်အဝေါ်မျှဖြစ်သော စကားကို ပညတ် ခေါ်ပါသည်။

ရှိ, မရှိအား နှစ်ပါးကွဲလတ် ထည်ဒြပ်ကို မည်ခေါ်ဆို မြဲသိုပညတ်။

ပရမတ် ပညတ် ပြီးပြီ၊

"ဝိပလ္လာသအပြား ဘယ်နှစ်ပါး ဗရားဟောပါသနည်း"

၁။ အနိစ္စကို- နိစ္စ,

၂။ ဒုက္ခကို- သုခ,

၃။ အနတ္တကို-အတ္တ,

၄။ အသုဘကို သုဘ-ဟု အထင်မှားခြင်းအားဖြင့် လေးပါး ဖြစ်ပါသည်။

၎င်းလေးပါးကို သညာ,စိတ္တ,ဒိဋ္ဌိ သုံးပါးနှင့်မြှောက်ပွါး လျှင် တဆဲ့နှစ်ပါးဖြစ်ပါသည်။

အနိစ္စ,ဒုက္ခ အနတ္တနှင့် အသုဘအား ဤလေးပါး မှတ်သားသဘောမှန်။
နိစ္စ,သုခ အတ္တ,သုဘာ ထင်မှတ်ကာ သူငါယွင်းဖေါက်ပြန်။
သဉ္ဉ,စိတ်,ဒိဋ္ဌိ မြှောက်တုံဘိ ဖြစ်၏ဆဲ့နှစ်တန်။

'ထင်အောင်မှတ်မှား ဘယ်တရား ဖုံးထားကွယ်ကာသနည်း'

(၁) အနိစ္စကို အနိစ္စ-ဟု အမှန်မသိမြင်၊ နိစ္စ-ဟု မှတ် ထင်အောင် တခုပျက်လျှင် တခုဆက်၍ ဖြစ်သော ရုပ်နာမ် အစဉ် သန္တတိက ဖုံးထားပါသည်၊

(၂) ဒုက္ခကို ဒုက္ခ-ဟု အမှန်မသိမြင်၊ သုခ-ဟု မှတ် ထင်အောင် ဣရိယာပုထ် လေးပါးက ဖုံးထားပါသည်၊

(၃) အနတ္တကို အနတ္တ-ဟု အမှန် မသိမြင်၊ အတ္တ-ဟု ထင်မှတ်အောင် ကိုယ်ပုံကိုယ်ဟန် သဏ္ဍာန်ဃန အစိုင်အခဲ ပညတ်က ဖုံးထားပါသည်၊

(၄) အသုဘကို အသုဘ-ဟု အမှန် မသိမြင်၊ သုဘ-ဟု ထင်မှတ်အောင် ဖီးလိမ်းပြုပြင် အဆင်တန်ဆာက ဖုံး ထားပါသည်။

ရုပ်,နာမ်အစဉ် ပြုပြင်ဣရိယာ ခိုင်မာဃန လက္ခဏာရ လေးဝဖုံးအုပ်ကာ။

သညာဒိ ဝိပလ္လာသေဟိ,
ဥမ္မဇ္ဇန္တိ ပုထုဇ္ဇနာ၊
တေ ခမ္မေ သမ္မဒညာယ,
မောက္ခန္တိ တေဟိ ပဏ္ဍိတာ။

ပုထုဇ္ဇနာ- အန္ဓပုထုဇဉ် မျက်မမြင်သမားတို့သည်၊ သညာဒိဝိပလ္လာသေဟိ- သညာစသော အမှတ်မှားသည့် တဆဲ့နှစ်ပါးသော ဝိပလ္လာသ တရားတို့ကြောင့်၊ ဥမ္မဇ္ဇန္တိ- မရှက်တမ်း မကြောက်တမ်း သွက်ချာရမ်းအောင် ရူးနှမ်းကြလေကုန်၏၊ ပဏ္ဍိတာ- ပရမတ်မျက်စိ အမြင်ရှိသည့် အရိယာဂိုဏ်းဝင် ကလျာဏပုထုဇဉ် အမျိုးကောင်းသား သမီးတို့သည်၊ တေခမ္မေ- ထိုတဆဲ့နှစ်ပါး ဝိပလ္လာသတရားတို့ကို၊ သမ္မာ အညာယ- ဗရားသာသနာ ဆရာမှန် ဆရာကောင်း ခိုအောင်းဆည်းကပ် ကျက်မှတ်သင်နာ ကောင်းမှန်စွာ တတ်မြောက် သိမြင်ကြကုန်ပြီး၍၊ တေဟိ- ထိုရန့်ကြမ်းဆိုးဝါး မှောက်မှားကြီးကျယ် ဝိပလ္လာသနယ်ကြီးတို့မှ၊ မောက္ခန္တိ- အောင်မြေနင်း၍ လွတ်ကင်းကြလေကုန်သတည်း။

ဝိပလ္လာသ ၁၂ ပါး ပြီးပြီ။

---

"ဗောဓိပက္ခိယတရား ဘယ်နှစ်ပါး ဗရားဟောပါသနည်း"

သတိပဋ္ဌာန် လေးပါး,
သမ္မပ္ပဓာန် ဓလေးပါး,
ဣဒ္ဓိပါဒ် လေးပါး,
ဣန္ဒြေ ငါးပါး,
ဗိုလ် ငါးပါး,
ဗောဇ္ဈင် ခုနစ်ပါး,
မဂ္ဂင် ရှစ်ပါး-အားဖြင့် သုံးဆဲ့ခုနစ်ပါး အပြားရှိပါသည်။

သတိ,သမ္မ ဣဒ်,ဣန်,ဗ ဗောဇ္ဈ,မဂ္ဂင်တည်း။

## သတိပဋ္ဌာန် လေးပါး။

သတိပဋ္ဌာန်လေးပါး ဟူသည်ကား မှတ်သားဘယ်သို့နည်း

၁။ ကာယာနုပဿနာ သတိပဋ္ဌာန်,
၂။ ဝေဒနာနုပဿနာ သတိပဋ္ဌာန်,
၃။ စိတ္တာနုပဿနာ သတိပဋ္ဌာန်,
၄။ ဓမ္မာနုပဿနာ သတိပဋ္ဌာန်- အားဖြင့် လေးပါးဖြစ်ပါသည်။

ကာယာနုပဿနာသတိပဋ္ဌာန် ခေါ်ဆိုရန် နာမံဘယ်သို့နည်း

၁။ ကေသာ- ဆံပင်,
၂။ လောမာ-အမွေး,
၃။ နခါ-ခြေသည်းလက်သည်း,
၄။ ဒန္တာ- သွား,
၅။ တစော- အရေအားဖြင့် တစပဉ္စက ၅ ပါး။

၁။ မံသံ-အသား,
၂။ နှာရု-အကြော,
၃။ အဋ္ဌိ- အရိုး,
၄။ အဋ္ဌိမိဉ္ဇံ- ရိုးတွင်းခြင်ဆီ,
၅။ ဝက္ကံ- အညို့အားဖြင့် ဝက္ကပဉ္စက ၅ ပါး။
၁။ ဟဒယံ- နှလုံး,
၂။ ယကနံ- အသည်း,
၃။ ကိလောမကံ- အမြှေး,
၄။ ပိဟကံ- အပျဉ်,
၅။ ပပ္ဖါသံ-အဆုပ်အားဖြင့် ပပ္ဖါသပဉ္စက ၅ ပါး။
၁။ အန္တံ-အူမ,
၂။ အန္တဂုဏံ-အူသိမ်,
၃။ ဥဒရိယံ- အစာသစ်,
၄။ ကရီသံ-အစာဟောင်း,
၅ မတ္ထလုင်္ဂံ-ဦးနှောက်အားဖြင့် မတ္ထလုင်္ဂပဉ္စက ၅ ပါး။ ပေါင်း ပထဝီကောဋ္ဌာသ ပထဝီကာယ နှစ်ဆယ်။

၁။ ပိတ္တံ-သည်းခြေ,
၂။ သေမှံ-သလိပ်,
၃။ ပုဗ္ဗော-ပြည်,

၄။ လောဟိတံ-သွေး,

မဟာသတိပဋ္ဌာနသုတ် သတိပဋ္ဌာနဝိဘင်း စသော ဗျားဟော ပါဠိတော်များ၌ မတ္ထလုင်္ဂကောဋ္ဌာသ မပါ၊ ပဋိသမ္ဘိဒါမဂ်မှ ယူ၍ အဋ္ဌကထာဆရာ ထည့်တော်မူသည်။

၅။ သေဒေါ- ချွေး,
၆။ မေဒေါ- အဆီခဲအားဖြင့် မေဒဆက္က ၆ ပါး။
၁။ အဿု- မျက်ရည်,
၂။ ဝသာ- ဆီကြည်,
၃။ ခေဠော- တံတွေး,
၄။ သိင်္ဃာဏိကာ- နှပ်,
၅။ လသိကာ- အစေး,
၆။ မုတ္တံ- ကျင်ငယ်အားဖြင့် မုတ္တဆက္က ၆ ပါး။
ပေါင်း အာပေါကောဋ္ဌာသ အာပေါကာယ ၁၂ ပါး။

၁။ သန္တပ္ပန- တရက်ခြားဖျားစသော နွေးနွေးအပူ,
၂။ ဒဟန- ရက်ဆက်ဖျားစသော ပြင်းသောအပူ,
၃။ ဇိရဏ- ခန္ဓာကိုယ်ကိုရင့်အိုကြီးပွါးစေတတ်သော ကိုယ်ငွေ့,
၄။ ပါစက- အစာကို ကျက်ကျေ စေတတ်သော ဝမ်းမီးအားဖြင့် တေဇောကောဋ္ဌာ တေဇောကာယ ၄ ပါး။

၁။ ဥဒ္ဓင်္ဂမဝါတ- အထက်သို့ ဆန်သောလေ,
၂။ အဓောဂမဝါတ- အောက်သို့ စုန်သောလေ,
၃။ ကုစ္ဆိသယဝါတ- ဝမ်းတွင်း၌ တည်သောလေ,
၄။ ကောဋ္ဌာသယဝါတ- အူတွင်း၌ တည်သော်လေ,
၅။ အင်္ဂမင်္ဂါနုသာရိဝါတ- အင်္ဂါကြီးငယ်လျှောက် သောလေ,
၆။ အဿာသ ပဿာသဝါတ-ထွက်သက်ဝင်သက်လေ အားဖြင့် ဝါယောကောဋ္ဌာသ ဝါယောကာယ ၆ ပါး။

ဤသို့အားဖြင့် အမာခံဓာတ် လေးပါး အပြားလေးဆဲ့နှစ်ပါးသော ရုပ်ကိုယ်ကောင်သည် "ဤရုပ်ကိုယ်ကြီးသည် အကောင်အထယ် ရှာမရ၊ ဓာတ်တရား အစုအဝေးမျှသာ အနိစ္စ-ဒုက္ခ-အနတ္တပါတကား...."ဟု အဖန်ဖန်ရှုမြင် ဉာဏ်နှင့် တွဲယှဉ်သော သတိတရားကို ကာယာနုပဿနာ သတိပဋ္ဌာန် ခေါ်ပါသည်။

ဝေဒနာနုပဿနာသတိပဋ္ဌာန် ခေါ်ဆိုရန် နာမံဘယ်သို့နည်း

ဝေဒနက္ခန္ဓာ၌ ပြအပ်ပြီးသော ဝေဒနာ သုံးပါးတို့၌ "ဤဝေဒနာဟူသည် ခံစားခြင်း သဘောမျှသာ၊ ငါ့,သူတပါး ယောကျာ်း,မိန်းမ လူ,နတ်,ဗြဟ္မာ သတ္တာရှာမရ၊ အနိစ္စ ဒုက္ခ-အနတ္တပါတကား...."ဟု အဖန်ဖန်ရှုမြင် ဉာဏ်နှင့် တွဲယှဉ်သော သတိတရားကို ဝေဒနာနုပဿနာ သတိပဋ္ဌာန် ခေါ်ပါသည်။

"စိတ္တာနုပဿနာသတိပဋ္ဌာန် ခေါ်ဆိုရန် နာမံဘယ်သို့နည်း"

ဝိညာဏက္ခန္ဓာ၌ ပြအပ်ပြီးသော စိတ်တခုယုတ်ကိုးဆယ်တို့၌ "ဤစိတ်သည် လောဘမူစိတ် ဖြစ်၏၊ ဒေါသမူစိတ် ဖြစ်၏.... စသည်ဖြင့် ပိုင်းခြားဝေဘန် ဝိညာဉ် သဘောမျှ ဖြစ်သည်၊ ငါ့,သူတပါး ယောကျာ်း,မိန်းမ လူ,နတ်,ဗြဟ္မာ သတ္တာ ရှာမရ၊ အနိစ္စ-ဒုက္ခ-အနတ္တပါတကား...."ဟု အဖန်ဖန်ရှုမြင် ဉာဏ်နှင့် တွဲယှဉ်သော သတိတရားကို စိတ္တာနုပဿနာ သတိပဋ္ဌာန် ခေါ်ပါသည်။

"ဓမ္မာနုပဿနာသတိပဋ္ဌာန် ခေါ်ဆိုရန် နာမံဘယ်သို့နည်း"

ခန္ဓာ အာယတန ဓာတ်တရား-စသည်တို့၌ "ဤတရားသည် ခန္ဓာသာ ဟုတ်၏၊ အာယတနသာ ဟုတ်၏၊ ဓာတ်သာ ဟုတ်၏၊ ငါ၊ သူ၊ တပါး ယောက်ျား၊ မိန်းမ လူ၊ နတ်၊ ဗြဟ္မာ သတ္တွာ ရှာမရ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တပါတကား" ဟု အဖန်ဖန်ရှုမြင် ဉာဏ်နှင့် တွဲယှဉ်သော သတိတရားကို ဓမ္မာနုပဿနာ သတိပဋ္ဌာန် ခေါ်ပါသည်။

သတိပဋ္ဌာန်လေးပါး ဉာဏ်ယှဉ်ငြား တပါးသတိထား။

—⋄⋄—

## သမ္မပ္ပဓာန်လေးပါး။

"သမ္မပ္ပဓာန်လေးပါး ဟူသည်ကား မှတ်သားဘယ်သို့နည်း"

၁။ ဖြစ်ပြီးသော အကုသိုလ်တရားကို ပယ်ရှားရန် အားထုတ်ခြင်း- ဥပ္ပန္နပ္ပဟာနတပါး၊

၂။ မဖြစ်သေးသော အကုသိုလ်တရားကို မဖြစ်ပွါးရန် အားထုတ်ခြင်း- အနုပ္ပန္နာနုပ္ပါဒနတပါး၊

၃။ မဖြစ်သေးသော ကုသိုလ်တရားကို ဖြစ်ပွါးရန် အားထုတ်ခြင်း- အနုပ္ပန္နုပ္ပါဒနတပါး၊

၄။ ဖြစ်ပြီးသော ကုသိုလ်တရားကို တိုးပွါးရန် အားထုတ်ခြင်း- ဥပ္ပန္နဘာဝနာတပါးအားဖြင့်

သမ္မပ္ပဓာန် လေးပါးဖြစ်ပါသည်။

အကုသိုလ်တရား မဖြစ်ပွါးရန် ပယ်ရှားရန် ထက်သန် အားထုတ်ခြင်း။

ကုသိုလ်တရား အသစ်ပွါးရန် တိုးပွါးရန် ထက်သန်အားထုတ်ခြင်း။

သမ္မာဝါယမ မည်ခေါ်ရသည့် ဝီရိယတရား ဤလေးပါးခွဲခြားနှလုံးသွင်း။

## ဣဒ္ဓိပါဒ် လေးပါး။

"ဣဒ္ဓိပါဒ်လေးပါး ဟူသည်ကား မှတ်သားဘယ်သို့နည်း"

၁။ ကောင်းကျိုးတရားကိုရလိုခြင်း- ဆန္ဒိဒ္ဓိပါဒ်တပါး,

၂။ ကောင်းကျိုးတရားကို ရလိုသောအလိုက် ကြောင့်ကြစိုက်ထုတ်ခြင်း- ဝီရိယိဒ္ဓိပါဒ်တပါး,

၃။ ကောင်းကျိုးတရားကို ရလိုသော ဣကြံ စိတ်တည်မှန် ခိုင်မြဲခြင်း- စတ္တိဒ္ဓိပါဒ်တပါး,

၄။ ကောင်းကျိုးတရားကို ရလိုသော အရာ ပညာဖြင့်ဆင်ခြင်ပြုလုပ်ခြင်း- ဝီမံသိဒ္ဓိပါဒ်တပါးအားဖြင့်

ဣဒ္ဓိပါဒ် လေးပါး ဖြစ်ပါသည်။

ဆန္ဒ,စိတ္တ ဝီရိယနှင့် ဉာနဝီမံသာ ဤလေးဖြာ လိုရာကျိုးပြီးကြောင်း။

## ဣန္ဒြေ ငါးပါး။

"ဣန္ဒြေငါးပါး ဟူသည်ကား မှတ်သားဘယ်သို့နည်း"

၁။ သဒ္ဓါစေတသိက်ဟူသော- သဒ္ဓိန္ဒြေတပါး,

၂။ ဝီရိယစေတသိက်ဟူသော- ဝီရိယိန္ဒြေတပါး,

၃။ သတိစေတသိက်ဟူလော- သတိန္ဒြေတပါး,

၄။ ကေဂ္ဂတာစေတသိက်ဟူသော သမာဓိန္ဒြေတပါး,
၅။ ပညာစေတသိက်ဟူသော ပညိန္ဒြေတပါးအားဖြင့် ဣန္ဒြေ ငါးပါးဖြစ်ပါသည်။

သဒ္ဓါ,ဝီရိ သတိ,ကေဂ္ဂတာ ပညာတပါး ဤငါးပါး
မှတ်သားရာန္ဒြေ။
သဒ္ဓါလွန်သွံ ပညာကွန့် ဆွံ့ကွန့်မျှစေရာ၊
သမာဓိတွန့် ဝီရိလွန့် တွန့်လွန့်မျှစေရာ။
သတိကိုကား မြဲမှတ်သား လွန်ငြားမရှိပါ။

—

## ဗိုလ် ငါးပါး။

"ဗိုလ်တရားငါးပါး ဟူသည်ကား မှတ်သားဘယ်သို့နည်း"
၁။ သဒ္ဓါစေတသိက်ဟူသော- သဒ္ဓါဗိုလ်တပါး,
၂။ ဝီရိယစေတသိက်ဟူသော- ဝီရိယဗိုလ်တပါး,
၃။ သတိစေတသိက်ဟူသော- သတိဗိုလ်တပါး,
၄။ ကေဂ္ဂတာစေတသိက်ဟူသော- သမာဓိဗိုလ်တပါး,
၅။ ပညာစေတသိက်ဟူသော- ပညာဗိုလ်တပါး
အားဖြင့် ဗိုလ် ငါးပါးဖြစ်ပါသည်။

သဒ္ဓါ,ဝီရိ သတိ,ကေဂ္ဂတာ ပညာတရား ဤငါးပါး
မှတ်သားဗိုလ်တရား။

—

## ဗောဇ္ဈင် ၇ ပါး။

"ဗောဇ္ဈင်ခုနစ်ပါး ဟူသည်ကား မှတ်သားဘယ်သို့နည်း"
၁။ သတိစေတသိက်ဟူသော သတိသမ္ဗောဇ္ဈင်တပါး,

၂။ ပညာစေတသိက်ဟူသော-ဓမ္မဝိစယသမ္ဗောဇ္ဈင်တပါး,
၃။ ဝီရိယစေတသိက်ဟူသော- ဝီရိယသမ္ဗောဇ္ဈင်တပါး,
၄။ ပီတိစေတသိက်ဟူသော- ပီတိသမ္ဗောဇ္ဈင်တပါး,
၅။ ပဿဒ္ဓိစေတသိက်ဟူသော- ပဿဒ္ဓိသမ္ဗောဇ္ဈင်တပါး,
၆။ ဧကဂ္ဂတာစေတသိက်ဟူသော-သမာဓိသမ္ဗောဇ္ဈင်တပါး,
၇။ တတြမဇ္ဈတ္တတာ စေတသိက် ဟူသော- ဥပေက္ခာသမ္ဗောဇ္ဈင်တပါးအားဖြင့်ဗောဇ္ဈင် ၇ ပါး ဖြစ်ပါသည်။

သတိ, ဓမ္မ ဝီရိယ,ပီတိ ပဿဒ္ဓိနှင့် သမာဓိ,ဥပေက္ခာ ခုနစ်ဖြာ ၇တ်ပါဗောဇ္ဈင်တည်း။

—⊕⊕—

## မဂ္ဂင် ရှစ်ပါး။

"မဂ္ဂင်ရှစ်ပါး ဟူသည်ကား မှတ်သားဘယ်သို့နည်း"

၁။ ပညာစေတသိက်ဟူသော- သမ္မာဒိဋ္ဌိမဂ္ဂင်တပါး,
၂။ ဝိတက်စေတသိက်ဟူသော- သမ္မာသင်္ကပ္ပမဂ္ဂင်တပါး,
၃။ သမ္မာဝါစာစေတသိက်ဟူသော- သမ္မာဝါစာမဂ္ဂင်တပါး,
၄။ သမ္မာကမ္မန္တစေတသိက်ဟူသော- သမ္မာကမ္မန္တမဂ္ဂင်တပါး,
၆။ ဝီရိယစေတသိက်ဟူသော- သမ္မာဝါယာမမဂ္ဂင်တပါး,

၇။ သတိစေတသိက်ဟူသော သမ္မာသတိမဂ္ဂင်တပါး,

၈။ ဧကဂ္ဂတာစေတသိက်ဟူသော သမ္မာသမာဓိမဂ္ဂင်တပါး-အားဖြင့် မဂ္ဂင် ရှစ်ပါးဖြစ်ပါသည်။

ဒိဋ္ဌိ,သင်,ဝါ,ကမ် အာဇီဝံ တဖန်ဝါ,သ,သ။
မြဲဟွယာဉ်တော် အမည်ခေါ် ရှစ်ဖေါ်မဂ္ဂင်။

ဗောဓိပက္ခိယ ပြီးပြီ။

## ပဋိစ္စသမုပ္ပါဒ် ခွဲခန်း။

"ပဋိစ္စသမုပ္ပါဒ် စက်ရဟတ် ထပ်ထပ်ဘယ်သို့လည်သနည်း"

အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ,
သင်္ခါရ ပစ္စယာ ဝိညာဏံ,
ဝိညာဏ ပစ္စယာ နာမရူပံ,
နာမရူပ ပစ္စယာ သဠာယတနံ,
သဠာယတန ပစ္စယာ ဖဿော,
ဖဿ ပစ္စယာ ဝေဒနာ,
ဝေဒနာ ပစ္စယာ တဏှာ,
တဏှာ ပစ္စယာ ဥပါဒါနံ,
ဥပါဒါန ပစ္စယာ ဘဝေါ,
ဘဝ ပစ္စယာ ဇာတိ,

ဇာတိ ပစ္စယာ ဇရာ, မရဏ, သောက, ပရိဒေဝ,ဒုက္ခ, ဒေါမနဿုပါယာသာ သမ္ဘဝန္တိ၊ သောက, ပရိဒေဝ,ဒုက္ခ, ဒေါမနဿုပါယာသ ပစ္စယာ အဝိဇ္ဇာ သမ္ဘဝတိ၊ ဧဝ မေ တဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

မောဟ အဝိဇ္ဇာကြောင့်- ကံ သင်္ခါရ ဖြစ်၏။
သင်္ခါရကြောင့်- ဝိပါက်စိတ် ဝိညာဉ် ဖြစ်၏။
ဝိညာဉ်ကြောင့်-စေတသိက်နာမ်နှင့်ရုပ် ဖြစ်၏။
နာမ်နှင့် ရုပ်ကြောင့်-အာယတန ၆ ပါး ဖြစ်၏။
အာယတန ၆ ပါးကြောင့်- ဖဿ ဖြစ်၏။
ဖဿကြောင့်- ဝေဒနာ ဖြစ်၏။
ဝေဒနာကြောင့်- တဏှာ ဖြစ်၏။
တဏှာကြောင့်- ဥပါဒါန် ဖြစ်၏။
ဥပါဒါန်ကြောင့်- ဘဝ ဖြစ်၏။
ဘဝကြောင့်- ပဋိသန္ဓေ ဇာတိ ဖြစ်၏။
ဇာတိကြောင့်- အိုခြင်း,နာခြင်း,သေခြင်း, စိုးရိမ်ခြင်း,ကိုယ်ဆင်းရဲခြင်း, စိတ်ဆင်းရဲခြင်း,ပြင်းစွာပင်ပန်း ဖြစ်ကုန်၏။
စိုးရိမ်ခြင်း ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း ပြင်းစွာပင်ပန်းခြင်းတို့ကြောင့်- အဝိဇ္ဇာ ဖြစ်၏။

ဤသို့လျှင်....ချမ်းသာမဖက် ဆင်းရဲတုံး သက်သက်ဖြစ်သော ကြောင်း ကျိုးနှစ်ရပ် ဆက်စပ်ဖြစ်ပွါး ခန္ဓာကောင် ပဋိစ္စသမုပ္ပါဒ် ဝင်ရထားသည် မနားမရပ် အထပ်ထပ် လည်၍ နေလေသတည်း။

အကြောင်းဖြစ်က ကျိုးဖြစ်ရ ပဋိစ္စသမုပ္ပါဒ်။

၁။ အဝိဇ္ဇာ,
၂။ သင်္ခါရ,
၃။ ဝိညာဉ်,
၄။ နာမ်ရုပ်,
၅။ သဠာယတန,
၆။ ဖဿ,
၇။ ဝေဒနာ,
၈။ တဏှာ,
၉။ ဥပါဒါန်,
၁၀။ ဘဝ,
၁၁။ ဇာတိ,
၁၂။ ဇရာ,
၁၃။ မရဏ,
၁၄။ သောက,
၁၅။ ပရိဒေဝ,
၁၆။ ဒုက္ခ,
၁၇။ ဒေါမနဿ,
၁၈။ ဥပါယာသ-ဟု ဘေဒအားဖြင့် ၁၈ ပါး။

၎င်းတွင် ဇရာနှင့်မရဏကို တပေါင်းတည်းထား၊ တပါးတည်းယူ၊ သောက-စသော နောက် ၅ ပါးကိုလည်း ဇရာမရဏတည်းဟူသော သွင်းမူကား အင်္ဂါအားဖြင့် ၁၂ ပါးဖြစ်၏

အဝိဇ္ဇာ, သင်္ခါရ- အစနှစ်ပါးသည် အတိတ်အစွန်း အတိတ်ကာလ မည်၏။

ဇာတိ, ဇရာမရဏ အဆုံးနှစ်ပါးသည် အနာဂတ်အခွန့် အနာဂတ်ကာလ မည်၏။

ဝိညာဉ်,နာမ်ရုပ်, သဠာယတန, ဖဿ,ဝေဒနာ, တဏှာ, ဥပါဒါန်, ဘဝ အလယ်ရှစ်ပါးသည် ပစ္စုပ္ပန်အခွန့် ပစ္စုပ္ပန်ကာလမည်၏။

အတိတ်အခွန့်၌- (၁) အဝိဇ္ဇာ, (၂)သင်္ခါရ နှစ်ပါးကို ဟောတော်မူသဖြင့် ကိလေသာချင်းကံချင်းတူသောကြောင့် (၃)တဏှာ, (၄)ဥပါဒါန်, (၅)ဘဝတို့ကိုလည်း ယူ၍ "အတိတ်အခွန့်-အတိတ်ကာလ ၅ ပါး" ဖြစ်၏။

ပစ္စုပ္ပန်အခွန့်၌- (၁)တဏှာ, (၂)ဥပါဒါန်, (၃)ဘဝ တို့ကို ယူသဖြင့် ကိလေသာချင်း ကံချင်းတူသောကြောင့် (၁)အဝိဇ္ဇာ, (၂)သင်္ခါရ တို့ကိုလည်း ယူ၍ "ပစ္စုပ္ပန်အခွန့် ပစ္စုပ္ပန်ကာလ ၁၀ ပါး" ဖြစ်၏။

အနာဂတ်အခွန့်၌- ဇာတိ ဇရာမရဏတို့သည် ဂုဏ်ဌာနီမျှဖြစ်သောကြောင့် ဂုဏီဌာန ဖြစ်သော (၁)ဝိညာဉ်, (၂)နာမ်ရုပ်,(၃)သဠာယတန,(၄)ဖဿ,(၅)ဝေဒနာ တို့ကို ယူ၍ "အနာဂတ်အခွန့် အနာဂတ်ကာလ ၅ ပါး"ဖြစ်၏။

ဤသို့လျှင်- ၁။ အဝိဇ္ဇာ,
၂။ သင်္ခါရ,
၃။ တဏှာ,
၄။ ဥပါဒါန်,
၅။ ဘဝအားဖြင့်အတိတ်အကြောင်း၅ပါး
၁။ ဝိညာဉ်,

၂။ နာမ်ရုပ်,
၃။ သဠာယတန,
၄။ ဖဿ,
၅။ ဝေဒနာ-အားဖြင့် ပစ္စုပ္ပန်အကျိုး ၅ ပါး။
၁။ တဏှာ,
၂။ ဥပါဒါန်,
၃။ ဘဝ,
၄။ အဝိဇ္ဇာ,
၅။ သင်္ခါရ-အားဖြင့် ပစ္စုပ္ပန်အကြောင်း ၅ ပါး။
၁။ ဝိညာဉ်,
၂။ နာမ်ရုပ်,
၃။ သဠာယတန,
၄။ ဖဿ,
၅။ ဝေဒနာ-အားဖြင့် အနာဂတ်အကျိုး ၅ ပါး။

အလွှား လေးထပ် အစပ် သုံးသွယ် နှစ်ဆယ်သော အခြင်းအရာတို့သည် ဖြစ်ကုန်၏။

အဝိဇ္ဇာ,တဏှာ,ဥပါဒါန်တို့သည် ကိလေသဝဋ် မည်၏။

ကမ္မဘဝ, သင်္ခါရတို့သည် ကမ္မဝဋ် မည်၏။

ဝိညာဉ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာနှင့်တကွ ဇာတိ,ဇရာမရဏဟူသောဥပပတ္တိဘဝသည်ဝိပါကဝဋ်မည်၏

အဝိဇ္ဇာသည် အာဂမနသမ္ဘာရ ရှေ့ပဉ္စက နှစ်ပါး ဒုဂ္ဂတိသွားစက်၏ မူလ ဖြစ်၏၊ တဏှာသည် ဂမန သမ္ဘာရ နောက် ပဉ္စက နှစ်ပါး ဒုဂ္ဂတိသွားစက်၏ မူလ ဖြစ်၏။

အကြောင်းပျက်က ကျိုးပျက်ရ ငြိမ်းထသံသရာ။

# ဝိသုဒ္ဓါရုံဝိပဿနာရှုဘွယ်။

နမော တဿ ဘဂဝတော အရဟတော
သမ္မာ သမ္ဗုဒ္ဓဿ။

## အနိစ္စနုပဿနာ။

ဣမေ ပဉ္စက္ခန္ဓာ အနိစ္စာ, ပလောကာ, စလာ, ပဘင်္ဂုနော, အဒ္ဓုဝါ, ဝိပရိဏာမ ဓမ္မာ, အသာရကာ, ပဘဝါ, သင်္ခတာ, မရဏ ဓမ္မာ။

ဣမေ ပဉ္စက္ခန္ဓာ-ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာန ဟု ပြားထငါးဖြာ ဤခန္ဓာတို့သည်....

၁။ အနိစ္စာ-ဥပ္ပါဒ်ပေါ်က ဘင်သို့ကျ၍ ပျက်ရနောက် စွန် မလွန်နိုင်ဘိ စုဆုံးရှိပေ အမြဲမရှိကြချေကုန်၊

၂။ ပလောကာ- ဇာတိ, ဇရာ မရဏာကြောင့် ယူရာမရ ကြေမွပြုန်းတီး ပျက်စီးတတ်ချေကုန်၏။

၃။ စလာ- ဇာတိ,ဇရံ မရဏံနှင့် လောကဓံရှစ်ပါး တရားတွေ့ကြုံ တုန်လှုပ်တတ်ချေကုန်၏။

၄။ ပဘင်္ဂုနော- သူ့ဘာသာအား လို့လအားဖြင့် ပျက်ပြားလေ့ရှိချေကုန်၏၊

၅။ အဒ္ဒုဝါ-မပြောင်းမလဲ တကြုံ့ထဲဖြင့် တည်မြဲမနေ မျိုးဆွေခပ်သိမ်း ရှယ်ခပ်သိမ်းမှ ရှပ်တိမ်းကျကြွေ မခိုင်ခံ့ ခြေကုန်၊

၆။ ဝိပရိဏာမဓမ္မာ-ဇရာ, မရဏာ ဘိုနှစ်တန်ဖြင့် ဖေါက် ပြန်ပြောင်းယိမ်း ညွှတ်တိမ်းတတ်ချေကုန်၏၊

၇။ အသာရကာ- အားစွမ်းနည်းငယ် အကာနှယ်သို့ ပျက်လွယ်စီးလွယ် ဖျက်ဆီးလွယ်၍ သုံးဖွယ်အနှစ် စင်စစ် မရှိချေကုန်၊

၈။ ဝိဘဝါ-စီးပွါးမဲ့လျှင်း ပျက်စီးခြင်းကို ကိုယ်တွင်း ဖြစ်စေ တဏှာ ဒိဋ္ဌိလျှင် ဖြစ်ကြောင်းရှိချေကုန်၏၊

၉။ သင်္ခတာ- ဆက်ဆံ, မဆက်ဆံ စိတ်, ကံ, ဥ, ဟာ ဟောတွာဒိက ပစ္စယတို့ တကွပေါင်းယှဉ် ပြုပြင်အပ်ချေကုန် ၏၊

၁၀။ မရဏဓမ္မာ ဇီဝိန်ပြတ်ကင်း သေဆုံးခြင်းဓလေ့ ပြကတေ့သဘောရှိချေကုန်၏၊

ဤကား အနိစ္စာနုပဿနာ ၁၀ ပါးတည်း။

## ဒုက္ခာနုပဿနာ။

ဣမေ ပဥ္စက္ခန္ဓာ ဒုက္ခာ, ရောဂါ, ဂဏ္ဍာ, သလ္လာ, အဃာ, အာဗာဓာ, ဤတိ, ဥပဒ္ဒဝါ, ဘယာ, ဥပ သဂ္ဂါ, အတာဏာ, အလေနာ, အသာရဏာ, အာဒိ နဝါ, အဃမူလာ, ဝဓကာ, သာသဝါ, မာရာမိသာ,

ဇာတိဓမ္မာ, ဇရာဓမ္မာ, ဗျာဓိဓမ္မာ, သောကဓမ္မာ,
ပရိဒေဝဓမ္မာ,ဥပါယာသဓမ္မာ, သံကိလေသိကဓမ္မာ

ဣမေ ပဉ္စက္ခန္ဓာ....တို့သည်၊

၁။ ဒုက္ခာ-ဥပ္ပါဒ်ဘင်စွန်း ဖြစ်ပျက်စွန်းဖြင့် ညှဉ်းပန်းနှိပ်စက် သုံးချက်ဒုက္ခ အသာတ၏ မူလအကြောင်း ကြောက်ဖွယ်ကောင်း၍ ခိုအောင်းဘေးခဲ ဆင်းရဲချောက်၏၊

၂။ ရောဂါ- နေ့ညမစဲ ဆေးမှိဝဲမှ ကိုက်ခဲသက်သာ လူမမာသို့ လေးဖြာပစ္စယ ဖြင့်မျှတလျက် နောက်ဆက်ပွါးတိုး ရောဂါဆိုး၏ ဖြစ်မျိုးမူလ ယာပျနာနှင့် တူချေကုန်၏၊

၃။ ဂဏ္ဍာ- ဒုက္ခတံကျင် ထိုးကျင်မကွာ ကိလေသာမန်း ပြည့်လျှမ်းယိုထွက် သုံးချက်ခဏ ဖူးရောင်ကြွ၍ ပုပ်ပွမှည့်ကျက် ကွဲအက်ရွှရှာ အိုင်းအမာနှင့် တူချေကုန်၏၊

၄။ သလ္လာ-မဂ်ဉာဏ်ဟူလျှင်း မွေးညှပ်ကင်းက နှုတ်ခြင်းငှာခဲ အတွင်းစွဲ၍ အမြဲထိုးကျင် စူးစိုက်စင်သည့် တံကျင်မြှားညှောင့်နှင့် တူချေကုန်၏။

၅။ အဃာ-စီပွားါးကင်းမဲ့ အဖြစ်ဖွဲ့၍ ကွဲရဲ့အပ်ရှောင်း မကောင်းပါပ ဟူသမျှ၏ မူလအကြောင်း မကောင်းမှုမည်ချေကုန်၏၊

၆။ အာဗာဓေ- ကိုယ့်ကိုယ်မပိုင် သူများဆိုင်သည့် သူ့ကိုင်ကျွန်စစ် ဖိညစ်ညှဉ်းပမ်း ဘေးဘျမ်းမူလ ယာပျနာမှ ကြွင်းသောအနာနှင့် တူချေကုန်၏၊

၇း ဤထိ- တွက်ရေမျှားစွ ဗျသနကို ပြုထရံဖန် အာဂန္တုကဲ ဘေးရန်နှင့် တူချေကုန်၏၊

၈။ ဥပဇ္ဈဝါ-မထင်မရှား မျှားပြားစွာခဲ့ အကျိုးမဲ့ပေါင်းရာထောင်သောင်း၏ အကြောင်းမူလ ဘယ်ထွေထွေ ဖြစ်စေကြိမ်ဖန် အတွင်းပုန်းဘေးရန်နှင့် တူချေကုန်၏၊

၉။ ဘယာ-ဘေးပေါင်းစုဝေး နိဗ္ဗာန်၏ ဆန့်ကျင်ဘက် အရေးကြောင့် ဘေးဘယမည်ကုန်၏၊

၁၀။ ဥပသဂ္ဂါ- မျှားပြားစွာခဲ့ အကျိုးမဲ့တို့သည် အစဉ်ဖွဲ့အပ် လှည့်ပတ်နတ်ဖျက် သည်းခံခက်စွ အနတ္ထနှင့် တူချေကုန်၏၊

၁၁။ အတာဏာ- စောင့်ရှောက်ပါတုံ ခိုကိုးလှုံလည်း မလုံဘေးဘျမ်း မငြိမ်းချမ်း မဧးမြဲချေကုန်၊

၁၂။ အလေနာ- ဆင်းရဲကင်းလို ချဉ်းကပ်ခိုလည်း ဆင်းရဲကို မတားမြစ်တတ် ချဉ်းကပ်ခြင်းငှာ မထိုက်ပါ၍ ပုန်းအောင်းရာ မဟုတ်တတ်ချေကုန်၊

၁၃။ အသာရဏာ-ဇာတိစသား ဘေးအများကို ပျက်ပြားဖယ်ရှဲ မညှင်းဆဲတတ်ချေကုန်၊

၁၄။ အာဒိနဝါ- အနိစ္စာဒိက အာကာရဖြင့် ဖြစ်ရလေဘိ ပဝတ္တိဒုက္ခအစစ် အပြစ်အတိသာ ဖြစ်ချေကုန်၏၊

၁၅။ အဃမူလာ- လုံးစုံပေါင်းစု မကောင်းမှုတို့၏ ဟေတုအမြစ် အကြောင်းရင်း ဖြစ်ချေကုန်၏၊

၁၆။ ဝဓကာ-မိတ်ကျွမ်းဝင်ဟန် သေကြောင်းကြံသည့် ရန်သူအလား သူသတ်ယောကျာ်းနှင့်တူချေကုန်၏၊

၁၇။ သာသဝါ-အာသဝေါတရားလေးပါးတို့၏ စီးပွါး အပေါင်း နှီးနှောသော အကြောင်းတို့တည်း၊

၁၈။ မာရာမိသာ- မစ္ဆ,ကိလေ မာရ်နှစ်ထွေ၏ ကိုက်ချေသုံးသတ် စားဖတ်ဝါးဖတ်တို့သာတည်း၊

၁၉။ ဇာတိဓမ္မာ- ပဋိသန္ဓေ တည်နေခြင်း သဘောရှိချေကုန်၏၊ (ဝါ)ဇာတိဓမ္မာ-သူသူငါငါ သတ္တဝါကို မညှာမငဲ့ အရွဲ့အစောင်း ကောင်းမကောင်းနှင့် သောင်းပြောင်းဆိုးညစ် ဖြစ်ချစ်တိုင်းဖြစ်တတ်သော သဘောရှိချေကုန်၏၊

၂၀- ဇရာဓမ္မာ-ဆုတ်ယုတ်လျော့ပါး ပျက်ပြားယိုယွင်း အိုမင်းခြင်းရှိချေကုန်၏၊

၂၁။ ဗျာဓိဓမ္မာ- ကျင်နာခံခက် နှိပ်စက်ခြင်းသဘော ရှိချေကုန်၏၊

၂၂။ သောကဓမ္မာ- ပူပန်ညှိုးမှိန် စိုးရိမ်ရခြင်းသဘော ရှိချေကုန်၏၊

၂၃။ ပရိဒေဝဓမ္မာ- အာ,လျှာသွေ့ခြောက် စိတ်ရှုးနောက်အောင် မဆောက်တည်နိုင် ကြုံ့မှိုင်ပူဆွေး ငိုကြွေးမည်တမ်းရခြင်း သဘောရှိချေကုန်၏၊

၂၄။ ဥပါယာသဓမ္မာ- သက်ပြတ်ခမန်း ဆည်မစွမ်းအောင် ပင်ပမ်းနွမ်းဟိုက် ဖိုလှိုက်ရခြင်းသဘောရှိချေကုန်၏၊

၂၅။ သံကိလေသိကဓမ္မာ- တဏှာ,ဒိဋ္ဌိ ဒုစ္စရိုက်၏ အာရုံဖြစ်၍ ညစ်ညူးခြင်း သဘောရှိချေကုန်၏။

ဤကား ဒုက္ခာနုပဿနာ ၂၅ ပါးတည်း။

—⚌⚌—

## အနုတ္တာနုဿနာ။

ဣမေ ပဉ္စက္ခန္ဓာ အနုတ္တာ, ပရေ, ရိတ္တာ, တုစ္ဆာ သုညာတိ။

ဣမေ ပဉ္စက္ခန္ဓာ ...တို့သည်၊

၁။ အနုတ္တာ-သာမိနိဝါသီကာရက ဝေဒက အဓိဋ္ဌာယက ဟု ကြံဆခေါ်ဆို ကိုယ်ကောင် မဟုတ်ချေကုန်၊ (ဝါ) အနုတ္တာ- ယူလွဲဒိဋ္ဌိ ဆွဲခြောက်ရှိနှင့် ရှစ်ရှိလေးမြှောင့် အထောင့်လုံးပြား အတ္တသား၏ လားလားမထင် နှစ်ကင်းစဉ်၍ အရှင်ဇီဝ ပရမဟု အတ္တနှစ်ထွေ ဘယ်တခုမျှမရှိချေကုန်၊

၂။ ပရေ- အလိုမပါ စီရင်ရာ မရသည်ဖြစ်၍ သူစိမ်းပြင်ပနှင့် တူချေကုန်၏၊

၃။ ရိတ္တာ-အန္ဓဗာလ ယူကြံဆသည့် ဓုဝ,သုဘ သုခ·တ္တ ဟု လေးဝကင်းလစ် အနှစ်မရှိချေကုန်၊

၄။ တုစ္ဆာ-အနှစ်ကင်းဖြည်း ဖျင်းသိမ်နည်း၍ အချိုးနှိုးသော တရားတို့သာတည်း၊ (ဝါ) ကောင်းမြတ်ချမ်းသာ မင်္ဂလာသုခ ဟုသမျှနှင့် မြူမျှမနီး အချည်းနှီးသော တရားတို့သာတည်း၊

၅။ သုညာ- သာမိစသည် ထောက်တည်ရာမျိုး တစိုးတစိ မရှိလုံးလုံး အသုံးမကျသော တရားတို့သာတည်း။

ဤကား အနုတ္တာ နုပဿနာ ၅ ပါးတည်း။

---

သုံးစုပေါင်းလျှင် တောလေးဆယ်ခေါ် ဘာဝနာလေးဆယ် ဖြစ်၏။

စတ္တာလီသာယာ·ကာရေဟိ,
ပဉ္စက္ခန္ဓေ သသံမသံ၊
လာဘီ နုလောမိကံ ခန္တိံ,
ကမေ သမ္မတ္တနိယမံ။

ဣတိ-ဤသို့၊ စတ္တာလီသာယ- လေးဆယ်သော၊ အာကာရေဟိ- အခြင်းအရာတို့ဖြင့်၊ ပဉ္စ- ငါးပါးကုန်သော၊ ခန္ဓေ- ခန္ဓာတို့ကို၊ သံမသံ သံမသန္တော- အပြန်ပြန်အလှန်လှန် အဖန်ဖန် အထပ်ထပ် သုံးသတ်ဆင်ခြင်သော၊ သသော- ဘုရားသာသနာ ခေတ်အခါကို ရလာကြုံကြိုက် အခွင့်ဆိုက်၍ အားတိုက်စိတ်ပါ ဝိပဿနာယာနိက အာစာရကုလပုတ္တာဖြစ်သော ထိုအမျိုးကောင်းသမီးသားသည်၊ အနုလောမိကံ- အရိယမဂ်ဉာဏ် ရထိုက်တန်သော၊ ခန္တိံ-အာရုံသဘော လိုက်လျောပိုင်းခြား ခံ့ငြားသည်းခံ ဝိပဿနာဉာဏ်ကို၊ လာဘီ- ရသည်၊ ဟောတိ- ဖြစ်၏၊ သမ္မတ္တနိယမံ- မဖောက်မပြန် ဆုတ်လှန်မနစ် မြဲမြံစွာ ဖြစ်သော အရိယမဂ်သို့၊ ကမေ- မကြာမတင် သက်ဝင်ဆိုက်ရောက်ရလေ၏။

ဤကား လက္ခဏတ္တယာနုပဿနာ၏ အကျိုးတည်း။

တောလေးဆယ် ခေါ် ဘာဝနာ လေးဆယ် ပြီး၏။

## ခန္ဓာ ငါးပါးကို ဥပမာအားဖြင့် ရှုနည်း။

ဖေဏ ပိဏ္ဍူပမံ ရူပံ,
ဝေဒနာ ပုဗ္ဗုဠူပမာ၊
မရီစိကူပမာ သညာ,
သင်္ခါရာ ကဒလူပမာ၊
မာယူပမဉ္စ ဝိညာနံ,
ဒဋ္ဌံ သာရဒဿိနာ။

ရူပံ- ဘူတရုပ်လေးခု စတုဝီသာ ဥပါဒါဟု အဋ္ဌဝီသ ရုပ်စုမျှလျှက် ဂါဟစွဲငုပ် ရုပ်ကောင်ပုတ်သည်၊ ဖေဏပိဏ္ဍူပမံ- ပထဝီထင်းချောင်း ပြောင်းအိအာပေါ် တေဇောချမ်းပူ လူလူလှင့်ထ ဝါယောမှသည် စ၍မျှားမြောင် တောင်မျှတရှိ ကြီးဘိတမူ သုံးယူမဖြစ် အနှစ်မပါ အကာတိသာ ပစ်စရာသည် ပမာရေမြှုပ်နှင့် တူချေသည်တကား၊

ဝေဒနာ-မျက်စိအာရုံ နားအာရုံနှင့် အာရုံရသာ ခံစားပါလည်း အရာမရောက် ခါခါဧပျောက်သည့် ခြောက်ပါးသော ဝေဒနာစုသည်၊ ပုဗ္ဗုဠူပမာ- ဆင်းရဲချမ်းသာ ရုံခါလျစ်လျူ ဆူလည်းယုတ်ယက် လျင်စွာပျက်၍ သုံးကွက်သုံးရာ မထင်လာသည် ပမာရေပွက်နှင့်တူချေသည်တကား။

သညာ- ဣတ္ထိ, ပုရိသ သတ္တာ, ဇီဝ ထင်မှတ်ပါလည်း မှတ်ရာအမြဲ အထင်လွဲသော သညာအစုသည်၊ မရီစိကူပမာ- ရေဟုထင်မှတ် ကြိုးပမ်းလတ်၍ တမတ်မားမား လိုက်လေငြားလည်း တော့သားသမင် မောဟိုက်သွင်သို့ ဝိညာဉ်

ဇီဝ သတ္တဆိတ်ညံ ပဥ္စကံကို အဟံ မမ ထင်မှားရအောင် မျှားလူဘောင်ကို ရုပ်ဆောင်လှည့်ပတ် အတွေးကပ်သည် တံလျှပ်နှင့်ပမာတူချေကုန်သည်တကား။

သင်္ခါရာ- ဝိတက်,ဝိစာရ ဖဿမှသည် စ၍ရေတွက် နှစ်မဖက်သည့် သင်္ခါရက္ခန္ဓာအပေါင်းတို့သည်၊ ကဒလူပမာ- အနှစ်တွေ့နိုး အားအန်ကြိုး၍ အကျိုးတလျှောက် ထက်အောက်တွင်းပြင် ရှာသော်လျှင်လည်း တပင်လုံးသာ ကုန်လေပါ၏ အကာလုံးလုံး အနှစ်သုန်းသည် ငှက်ပျောတုံးနှင့်ပမာတူချေကုန်သည်တကား။

ဝိညာနံ- စက္ခု,သောတ ဃာန,ဇိဝှာ ကာယာနှစ်လုံး လက်ကသုံး၌ မှီအုံးခိုနေ လူကိုမွေ့သည့် ခြောက်ထွေသော ဝိညာဉ်အစုသည်၊ မာယူပမံ- ကျောက်အုတ်ခဲကို ဖေါက်လဲပြုပြင် ရွှေစင်မြသား ပဒမြားအရောင် သွင်ဟန်ဆောင်၍ ထင်အောင်ချက်ဖြုတ် ဥုံဖွမှုတ်သည် မျက်လှည့်ရုပ်နှင့် ပမာတူချေသည်တကား၊

ဣတိ-ဤသို့၊ သာရဒဿိနာ- ဝိပဿနာဉာဏ် နိဗ္ဗာန်တိုင်လစ် တရားနှစ်ကို စိစစ်မြင်သိ ပညာရှိသည်၊ ဒဋ္ဌဗ္ဗံ- နေ့ညဉ့်မလပ် ရှုကြည့်အပ်၏။

ခန္ဓာ ၅ ပါးကို ဥပမာအားဖြင့် ရှုနည်း ပြီးပြီ။

# သံဝေဂ လင်္ကာများ။

လက္ခယ်သန်းခေါင် မိုးမှောင်တောလယ် လျှပ်ပန်းနွယ် နည်းငယ်ရုံတခါ။
ဗရားပွင့်ရာ သာသနာရောင် ထွန်းလင်းပြောင် မြင့်ခေါင်ထို့ထက်ကြွာ။

သာသနာတွင်းမှ ပြုနိုင်ကြ ပုညဝိသေသာ။
ရုပ်,နာမ်နှစ်ရပ် ပိုင်ခြားလပ် သုံးသပ်လက္ခဏာ။
ရုပ်,နာမ်စီးဖြန်း ခြေတလှမ်း တသန်းတန်စေရာ။

ရုပ်,နာမ်နှစ်ပါး ပိုင်းခြားသုံးသပ် ရှုမြင်လတ်က ထိုးအပ်ရင်ဝ သက္ကာယ-ဟု လှံမကျွတ်နှုတ် ပါယ်မျိုးပြုတ် ငြိမ်းချုပ်သံသရာ။
တိုက်အိမ်အပေါင်း ကျောင်းတန်ဆောင်းနှင့် ဝတ်ကောင်းစားဖွယ် ငွေးကြွယ်ရိပ်ငြိမ် စည်းစိမ်ဟူသမျှ အနိစ္စ ဒုက္ခ အနတ္တာ။
ကြီးကြီးငယ်ငယ် ယွင်ယွယ်လတ်လတ် ပုတ်မြတ်မဟူ ရှင်လူရဟန်း ပုံဗဏ်းလှမလှ အနိစ္စ ဒုက္ခ အနတ္တာ။

အနိစ္စ,ဒုက္ခ အနတ္တနှင့် လက္ခဏာညှန် ဤကိုးတန် ဖန်ဖန်မြင်အောင်ရှု။
ရုပ်ခဲတ် နာမ်ခတ် ငရမဘ် ပညတ်ကွာအောင်ရှု။
အသုဘရုပ် ဒုက္ခဝေဒနာ သညာ,သင်္ခါရ အနတ္တတည်း အနိစ္စဝိညာဉ် ခွဲဝေပြန် ဖန်ဖန်မြင်အောင်ရှု။

ဖြစ်ပြီးကုန်ထ ရှာမရ နိစ္စမဟုတ်ရှု။
တိုက်ခဲကျင်နာ ကြောက်ဖွယ်ရာ နှစ်ဖြာဒုက္ခရှု။

လိုရာမပါ နှစ်ကင်းကွာ နှစ်ဖြာ နတ္ထုရှ။

တဆွဲခြောက်မြောင့် ရှစ်,လေးမြောင့်နှင့် သုံးထောင့်လုံးပြား အတ္တသား မှတ်မှားမြူအဏု။

အသတ်ဝိညာဉ် ဇီဝနာမ်ကို မိုးယံဖြဟ္မာ ထည့်သွင်းကာ၌ တူ စွာရှေးလား သတ္တာပွါး ယူမှားသူတို့ရှ။

ငါးပါးခန္ဓာ မမြဲပါ မကြာသေလတ္တံ့။
ငါးပါးခန္ဓာ ဆင်းရဲစွာ မကြာသေလတ္တံ့။
ငါးပါးခန္ဓာ လိုမပါ မကြာသေလတ္တံ့။

သေပြီးရုပ်လောင်း ပုတ်သို့ဘောင်း တွင်းခေါင်းမြေ၌မြှုပ်လတ္တံ့။
အသေဆုံးကမ်း နိဗ္ဗာဏ်နန်းသို့ တကဲလှမ်းရောက်မှ ဤကာယ လုံးဝပယ်လတ္တံ့။

သတိသမ္ပဇဉ် အမြဲယှဉ်က ထက်ခွင်နိဗ္ဗူ ရောက်အောင်ဟူ သေ သူမည်မှတ်း
သတိသမ္ပဇဉ် ကင်းကွာလျှင် နေ့စဉ်သေကောင်မှတ်။

သူယုတ်မာချင်း ပေါင်းသင်းပြုလုပ် ခွေးကောင်ပုပ် ကျီးယုတ် ကြိုက်သလို။
သူတော်ကောင်းချင်း ပေါင်းသင်းယှောနှော မြတ်လေးတော ရှင်မောပိတုန်းလို။

ကလျာဏ ပုထုဇဉ်လုပ်နည်း ပြီးပြီ။

# ဗုဒ္ဓဘာသာမြန်မာကျင့်ထုံး။

### နိဒါန်း

ဝိသုဒ္ဓါရုံ ထေရုံဝန္ဒေ, ဝိသုဒ္ဓါရုံ ပမာပကံ၊
ဝိသုဒ္ဓါရုံ ဉာနိယေန ဝိသုဒ္ဓါရုံ ဥတာဂမံ၊၊

ဇယတွာယံ ဗုဒ္ဓဘတ္တိကော ပဒေသော။

(က) အပြင်ယဉ်ကျေးခြင်း (ကိုယ်နှင့် နှုတ်ယဉ်ကျေးခြင်း) (ခ) အတွင်းယဉ်ကျေးခြင်း (စိတ်ယဉ်ကျေးခြင်း)ဟူ၍ ဗုဒ္ဓဘာသာ သမ္မာဒိဋ္ဌိလူမျိုးတို့၏ ယဉ်ကျေးခြင်း နှစ်ပါး ရှိသည့်တွင် (က)ကို အဆင်း (ခ)ကို အချင်းဟူ၍လည်း ခေါ်ရသည်။

အဆင်းရှိမှ အချင်းပြည့်သည်ဟူသော ပညာရှိတို့၏ စကား အရ....မဆွဲဉုံးစွာ အပြင် အလိမ္မာဟူသော အဆင်းကို ပြည့်စုံ စေရမည်ဖြစ်၍ များသောအားဖြင့် အဆင်းနှင့်စပ်သွယ် ကျက်လွယ် မှတ်လွယ် ရွတ်ချင်ဖွယ်ကောင်းသော အတိုင်အဖေါက် သံပေါက် လင်္ကာများကို ရွေးဖျားတင်၍ စီစဉ်ရေးသားအပ်၏။

ၶင်းနောက် အဆင်းကောင်းလျှက် အချင်းပျက်သည်ဟူသော ပညာရှိတို့၏ စကားအရ အပြင်က အဆင်းရှိသော်လည်း အတွင်း က အချင်းမပြည့်လျှင် အပေါ်ယံ ရွှေမှုံကြဲ အထဲက နောက်ချေး ခံ အဆံချောင်ဖြစ်ရာသောကြောင့် အဆင်းကောင်း အချင်းရှိ ယှဉ်ဆံပြည့်ဖြစ်စေရန် ရည်သန်သောအားဖြင့် အချင်းဆိုင်ရာ ကျင့်ဝတ် များကို ဆက်လက် ရေးအပ်ပေသတည်း။

# အပြင်ယဉ်ကျေးခြင်း။

## (အဆင်း)

ဗရားသံဃာ ဆရာသမား ထံတော်ပါး ခစားဘယ်သို့
ဝင်မည်နည်း။
လက်ကန်တော့ထိုး လက်အုပ်မိုး ရှိခိုးဝင်ပါမည်။
ဝပ်ချခဲ့သော် တည်င်းဖေါ် ညီလျှော်ဘယ်သို့ချမည်နည်း။
နဖူး-ဒူး,လက် မြေထက်ကျငြား တည်ခြင်းငါး ဝပ်တွား
ချပါမည်။
အဘယ်တရား ကိုယ်တွင်းထား ခစားရမည်နည်း။
ဂါရဝ, မေတ္တာ သဒ္ဓါ, ဆန္ဒ ဓမ္မဂရုတာ ငါးဖြာတရား
ကိုယ်တွင်းထား ခစားရပါမည်။
ဆရာသမား ခွင့်လွှတ်ငြား ထသွားဘယ်သို့ပြုမည်နည်း။
တည်ခြင်းငါးဖြာ ညီညာဝပ်ချ နောက်ဆုတ်ထ တုပ်ကွ
လက်အုပ်ချီပါမည်။
မိမိနေရာ ထေရ်သံဃာ ကြွလာဘယ်သို့ပြုမည်နည်း။
ရှေးရှုထလျှက် လက်အုပ်ချီကာ နေရာခင်းပေး အကြောင်း
မေး မြတ်လေးရိုသေပြုပါမည်။
လမ်းသွားလမ်းလာ တေရ်သံဃာ တွေ့ခါဘယ်ပြုမည်နည်း။
အခွင့်သာလျှင်ထိုင် မထိုင်သာလျှင် လက်အုပ်မိုး ရှိခိုးလမ်း
ဖယ်သွားပါမည်။
ရဟန်းသံဃာ တွေ့သောခါ ဦးစွာဘယ်သို့လျှောက်မည်
နည်း။

လိုရာတောင်းနှ်န် ဆုံးမရန် ဖိတ်မံလျှောက်ပါမည်။

ဗရားသံဃာ ရှေ့တော်မှာ ကောင်းစွာဘယ်သို့နေမည်နည်း

ကျက်လွှာချလျှက် လက်အုပ်ရှက် နှစ်ဖက်ဒူးပေါ်ထားပါမည်

ရိုသေနည်းပါး ကိုယ်တော်စား စကားဘယ်သို့သုံးမည်နည်း

ဉူးပဥ္စင်း,ကိုရင် အရှင်ဘုန်းကြီး တသီးဆရာတော် ဤ
ငါးဘော်၏ နောက်သော်ဗရား ထည့်စွက်ပြား
လျှောက်ထားခေါ်ဆိုရပါမည်။

လျှောက်ထားဖွယ် သွယ်သွယ်စကား နောက်ဆွယ်ဖျား စ
ကားဘယ်သို့ထည့်မည်နည်း။

လျှောက်ထားဇွယ် သွယ်သွယ်စကား နောက်ဆွယ်ဖျား
ပါဗရား-ကို ထည့်ပါမည်။

ဘယ်သူဘယ်ဝါ မေးသောခါ ကောင်းစွာ ဘယ်သို့လျှောက်
မည်နည်း။

ဗရားတပည့်တော် နာမည်ဖော်၍ နောက်သော်ပါဗရား
ထည့်ဆက်ပြား ပြန်ကြားလျှောက်ပါမည်။

စားဇွယ်သုံးရာ အဖြာဖြာ ကောင်းစွာဘယ်သို့ကပ်မည်နည်း

နှစ်တောင့်ထွာတွင်း ဝဲဖက်ချဉ်းလျက် ဒူးစုံယှက် နှစ်ဖက်
ကပ်ပါမည်။

ထိုထိုအရာ ပေးသောခါ ကောင်းစွာဘယ်သို့ယူမည်နည်း။

ကိုယ်ကိုညွတ်လျက် လက်အုပ်ရှက် နှစ်ဖက်ယူပါမည်။

ကပ္ပိယဒကာ လျှောက်သောခါ ကောင်းစွာဘယ်သို့လျှောက်မည်နည်း။

အပ်သောအရာ တောင်းခံပါ လုံ့ရာညွှန်းဘို့လျှောက်ပါမည်

(လျှောက်ပုံ) ဝိတန် အပ်သော ဆွမ်း,သင်္ကန်းစသောပစ္စည်းများကို အလိုရှိသောအခါ တောင်းတော်မူပါဘုရား၊ လုံ့ဖြိုးရာ အရပ်ကို ညွှန်ပြတော်မူပါဘုရား။

ကပ္ပိယဒကာ လှဲသောခါ ကောင်းစွာဘယ်သို့လျှောက်မည်နည်း။

(က) ကပ္ပိယဒကာ သနားပါ ဦးစွာလျှောက်ပါမည်။

(ခ) အပ်သောအရာ သူ့ထံမှာ တောင်းပါလျှောက်ပါမည်။

(လျှောက်ပုံ) ကပ္ပိယဒကာ သနားတော်မူပါဘုရား၊ အရှင်ဘုရား၏ ကပ္ပိယဒကာ (မောင်ဖြူ)ထံ ဝိတန် အပ်သောပစ္စည်းများကို အလိုရှိသောအခါ တောင်းတော်မူပါဘုရား။

ပစ္စည်းလေးပါးဒကာ ဖိတ်သောခါ ကောင်းစွာဘယ်သို့လျှောက်မည်နည်း။

လောကီ,လောကုတ္တရာ ဆုံးမပါ လိုရာတောင်းဘို့လျှောက်ပါမည်။

(လျှောက်ပုံ) ဘုရားတပည့်တော် (မောင်ဖြူ)ပါဘုရား၊ အလိုရှိသော ပစ္စည်းများကို တောင်းတော်မူပါဘုရား၊ လောကီ လောကုတ္တရာ လိမ္မာယဉ်ကျေးအောင် ဆုံးမတော်မူပါဘုရား၊ တပည့်ဒကာ အမှတ်ပြုတော်မူပါဘုရား။

မိခင်ဖခင် ကျေးဇူးရှင် ထွက်ဝင်ဘယ်သို့ပြုမည်နည်း။
ဗရားအသွင် ရှိဦးတင် ထွက်ဝင်ပြုပါမည်။
လူကြီးမိဘ တွေ့ဆုံက တုတ်ကွဘယ်သို့ပြုမည်နည်း။
ရိုသေလေးစား ကိုယ်ညွတ်တွား ရှောင်ရှားပေးပါမည်။
အိပ်ရာဝင်လျှင် မအိပ်ခင် နေ့စဉ်ဘယ်သို့ပြုမည်နည်း။
ဗရား,သံဃာ ဆရာ,မိဘ ရှိဦးချ သီလယူပါမည်။

အပြင်ယဉ်ကျေးခြင်း (အဆင်း) ပြီးပြီ။

—∞∞—

## အတွင်းယဉ်ကျေးခြင်း။
## (အဆင်း)

"ဒုစ္စရိုက်တရား အကျဉ်းအား အပြားဘယ်မျှနည်း"
ကာယကံ သုံးပါး,
ဝစီကံ လေးပါး,
မနောကံ သုံးပါး-ပေါင်းဒုစ္စရိုက်အကျဉ်း ဆယ်ပါး
ဖြစ်ပါသည်။

ကာယသုံးလီ ဝစီလေးပါး သုံးပါးမနော အားလုံးနှော
မှတ်လေဒုစ္စရိုက်အကျဉ်း ဆယ်ပါးတည်း။

"ကာယကံသုံးပါး ဟူသည်ကား မှတ်သားဘယ်သို့နည်း"
သူ့သက်သတ်ခြင်း- ပါဏာတိပါတတပါး,
သူ့ဥစ္စာခိုးယူခြင်း- အဒိန္နာဒါန်တပါး,
သူ့သားမယား ကျူးလွန်ပြစ်မှားခြင်း- ကာမေသု
မိစ္ဆာစာရတပါး ပေါင်း ကာယကံ သုံးပါး ဖြစ်ပါသည်။

သူ့သက်သတ်ခြင်း ခိုးယူခြင်း မှားခြင်းသူ့မယား။

"ဝစီကံလေးပါး ဟူသည်ကား မှတ်သားဘယ်သို့နည်း"

လှည့်စားခြင်း- မုသာဝါဒတပါး,
ကုန်းတိုက်ခြင်း- ပိသုဏာဝါစာတပါး,
ဆဲရေးခြင်း- ဖရုသဝါစာတပါး,
အဖျင်းပြောခြင်း- သမ္ဖပ္ပလာပတပါး

ပေါင်း ဝစီကံ လေးပါး ဖြစ်ပါသည်။

လှည့်စား,ကုန်းချော အဖျင်းပြော ကြမ်းသောဆဲစကား။

"မနောကံသုံးပါး ဟူသည်ကား မှတ်သားဘယ်သို့နည်း"

သူ့ဥစ္စာကို ကိုယ့်ဥစ္စာဖြစ်လိုမှု ရှေးရှုကြံခြင်း-
အဘိဇ္ဈာတပါး,
သူတပါးကိုပျက်စီးစေလိုခြင်း- ဗျာပါဒတပါး,
အယူမှားခြင်း- မိစ္ဆာဒိဋ္ဌိတပါး

ပေါင်း မနောကံ သုံးပါး ဖြစ်ပါသည်။

သူ့ဟာလိုချင် ပျက်စေချင် အမြင်ယူဖေါက်ပြား။

"ဒုစ္စရိတ်တရား အကျယ်အား အပြားဘယ်မျှနည်း"

ကိုယ်တိုင် ပြုခြင်း- သာဟတ္ထိက ဆယ်ပါး,
တိုက်တွန်းခြင်း- အာဏတ္တိက ဆယ်ပါး,
ချီးမွမ်းခြင်း- ဝဏ္ဏဘာသဏ ဆယ်ပါး,
စိတ်တူခြင်း- သမနုညာ ဆယ်ပါး

ပေါင်း ဒုစ္စရိတ် အကျယ် လေးဆယ် ဖြစ်ပါသည်။

ကိုယ်တိုင်, တိုက်တွန်း ချီးမွမ်း, စိတ်တူ မြှောက်ပွါးမှု
မှတ်ယူဒုစ္စရိတ်အကျယ် လေးဆယ်တည်း။

"သုစရိတ်ဝယ် ကျဉ်း,အကျယ် မှတ်ဖွယ်ဘယ်သို့နည်း"

ဒုစ္စရိတ်တရား ရှောင်ရှားသမှု ကောင်းအောင်ပြု မှတ်ရှု သုစရိတ်ကျဉ်း,ကျယ်တည်း။

"ပုညကြိယာဝတ္ထုတရား အကျဉ်းအား အပြားဘယ်မျှနည်း"

အလှူပေးခြင်း- ဒါနတပါး,

ကိုယ်နှုတ်စောင့်ထိမ်းခြင်း- သီလတပါး,

ကမ္မဋ္ဌာန်း စီးဖြန်းပွါးများခြင်း- ဘာဝနာ တပါး,

အသက်သိက္ခာကြီးသောသူတို့ကို အရိုအသေပြုခြင်း-
အပစာယနတပါး,

အသက်သိက္ခာ ကြီးသောသူတို့၏ အမှုကိစ္စ၌
ကြောင့်ကြစိုက်ခြင်း- ဝေယျာဝစ္စ တပါး,

မိမိကုသိုလ်အဘို့ဘာဂကို အမျှပေးဝေခြင်း-ပတ္တိဒါနတပါး,

မိမိသူတပါးတို့၏ ကုသိုလ်ကို နှစ်လို ဝမ်းမြောက်စွာ
သာဓုခေါ်ခြင်း- ပတ္တာနုမောဒနတပါး,

တရားနာခြင်း- ဓမ္မဿဝဏတပါး,

တရားဟောခြင်း- ဓမ္မဒေသနာတပါး,

အယူကိုဖြောင့်မှန်စွာပြုခြင်း- ဒိဋ္ဌုဇုကမ္မတပါး

ပေါင်း ပုညကြိယဝတ္ထု အကျဉ်းဆယ်ပါးဖြစ်ပါသည်။

အလှူပေးခြင်း စောင့်ထိမ်းခြင်း ပွါးခြင်းဘာဝနာ။
ရိုသေပြုခြင်း မှုဆောင်ခြင်း ဝေခြင်းဘို့ဘာဂါ။
သာဓုခေါ်ခြင်း ကြားနာခြင်း ဟောခြင်းယူဖြောင့်စွာ။

"ပုညကြိယဝတ္ထုတရား အကျယ်အား အပြားဘယ်မျှနည်း"

မပြုခင်တုင်ရင်အားထုတ်ခြင်း- ပုဗ္ဗစေတနာဆယ်ပါး,

ပြုဆဲ- မုဉ္စစေတနာ ဆယ်ပါး,

ပြုပြီးနောက်ဝမ်းမြောက်ခြင်း- အပရစေတနာဆယ်ပါး, ပေါင်း ပုညကြိယဝတ္ထုအကျယ် သုံးဆယ်ဖြစ်ပါသည်။

ပုဗ္ဗ မုဉ္စ အပရဟု သုံးဝစေတနာ မြောက်ပွါးကာ မှတ်ပါ
ပုညကြိယ ဝတ္ထုအကျယ် သုံးဆယ်တည်း။

(တနည်း) ဒုစ္စရိတ်တရားကဲ့သို့ မြောက်ပွါး၍ အကျယ် အားဖြင့် လေးဆယ်ဖြစ်သင့်ပါသေးသည်။

ကိုယ်တိုင်,တိုက်တွန်း ချီးမွမ်းစိတ်တူ မြောက်ပွါးမှု မှတ်ယူ
ပုညကြိယဝတ္ထုအကျယ် လေးဆယ်တည်း။

"ပုညကြိယ ဝတ္ထုဆယ်ပါးကို ဒါန သီလ ဘာဝနာသုံးပါးသို့ သွင်းလျှင် အဘယ်ကို အဘယ်သို့ သွင်းမည်နည်း"

ပတ္တိဒါန,ပတ္တာနုမောဒန နှစ်ပါးကို ဒါနသို့သွင်းပါမည်။
အပစာယန,ဝေယျာဝစ္စနှစ်ပါးကို သီလသို့သွင်းပါမည်။
ဓမ္မဿဝဏ,ဓမ္မဒေသနာ, ဒိဋ္ဌုဇုကမ္မသုံးပါးကို ဘာဝနာသို့သွင်းပါမည်။

တနည်း ဒိဋ္ဌုဇုကမ္မကို သုံးပါးလုံးသို့ သွင်းပါမည်။

ဒါန သီလ ဘာဝနာ သုံးပြာစဉ်၍ခင်း။
စ,နှစ်လယ်မှာ လယ်စမှာ နောက်မှာနောက်သုံးသွင်း။
တနည်းသော်ကား နောက်တပါး သုံးပါးလုံးသို့သွင်း။

"လူမိုက်လက္ခဏာ မှတ်ဖွယ်ရာ ကျမ်းလာဘယ်မျှ ရှိသနည်း"

မကောင်းသော အကြံကို ကြံခြင်း-ဒုစ္စိန္တိတတပါး,
မမှန်သောစကားကို ပြောခြင်း-ဒုဗ္ဘာသိတတပါး,
မတရားသောအမှုကို ပြုခြင်း- ဒုက္ကဋကမ္မကာရီတပါး,

ပေါင်း ...လူမိုက်လက္ခဏာ သုံးပါးဖြစ်ပါသည်။

မကောင်းသောအကြံ မမှန်သောစကား မတရားသော
အမှု ၍သုံးခု မှတ်ရှုလူမိုက်လက္ခဏာ။

"ပညာရှိလက္ခဏာ မှတ်ဖွယ်ရာ ကျမ်းလာဘယ်မျှရှိသနည်း"
ကောင်းသောအကြံကို ကြံခြင်း- သုစိန္တိတပါး,
မွန်သောစကားကို ပြောခြင်း- သုဘာသိတပါး,
တရားသောအမှုကို ပြုခြင်း- သုကိရိယာတပါး
ပေါင်း ပညာရှိလက္ခဏာ သုံးပါးဖြစ်ပါသည်။

ကောင်းသောအကြံ မွန်သောစကား တရားသောအမှု
ဤသုံးခု မှတ်ရှု ပညာရှိလက္ခဏာ။

အတွင်းယဉ်ကျေးခြင်း (အချင်း). ပြီးပြီ။

## ဒုစရိုက် သုစရိုက် အပြစ် အကျိုး။

၁။ ပါဏာတိပါတ် သူ့သက်သတ်က ချို့လတ်အင်္ဂါ မွဲပြာရုပ်သွင် အားအင်ယိုယွင်း လျင်ခြင်းလည်းဝေး ဘေးကိုကြောက်တတ် အသတ်ခံရာ အနာများလျက် ချွေရံပျက်၍ အသက်တိုလျ ပြစ်များစွ၏။

၂။ သူ့များဥစ္စာ ခိုးဝှက်ယူ ဥစ္စာနည်းမွဲ ဆင်းရဲငတ်ထ လိုမရနှင့် ဘော်ဂပျက်စီး ရေမီးသူခိုး မွေခံဆိုးနှင့် မင်းဆိုးအပြား ရန်မျိုးငါးကြောင့် ပျက်ပြားဥစ္စာ ပြစ်များစွာ၏။

၃။ မိစ္ဆာစာရ လွန်ကျူးကမှု မုန်းကြသူများ ရန်သူပွါး၏ ပါးရှားလာဘ ချမ်းသာပ၍ မိန်းမပဏ္ဍုက် မျိုးယုတ်ခါခါ မျက်နှာမလှ အရှက်ရဘည်း လက္ခဏာညွှန့် ယွင်းသွေ့ချို့သိမ် စိုးရိမ်များစွာ ချစ်သူကွာ၏။

၄။ မုသားစကား ဆိုဒြင်းပြု စကားမပီ သွားမညီနှင့် ပုတ်ညှီပစပ် ခြောက်ကပ်ကိုယ်ရေ ဣန္ဒြေနောက် ပုံယွင်း

ဖေါက်၏ မရောက်အာဟာ နှုတ်လျှာကြမ်းထော် လျှပ်ပေါ်
လော်လည် စိတ်မကြည်တည်း။

၅။ သေရည်သောက်လင့် သင့်မသင့်၌ ရေးခွင့်မသိ ပျင်း
ရိမိုက်ရူး ကျေးဇူးမဆပ် ဟိရောတ္တပ်ကင်း ခပင်းများထို
အကုသိုလ်ကို မငြိုလွယ်စွာ ပြုဖြစ်ရာ၏။

ပါဏာတိပ စသည်ငါးတန် စောင့်ထိမ်းမှန်လည်း အ
ပြန်ထိုမှ ကောင်းကျိုးရဟု သာရတ္ထသင်္ဂဟော ကျမ်းဆိုပေ
သည် ငါးထွေသီလ ပြစ်ကျိုးတည်း။

# သိင်္ဂါလောဝါဒသုတ်ထွက်
# ကျင့်ဝတ်များ။

တလောကလုံး ညွှတ်ရုံးဦးချ နှိုင်းမမျှသား ဗရားရှေ့
စက် ရောင်ပြိုးပြက်ကို ဦးထက်တင်ထား ရှိညွှတ်တွား၍
သားနှင့်မိဘ တပည့်စသည် ပြုရအံ့ဝတ် ချွတ်မှုပါယ်ရှာ
လားမည်တာကြောင့် သုတ်ပါထေယျ ကျမ်း၌ပြသည် လော
ကကျင့်ရာ အကျဉ်းမှာပိမ့် နှုတ်ရှာဘို့လုံးလုံး ကျက်၍သုံး။

### သားသမီးကျင့်ဝတ် ၅ ပါး။

ကျွေးမွေးမပျက် ဆောင်ရွက်စီမံ မွေခံထိုက်စေ လူမျိုး
၍ စောင့်လေမျိုးနွယ် ဝတ်ငါးသွယ် ကျင့်ဖွယ်သားတို့တာ။

### မိဘကျင့်ဝတ် ၅ ပါး။

မကောင်းမြစ်တာ ကောင်းရာညွှန်လတ် အတတ်သင်
စေ ပေးဝေနှီးရင်း ထိမ်းမြားခြင်းလျှင် ဝတ်ငါးအင် ဖခင်
မယ်တို့တာ။

တပည့်ကျင့်ဝတ် ၅-ပါး။

ညီညာထကြွ ဆုံးမနာယူ လာမူကြိုဆီး ထံနည်းလုပ်ကျွေး သင်တွေးအံရွတ် တပည့်ဝတ် မချွတ်ငါးခုသာ။

ဆရာကျင့်ဝတ် ၅ ပါး။

အတတ်လည်းသင် ပဲ့ပြင်ဆုံးမ သိပ္ပမချန် ဘေးရန်ဆီးကာ သင့်ရာအပ်ပို ဆရာတို့ ကျင့်ဖို့ဝတ်ငါးဖြာ။

လင်ကျင့်ဝတ် ၅ ပါး။

မထေမဲ့ကင်း အပ်နှင်းဥစ္စာ မိစ္ဆာမမှား ဝတ်စားဆင်ယင် မြတ်နိုးကြင် ငါးအင်လင်ကျင့်ရာ၊

မယားကျင့်ဝတ် ၅ ပါး။

အိမ်တွင်းမှုလုပ် သိမ်းထုပ်သေချာ မိစ္ဆာကြဉ်ရှောင် လျှော်အောင်ဖြန့်ချိ ပျင်းရိမမှု ဝတ်ငါးဆူ အိမ်သူကျင့်အပ်စွာ

မိတ်ဆွေကျင့်ဝတ် ၅ ပါး။

ပေးကမ်းချီးမြှင့် ကိုယ်နှင့်ယှဉ်ထား စီးပွားဆောင်ရွက် နှုတ်မြွက်ချိုသာ သစ္စာမှန်စေ ဝတ်ငါးထွေ ကျင့်လေမိတ်သဟာ။

သခင်ကျင့်ဝတ် ၅ ပါး။

ဝတ္ထာကျွေးမွေး ပြုရေးစီရင် နာလျှင်ကုစေ ငှဝေရသာ အခါကိုလွှတ် အရှင့်ဝတ် မချွတ်ငါးခုသာ။

ကျွန်ကျင့်ဝတ် ၅ ပါး။

အိပ်သော်နောက်ကျ ထသော်ကားရှေး ပေးမှယူအပ်

စေ့စပ်ဆောင်ရွက် ကျေးဇူးမြွက် ငါးချက်ကျွန်ကျင့်ရာ။

ဒါယကာကျင့်ဝတ် ၅ပါး။

မေတ္တာစိတ်သက် ဆောင်ရွက်ချစ်ကြင် ခင်မင်နှုတ်ချို လိုလျှင်ဖိတ်ထား တတ်အားလှူစေ ဝတ်ငါးထွေ ပြုလေဒါယကာ။

ရဟန်းကျင့်ဝတ် ၅ပါး။

မကောင်းမြစ်တာ ကောင်းရာညွှန်လစ် အသစ်ဟော ကြားနာဘူးထပ်မံ နတ်ထံတင်ရာ မေတ္တာလည်းပြု ရဟန်းမှု ခြောက်ခုလွန်ဧသချာ။

ကျမ်းသိင်္ဂါလ သုတ်ဝယ်ပြ သုံးဝမြွတ်ဆရာ။

ကျင့်ဝတ်မပြေ ပါယ်လေးထွေ လားလေရှည်မြင့်ကြာ။

ဤသည့်ဝတ်ကုန် ဆွေမျိုးစုံ ခြောက်ဘုံထက်နတ်ရွာ။

လှည်းဘီးပြင်က နားစောင့်ချသို့ မိဘနှင့်သား မယားနှင့်လင် အရှင်နှင့်ကျွန် ထေရ်မှန်ဒကာ မိတ်သဟာနှင့် ဆရာတပည့် တည့်တည့်မချွတ် ကျင့်ဝတ်စုံလင် ဖြူသန့်စင်မှု ရှင်လည်းမကွေ့ သေလည်းမကွာ နတ်ရွာလူ့ပြည် လှည့်လည်အတူ စံစားမှု၍ နိဗ္ဗူရွှေပြည် ဝင်အံ့သည်တည့် မတည်ကျင့်ဝတ် ချွတ်သူတို့မှာ မလွတ်သာသည် လေးရွာဆိုလုံးလုံး လူဖြစ်ရှုံး။

ဥစ္စာပျက်ကြောင်း ၆ ပါး။

သေစာသောက်စား လမ်းသွားခါမှဲ့ ရှင့်သဘင်ပျော် ရှင်အန်လောင်း မကောင်းမိတ်ဖျင်း ပျင်းရိခြင်းကား ယိုယွင်းဥစ္စာ ပျက်ကြောင်းတည်း။

## သေရည်သေရက် သောက်စားခြင်း အပြစ် ၆ ပါး။

ဥစ္စာယုတ်ခြင်း ငြင်းခုံများစွာ ရောဂါထူပြော ကျော်စောမဲ့တုံ မလုံအင်္ဂါ ပညာနည်းရှား ဤခြောက်ပါးကား သောက်စားသေစာ အပြစ်တည်း။

## အခါမဲ့ သွားလာခြင်း အပြစ် ၆ ပါး။

ကိုယ့်သားမယား တခြားဥစ္စာ လုံစွာမဲ့ရှောင်း မကောင်းအရာ ရှုံရှာလေအပ် ရိုးစွပ်ရောက်မှု ဆင်းရဲစု ခြောက်ခုခါမဲ့သွားပြစ်တည်း။

## သဘင်ပွဲလမ်း အပြစ် ၆ ပါး။

ကခြင်းတလီ သီခြင်းတသီး မှုတ်တီးတသင်း ပြိန်ဖျင်းတအုပ် လက်ခုပ်တတည် အိုးစည်ဇာဖြာ ရှိရာရှာ၍ ဥစ္စာပျက်မှု ဤခြောက်ခုကား ကြည့်ရှုသဘင် အပြစ်တည်း။

## လောင်းတန်းကစားသူ အပြစ် ၆ ပါး။

အောင်သူရန်ပွါး ရှုံးသားစိုးရိမ် စည်းစိမ်လျှော့ပါး တရားသဘင် မဝင်သက်သေ မိတ်ဆွေနှိမ့်ဆို မလိုထိမ်းမြား ဤခြောက်ပါးကား ပျော်ပါးကြွေအန်အပြစ်တည်း။

## မိတ်ဆွေပျက် ၆ ပါး။

ကြွေအန်ကျူးထ မိန်းမကျူးထွေ သေစာကျူးမှု အတုပြုငြား လှည့်စားတထောက် မျက်မှောက်လှည့်ချက် နှိုင်ထက်လုယူ ဤသူခြောက်ပါး မိတ်ဖြစ်လားကြောင့် ပျက်ပြားမိတ်ဆွေအပြစ်တည်း။

ပျင်းရိခြင်းအပြစ် ၆ ပါး၊

အချမ်းပြင်းဝှန် အလွန်ပူနိုး မိုးချုပ်လှမော စောလှ လွန်းယောင် ဆာလောင်ပြင်းပြ ဝမ်းဝလွန်းထွေ နေကြ ပညာ မပွါးရာသည် ခြောက်ဖြာပြင်းသူအပြစ်တည်း။

အကြီးအကဲ ကျင့်ဝတ် ၆ ပါး။

ထကြွ,နိုးကြား သနား,သည်းခံ ဝေန်ဘန်,ကြည်ရှု ဤ ခြောက်ခုကား ကြီးသူ့ကျင့်ရာတရားတည်း။

ကိုယ်ကျိုးကိုသာ ငဲ့သော အဆွေခင်ပွန်းတု ၄ ယောက်။

လက်ချည့်လာ၍ ဥစ္စာခဆောင်သယ် နည်းငယ်ဖြင့်သာ များစွာလိုရှိ ဘေးထိ၍ရောက်ခါ ပြုတုံလာတိ မမိကျိုးငှာ မှီ လာပေါင်းယှဉ် လေးယောက်စဉ်ကား အညဒတ္ထုရဟာတည်း။

နှုတ်ဖြင့်သာ ဟန်ဆောင်တတ်သော အဆွေခင်ပွန်းတု ၄ ယောက်။

ရှေးဖြစ်စေ့စပ် တထပ်နောက်မှီး ချည်းနှီးသဂြိုဟ် ပေး လိုစဟန် ပစ္စုပ္ပန်မူ ပြည့်နှပ်ပျက်ပြား ဤလေးပါးကား မှတ် သားဝစီပရမတည်း။

ချစ်ဘွယ်ကိုသာ ဆိုတတ်သော အဆွေခင်ပွန်းတု ၄ယောက်။

မကောင်းခွင့်ပြု ကောင်းမှုကိုလျှင် ဆင်ခြင်မရှု ခွင့်ပြု သည်ပင် ရှေ့တွင်ချီးမွန်း ဖုံးလွှမ်းကွယ်လျှင် ကွဲ့ရဲ့ချင်သည် လေးအင်ပီယဘာဏီတည်း။

ကျေးဇူးရှက်သောင်တတ်သော အဆွေခင်ပွန်းစစ် ၄ ယောက်။

မေ့ခလျော့စောင့်လာ ဥစ္စာစောင့်ရှောက် ဘေးရောက်

ကိုးကွယ် ပြုဘွယ်ရှိက နှစ်ဆဥစ္စာ ချေပေးလာသည် လေး ဖြာဥ--ကာရတည်း။

**ဆင်းရဲမကွာ ချမ်းသာမပစ်သော အဆွေခင်ပွန်းဒ်စ် ၄ ယောက်။**

လျှို့ဝှက်စကား ကြားစေတုံလျက် သူလျှို့ဝှက်၍ ဘေး တွေ့မစွန့် မတွန့်တိုပါသူ့ ကိုညှာလျက် ကိုယ်သက်စွန့်မြောက် ဤလေးယောက်ကား မျှလောက်ချမ်းသာဆင်းရဲတည်း။

**အကျိုးစီးပွါးကိုပြောကြားတတ်သောအဆွေခင်ပွန်းစစ် ၄ယောက်**

မကောင်းမြစ်ထာ ကောင်းရာသွင်းထား မကြားစ တောင်း အကြောင်းကြားလာ နတ်ရွာလမ်းပြ ဤလေးဝ ကား မည်ရ အတ္ထက္ခာယီတည်း။

**အစဉ်သနားတတ်သော အဆွေခင်ပွန်းစစ် ၄ ယောက်။**

ဥစ္စာခမ်းနား မပွားသမြို့ မနှစ်လို့ပြား ပွားကရှင်မြူး ကျေးဇူးမဲ့ကို ဆိုသော်တားမြစ် ကျေးဇူးဖြစ်ကို ဆိုသော် ချီးမွမ်း သူတို့တမ်းကား မိတ်ကျွမ်းအနုကမ္ပတည်း။

**အလေးအမြတ် ပြုအပ်သော အရပ် ၆ မျက်နှာ။**

အဲ့ရှေ့မိဘ တောင်မှာဆရာ နောက်မှာမယား မြောက် ကားမိတ်ဆွေ အောက်ခြေကျွန်များ အထက်ဖျားကား ပုဏ္ဏားရဟန်းခြောက်ရပ်တည်း။

**မျက်စီးလွှယ်သောသူ ၄ ယောက်။**

**သောက်**ထုတ်သေရက် ညဉ့်နက်လမ်းသွား ရှုစားသဘင် ပျော်ရွှင်အနိစာ လေးရပ်မှာပင် တကွထင်သည် လေးအင် ပါပသဟဲတည်း။

### အလောင်းအလျာတို့ အလိုတော် ၆ ပါး။

လောဘဒေါသ မောဟကင်းလို တော်ခိုတဖြာ ဆိတ်ရာ ငြိမ်သက် ဝင့်မှထွက် ခြေခံချက်လောင်းလျာလိုတော်တည်း။

### မပြတ် ဆင်ခြင်ရာသော တရား ၅ ပါး။

အိုခြင်းတဖြာ နာခြင်းတထွေ သေခြင်းတခြား ကွဲပြား တတန် ကံလျှင်ဥစ္စာ ဤငါးဖြာကို မကွာနေ့ည ဥာန်သက်ဝင်၍ ဆင်ခြင်ကြ။

### အကျိုးဆောင်သော တရား တပါး။

သေခြင်းတပါး ဤတရားကား စီးပွားများမြောင် အကျိုးဆောင်သည် အိုအောင်အောက်မေ့ စီးဖြန်းကြ။

### ကျင့်ဝတ် ပြီး၏။

—❧❧—

# ဝိသုဒ္ဓါရုံ ဆုတောင်း။

ဤသို့ပြုရ ကုသလကြောင့် ဒုက္ခခပ်သိမ်း ပူဇာတ်ငြိမ်း၍ ပျော်ကိမ်းစံရာ မြိုက်ချမ်းသာသို့ လျင်စွာထုတ်ချောက် ကျွန်း မထောက်ဘဲ ဆိုက်ရောက်ရလို တောင်းဆုဆို၏ ထိုထိုမြင့်ရှည် ဖြစ်လေသည်၌ ဇာနည်ဥက္ကင့် ယောကျ်ားမြတ်တည်း အတတ်ပညာ တတ်ကောင်းရာကို ကြားကာမြင်မျှ တတ်စွမ်းရလို တောက်တပိုတည်း ကုသိုလ်ထုံမှီ ပါရမီလည်းရှင်ကြည်မြေ ဖြည့်ကျင့်ရလို မကောင်းဆိုက အနိဋ္ဌတို့ ဝေးမှ ရှောင်သွေ ကြဉ်ဖဲ့စေတည်း ကောင်းလေသမျှ တွေ့ကြုံမိရ၍

အတ္တပရာ လွှယ်ကူစွာဖြင့် ချမ်းသာလေအောင် ကြိုးပမ်းဆောင်သည့် ဥာန်ရောင်အလင်း ဆိုးကောင်းခြင်းကို ဖေါက်ထွင်းသိမြင် သမ္ဗုဇဉ်လည်း အစဉ်မကွာ နတ်ဗြဟ္မာနှင့် ဗိုလ်ပါလူများ မေတ္တာအားဖြင့် လေးစားကြည်ညို ကိုယ့်အလိုသို့ မငြိုလိုက်စေ သူလိုပေလည်း မသွေလွှယ်စွ ဖြည့်ပေးရလို ဘောဂရိပ်ငြိမ် ရွှေနန်းအိမ်နှင့် စည်းစိမ်ကြွယ်ငွေး ကိုယ်မပေးက တရွေးလောက်ပင် ချည်တမျှင်မျှ ယူငင်ခိုးဝှက် မလုယက်စေ သဒ္ဒါစွေ၍ ဖြန့်ဝေရွှင်လန်း ပေးလှူဒါန်းလည်း မခမ်းကိုလို နယ်လုံးတုန်၍ ဆန်စုန်လူနတ် ပါယ်မကပ်ပဲ ထက်ရပ်ကချည်း စံ၍ငြီးသော် ကန့်ကော်ပင်မြေ ပလ္လင်ဗွေ၌ လေးထွေသစ္စာ ခိုင်ရှေကြာကို ဥုးစွာဆွတ်ခူး သောင်းတိုက်မှူး၏ ဖြန့်ဖြူးဝေငှ မြတ်ဓမ္မကို ပဒနှင့်သာ နာယူကာဖြင့် လျှင်စွာမြင်သိ ခေါဟေိနှင့် ဥဿာဂိုတဉ် အမည်တွင်သည့် ထေရ်ရှင်မှဟော ဖြစ်ရစေသား ခြောက်ထွေဘိညာ ဈာန်ရှစ်ဖြာနှင့် လေးဖြာပတိသမ် ဘွဲ့ထူးခံ၍ နာမံထင်ရှား သတ္တွာများကို မခြားကိုယ်တူ ဘေးမဲ့ငှုသို့ ဆောင်ယူရလို မငြင်ညိုတည်း ကုသိုလ်ပုည ဖို့ဘာဂကို နန္တဂိုဏ်းဝင် မွေးမိခင်နှင့် ဖခင်ဆရာ ယမန္တွာဘည်း လူ့ရွာနတ်ချပ် ကြွင်းမလပ်စေ ပေးငှဝေ၏ သက်သေခံပြု မြေအထုသည် သာဓု-သာဓု ကောင်းချီးပေးစေသော် ...။

ဝိသုဒ္ဓါရုံ ကောသလ္လဿ, ဝိသုဒ္ဓါရုံ ဗဟာဟုနော၊
ဝိသုဒ္ဓါရုံ လင်္ကာရဿ, ဝိသုဒ္ဓါရုံ နယောအယံ။

ဝိသုဒ္ဓါရုံ ဆုတောင်း ပြီး၏

ဂေါတမ ဗုဒ္ဓုပ္ပတ္တိ ဝန္နနာ

## အကျဉ်းချုပ် ဗုဒ္ဓဝင် ဘုရားရှိခိုး ကဗျာ။

(၁) ဒီပင်္ကရ ဗုဒ္ဓရှေ့မှာ
သုမေဓလောင်းဟိတ် ဗျာဒိတ်ခံကာ
ပါရမီပေါင်း စုဆောင်းပြီးခါ
တုသိနန်း စံမြန်းပေတော့ရှာ။
(၂) သေတကေတု ခေါ်မှုနတ်တွင်
နတ်မြဗ္ဗာပေါင်း ခညောင်းဦးတင်
စုတေဆင်းကြွ ကပိလတွင်
မာယာမိ စွဲညီသန္ဓေဝင်။
(၃) နေပြည်တော်များ အကြား၌သာ
လုမ္ဗနီတော သာမောဘွယ်ရာ
လေကမ္ဘဇ လှုပ်ကြွထိုမှာ
သားတော်လောင်း ကောင်းကောင်းဘွားမြင်လာ။
(၄) သိဒ္ဓတ်လောင်းညွှာက် ဆဲ့ခြောက်နှစ်သော်
ရမ္မသုဘ သုရမ္မခေါ်
သုံးဆောင်နန်းမ လှည့်ကြစံပျော်
ယသော်အား မြှောက်စားဒေဝီမော်။
(၅) တန္ဓေသော်ကား ထွက်သွားဥယျာဉ်
သူအို-စသား လေးပါးကိုမြင်
ယသော်အိပ်တုံး တိပ်ပုံးညဥ့်တွင်
မောင်ဆန်အား ခေါ်သွားတောသို့ဝင်။
(၆) အနော်မာကမ်း စခမ်းရောက်လျှင်
ဆံတော်ပယ်ဖြတ် မိုးရပ်မြှောက်တင်
ကြာတော်သက်နှံး ဆင်မြန်းကိုယ်တွင်
မောင်ဆန်လည်း ဝမ်းနည်းပြည်တော်ဝင်။

(၇) အစဉ်ကြွသွား ရောက်ငြားရာဇဂြိုဟ်
ထိုမြို့တော်တွင်း ခံလျှင်းဆွမ်းကို
တောင်ပဏ္ဍဝ ဘေးမှဂ.ပ်ခို
ဆွမ်းဃောထွေး ဘုန်းပေးရှာတော့ကို
(၈) ဈာန်ယ‌ဉ်ပျော်မွေ့ ရသေ့နှစ်ဘော်
အာဠာရနှင့် ဥဒကခေါ်
ယင်းတို့ထံနီး ကပ်ပြီးလောင်းတော်
နှစ်မတွေ့ ပစ်၍ကြွပြန်သော်။
(၉) ဥရုဝေတော ရှင်မောခိုဝင်
ခြောက်နှစ်ပတ်လုံး ကျင့်သုံးအရှင်
ဉာဏ်တော်မပေါက် ညှိုးခြောက်အားအင်
မဟုတ်သေး ကြံတွေးဆွမ်းခံပင်။
(၁၀) ပြည်ညောင်ပင်ရင်း ကပ်ချဉ်းနေစဉ်
သုဇာတာလည်း ထံနီးခိုဝင်
ဂဏာနို့ဆွမ်း လှူဒါန်းယူငင်
နေရဉ်ကမ်း ကြွမြန်းသုံးဆောင်ရှင်။
(၁၁) လုံးစုံမုနိသ် ဘိသိက်ခံရာ
အောင်မြေဗောဓိ ဘူမိဘွင့်ခြာ
ပလ္လင်တော်ထက် ရွှေဘက်လှည့်ကာ
ညောင်ကျောပြု ထိုင်မူလောင်းလျှာ။
(၁၂) ထိုသို့ထိုင်လျှင်း မာရ်မင်းသေနာ
ဝန်းကျင်လေးရပ် ချဉ်းကပ်လို့လာ
ပါရမီဆွဲ ထိုင်မြဲထိုင်က.ာ
မာရ်နတ်စစ် တွန်းပစ်ပယ်လှန်ခွါ။
(၁၃) ထိုည့်ဥ္အတွင်း ဖေါက်ထွင်းဉာဏ်တွေ
မာရ်လျှင်ငါးပါး ပယ်ရှားအောင်ဧလ
အာရုဏ်ကျင်း၍ အလင်းရောင်ဝေ
ဘုံသုံးပါး ဗရားဖြစ်ခဲ့မေ။

(၁၄) ပလ္လင်ဗောဓိ အနိမိသာ
စင်္ကြမနှင့် ရတနဃရာ
အဇပါလ မုစလိန္ဒာ
ရာဇာယ ညွှန်းပြသတ္တဋ္ဌာ။
(၁၅) ပလ္လင်ဌာန ဗုဒ္ဓမြတ်စွာ
ခုနစ်ရက်လုံး စွဲသုံးမွေ့ကာ
ထိုနည်းတူဘိ ကြွင်းသည့်ဌာနာ
မြတ်ဗရား လှည့်သွားစံခဲ့ပါ။
(၁၆) သဟမ္ပတိ မည်ရှိဗြဟ္မာ
တောင်းပန်လျှောက်ထား သနားငဲ့ညှာ
ရှေးဦးအစ မိဂဒါမှာ
ပဥ္စဝဂ် ဟောမြွက်မြတ်စကြာ။
(၁၇) ပဥ္စဝဂ်အား ဟောကြားပြီးခါ
ထိုထိုတိုင်းမြို့ လှည့်လှုံ့ကြွကာ
လေးဆယ်နှင့်ငါး တရားမိုးရွာ
လောကတွင်း ပူပြင်းအေးစေပါ။
(၁၈) သက်တော်သီတိ ရောက်ရှိမြတ်စွာ
ကုသိနန်းမြို့ နွှမ်းလှုံ့ကြွရာ
ဥယျာဉ်အင်ကြင်း အတွင်းညွှမ်မှာ
ပရိနိဗ် ဆုံးပိတ်စံတော်ပါ။
(၁၉) ဤသို့ထုပ္ပတ် ဖွင့်လှပ်စုံစွာ
အာရုံစွဲကပ် လေးမြတ်ကြည်သာ
ရှင်တော်ဂုဏ်များ စဉ်းစားခါခါ
လက်စုံမိုး ရှိခိုးကန်တော့ပါ။
(၂၀) ဤသို့ညွှတ်လျှိုး ရှိခိုးရပါ
ကုသိုလ်မျိုးကြောင့် ဘေးဆိုးကင်းကွာ
တဏှာမြစ်ရင်း ပယ်ခွင်းလျင်စွာ
အမြိုက်ပန်း ဆင်မြန်းရလိုပါ။ ။

# ဓမ္မစကြာအမွှန်း။

## နိမိတ်ကြီး (၃၂)ပါး။

—⟡⟡—

သုံးလူထွင်ထား တို့စောဖျား၏ တည်ဖွါးဖြစ်ရာ စက်လှည့်
ခါ၌ ကမ္ဘာမြေမိုဃ်း ဖြန်းဖြန်းကျူးသည့် တန်ခိုးရွှေဖြစ် သုံးဆဲ့နှစ်
ကို ညီလစ်ကျမ်းချင်း လက်ာကျင်းအံ့.... [၁]ဆင် [၂]မြင်း [၃]တူရိယာ
[၄]အလက်ာတို့ ဘာသာမည်ကြ [၅]ကာကျ်ား [၆]ဆွံ့ [၇]အနှင့် [၈]ဂုံးကွ
[၉]နှားပင်း [၁၀]သတိကင်းတည့် [၁၁]နှောင်သွင်းအပ်သူ [၁၂]နာသော
သူတို့ သွင်မှုပြောင်းကြ ချမ်းသာရ၏ [၁၃]စုန်ထဆန်ပေ သင်္ဘော
လှေလည်း တည်နေဆိပ်ရင်း ကပ်လာချဉ်း၏ [၁၄]ပြောင်ဝင်းနဝရတ်
မိုးမြေရပ်တည်း [၁၅]ရှစ်ထပ်ငရဲ မီးငြိမ်းစဲ၏ [၁၆]မြစ်ထဲရေတန့် [၁၇]
မိုက်မှောင်ပြန့်သည့် လောကန္တထိန်လင်း [၁၈]သမုဒ်တွင်း၌ ဖြန့်ခင်း
သင်ဖြူး [၁၉]ရေချိုထူး၏ [၂၀]လေရူးမလာ [၂၁]ငှက်ရကျ်ာကို မဝဆာပွင့်
သီး [၂၂]နေမင်းကြီးလည်း ထန်သီးမပူ [၂၃]လစန်းမှုး ပြိုင်ဘုန်းကွတ်
ရောင်ခြည်လွှတ်၏ [၂၄]မိုးရပ်သစ်ပင် ငှက်ဝေဟင်တို့ ငါးတွင်ခကြ
[၂၅]လေးဒီပ၌ ချိုမြရေမိုး ရွာသွန်းဖြိုး၏ [၂၆]ဘုံကြိုးပိုင်လတ် အံ့
နတ်နတ်တို့ တီးခပ်ဆိုက ပျော်မြူးကြ၏ [၂၇]ပွင့်ထတ်ခါး [၂၈]လူအ
များတို့ ကင်းငြားငတ်မွတ် [၂၉]ရန်ဖက်ခေတ်လည်း ချစ်လတ်ချင်း
ချင်း [၃၀]တွေ့ဆုံလျှင်းက ချစ်တင်းဆိုကြ [၃၁]ပြိတ္တာဝ၏ [၃၂]လော
ကဓာတ်ပေါင်း တိုက်တသောင်း၌ ပန်းပေါင်းနှံ့သာ ခိုးထုံငွေ့ငှင့်
ကြက်လျှာတံခွန် ဖြိုးဖြိုးဝှန်သည် ထူးချွန်အံ့ဖွယ်ဘနန်းတည်း။

# ဓမ္မစက္က ပဝတ္တန သုတ္တံ။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ဆေတွာန ဘဝစက္ကဿ, ဓမ္မစက္ကံ ပဝတ္တယိ၊
စက္ကဝတ္တိ ဝရော နာထော, သုတ္တန္တံ ဘဏာမ ဟေ။

ဧဝံ မေ သုတံ၊ ဧကံ သမယံ ဘဂဝါ ဗာရာဏသိယံ ဝိဟရတိ ဣသိပတနေ မိဂဒါယေ၊ တတြ ခေါ ဘဂဝါ ပဉ္စဝဂ္ဂိယေ ဘိက္ခူ အာမန္တေသိ၊

ဒွေမေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန န သေဝိတဗ္ဗာ၊ ကတမေ ဒွေ၊ ယောစာယံ ကာမေသု ကာမသုခလ္လိကာနုယောဂေါ ဟီနော ဂမ္မော ပေါထုဇ္ဇနိကော အနရိယော အနတ္ထသံဟိတော၊ ယောစာယံ အတ္တ ကိလမထာနုယောဂေါ ဒုက္ခော အနရိယော အနတ္ထသံဟိတော၊ ဧတေ ခေါ ဘိက္ခဝေ ဥဘော အန္တေ အနုပဂမ္မ မဇ္ဈိမာ ပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ စက္ခုကရဏီ ဉာဏကရဏီ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ၊ ကတမာ စ သာ ဘိက္ခဝေ မဇ္ဈိမာ ပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ စက္ခုကရဏီ ဉာဏကရဏီ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ၊

အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ၊ သေယျထိဒံ သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပေါ, သမ္မာဝါစာ, သမ္မာကမ္မန္တော, သမ္မာအာဇီဝေါ, သမ္မာဝါယာမော, သမ္မာသတိ, သမ္မာသမာဓိ၊ အယံ ခေါ သာ ဘိက္ခဝေ မဇ္ဈိမာ ပဋိပဒါ တထာဂ

တေန အဘိသမ္ဗုဒ္ဓါ စက္ခုကရဏီ ဉာဏကရဏီ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ၊

(က) ကတမံ ခေါ ပန ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ၊ ဇာတိပိ ဒုက္ခာ, ဇရာပိ ဒုက္ခာ, ဗျာဓိပိ ဒုက္ခော, မရဏမ္ပိ ဒုက္ခံ, အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော, ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော, ယမ္ပိစ္ဆံ န လဘတိ၊ တမ္ပိ ဒုက္ခံ၊ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ။

(ခ) ကတမံ ခေါ ပန ဘိက္ခဝေ ဒုက္ခသမုဒယော အရိယသစ္စံ၊ ယာယံ တဏှာ +ပေါနောဘဝိကာ နန္ဒိရာဂ သဟဂတာ တတြ တတြာ အဘိနန္ဒိနီ၊ သေယျထိဒံ- ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာ။

(ဂ) ကတမံ ခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓော အရိယသစ္စံ၊ ယော တဿာ ယေဝ တဏှာယ အသေသ ဝိရာဂ နိရောဓော စာဂေါ ပတိနိဿဂ္ဂေါ မုတ္တိ အနာလယော။

(ဃ) ကတမံ ခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓဂါမိနီ ပတိပဒါ အရိယသစ္စံ၊ အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ၊ သေယျထိဒံ- သမ္မာဒိဋ္ဌိ ၊လ၊ သမ္မာသတိ, သမ္မာသမာဓိ။

(၁) ကတမံ ဒုက္ခံ အရိယသစ္စန္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ, ဉာဏံ ဥဒပါဒိ, ပညာ ဥဒပါဒိ, ဝိဇ္ဇာ ဥဒပါဒိ, အာလောကော ဥဒပါဒိ။

(၂) တံ ခေါ ပနိဒံ ဒုက္ခံ အရိယသစ္စံ ပရိညေယျန္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒ

+ ပေါနဗ္ဘဝိကာ။

ပါဒိ ၊လ၊ အာလောကော ဥဒပါဒိ။

(၃) တံ ခေါ ပနိဒံ ဒုက္ခ အရိယ သစ္စံ ပရိညာတန္တိ မေ ဘိက္ခဝေ ၊လ၊ ဥဒပါဒိ။

(၁) ဣဒံ ဒုက္ခသမုဒယော အရိယ သစ္စန္တိ မေ ဘိက္ခဝေ ၊လ၊ ဥဒပါဒိ။

(၂) တံ ခေါ ပနိဒံ ဒုက္ခ သမုဒယော အရိယသစ္စံ ပဟာတဗ္ဗန္တိ မေ ဘိက္ခဝေ ၊လ၊ ဥဒပါဒိ။

(၃) တံ ခေါ ပနိဒံ ဒုက္ခသမုဒယော အရိယသစ္စံ ပဟီနန္တိ မေ ဘိက္ခဝေ ၊လ၊ ဥဒပါဒိ။

(၁) ဣဒံ ဒုက္ခ နိရောဓော အရိယသစ္စန္တိ မေ ဘိက္ခဝေ ၊လ၊ ဥဒပါဒိ။

(၂) တံ ခေါ ပနိဒံ ဒုက္ခနိရောဓော အရိယသစ္စံ သစ္ဆိကာတဗ္ဗန္တိ မေ ဘိက္ခဝေ ၊လ၊ ဥဒပါဒိ။

(၃) တံ ခေါ ပနိဒံ ဒုက္ခနိရောဓော အရိယသစ္စံ သစ္ဆိကတန္တိ မေ ဘိက္ခဝေ ၊လ၊ ဥဒပါဒိ။

(၁) ဣဒံ ဒုက္ခနိရောဓ ဂါမိနီ ပဋိပဒါ အရိယ သစ္စန္တိ မေ ဘိက္ခဝေ ၊လ၊ ဥဒပါဒိ။

(၂) တံ ခေါ ပနိဒံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယ သစ္စံ ဘာဝေတဗ္ဗန္တိ မေ ဘိက္ခဝေ ၊လ၊ ဥဒပါဒိ။

(၃) တံ ခေါ ပနိဒံ ဒုက္ခနိရောဓ ဂါမိနီ ပဋိပဒါ အရိယ သစ္စံ ဘာဝိတန္တိ မေ ဘိက္ခဝေ ၊လ၊ ဥဒပါဒိ။

ယာဝကီဝဉ္စ မေ ဘိက္ခဝေ ဣမေသု စတူသု အရိယသစ္စေသု ဧဝံ တိ ပရိဝဋ္ဋံ ဒွါဒသာကာရံ ယထာဘူတံ ဉာဏဒဿ

နံ န ဝိသုဒ္ဓံ အဟောသိ။ နေဝ တာဝါဟံ ဘိက္ခဝေ သဒေဝကေ လောကေ သမာရကေ သဗြဟ္မကေ သဿမဏဗြာဟ္မဏိယာ ပဇာယ သဒေဝမနုဿာယ အနုတ္တရံ သမ္မာသမ္ဗောဓိံ အဘိသမ္ဗုဒ္ဓေါတိ ပစ္စညာသိံ၊ ယတော စ ခေါ မေ ဘိက္ခဝေ ဣမေသု စတူသု အရိယသစ္စေသု ဧဝံ တိပရိဝဋ္ဋံ ဒွါဒသာကာရံ ယထာဘူတံ ဉာဏဒဿနံ သုဝိသုဒ္ဓံ အဟောသိ၊ အထာဟံ ဘိက္ခဝေ သဒေဝကေ လောကေ သမာရကေ သဗြဟ္မကေ သဿမဏဗြာဟ္မဏိယာ ပဇာယ သဒေဝမနုဿာယ အနုတ္တရံ သမ္မာ သမ္ဗောဓိံ အဘိသမ္ဗုဒ္ဓေါတိ ပစ္စညာသိံ၊ ဉာဏဉ္စ ပန မေ ဒဿနံ ဥဒပါဒိ၊ အကုပ္ပါ မေ ဝိမုတ္တိ, အယ မန္တိမာ ဇာတိ, နတ္ထိ ဒါနိ ပုနဗ္ဘဝေါတိ။

ဣဒမဝေါစ ဘဂဝါ၊ အတ္တမနာ ပဉ္စဝဂ္ဂိယာ ဘိက္ခူ ဘဂဝတော ဘာသိတ မဘိနန္ဒုန္တိ။

ဓမ္မစက္က ပဝတ္တန သုတ္တံ နိဋ္ဌိတံ၊

## နိဂမနံ။

ဣမသ္မိံ စ ပန ဝေယျာကရဏသ္မိံ ဘညမာနေ အာယသ္မတော ကောဏ္ဍညဿ ဝိရဇံ ဝီတမလံ ဓမ္မစက္ခုံ ဥဒပါဒိ, ယံကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗန္တံ နိရောဓဓမ္မန္တိ။

ဧဝံ ပဝတ္တိတေ ပန ဘဂဝတာ ဓမ္မစက္ကေ ဘုမ္မာ ဒေဝါ သဒ္ဒမနုဿာဝေသုံ၊ ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပတိဝတ္တိ

ယံ သမဏေနဝါ ဗြာဟ္မဏေနဝါ ဒေဝေနဝါ မာရေနဝါ ဗြဟ္မုနာဝါ ကေနစိဝါ လောကသ္မိန္တိ။

ဘုမ္မာနံ ဒေဝါနံ သဒ္ဒံ သုတွာ စာတုမ္မဟာရာဇိကာ ဒေဝါ၊ ပေ၊ တာဝတိံသာဒေဝါ ၊ပေ၊ ယာမာဒေဝါ ၊ပေ၊ တုသိတာဒေဝါ ၊ပေ၊ နိမ္မာနရတီဒေဝါ ၊ပေ၊ ပရနိမ္မိတဝသဝတ္တီ ဒေဝါ ၊ပေ၊ ဗြဟ္မကာယိကာဒေဝါ သဒ္ဒမနုဿာဝေသုံ၊ ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမဏေနဝါ ဗြာဟ္မဏေနဝါ ဒေဝေနဝါ မာရေနဝါ ဗြဟ္မုနာဝါ ကေနစိဝါ လောကသ္မိန္တိ။

ဣတိဟ တေန ခဏေန တေန လယေန တေန မုဟုတ္တေန ယာဝ ဗြဟ္မလောကာ သဒ္ဒေါ အဗ္ဘုဂ္ဂစ္ဆိ၊ အယဉ္စ ဒသ သဟဿီ လောကဓာတု သံကမ္ပိ, သမ္ပကမ္ပိ သမ္ပဝေဓိ၊ အပ္ပမာဏော စ ဩဠာရော ဩဘာသော လောကေ ပါတုရဟောသိ အတိက္ကမ္မ ဒေဝါနံ ဒေဝါနုဘာဝံ။

အထခေါ ဘဂဝါ ဣမံ ဥဒါနံ ဥဒါနေသိ "အညာသိ ဝတ ဘော ကောဏ္ဍညော အညာသိ ဝတ ဘော ကောဏ္ဍညော"တိ၊ ဣတိ ဟိဒံ အာယသ္မတော ကောဏ္ဍညဿ အညာသိ-ကောဏ္ဍညောတွေဝ နာမံ အဟောသိ။

အထခေါ အာယသ္မာ အညာသိ ကောဏ္ဍညော ဒိဋ္ဌဓမ္မော ပတ္တဓမ္မော ဝိဒိတဓမ္မော ပရိယောဂါဠ္ဟဓမ္မော တိဏ္ဏဝိစိကိစ္ဆော ဝိဂတကထံကထော ဝေသာရဇ္ဇပ္ပတ္တော အပရပ္ပစ္စယော သတ္ထု သာသနေ ဘဂဝန္တံ ဧတဒဝေါစ၊

လဒေဘယျပေယံ ဘန္တေ ဘဂဝတော သန္တိကေ ပဗ္ဗဇ္ဇံ လဘေယျံ ဥပသမ္ပဒန္တိ၊ ဟေိဘိက္ခုတို့ ဘဂဝါ အဝေါစ သွာက္ခာတော ဓမ္မော၊ စရ ဗြဟ္မစရိယံ သမ္မာဒုက္ခဿ အန္တ ကိရိယာ ယာတိ၊ သာဝ တဿ အာယသ္မတော ဥပသမ္ပ ဒါ အဟောသီတိ။

နိဂမနံ သမတ္တံ။

# အနတ္တလက္ခဏ သုတ္တံ။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

အတ္တာယတ္တ-မနာတုမ, ဘာဝါယ ယ-မဒေသယိ၊
အနတ္တ လက္ခဏံ နာထော, သုတ္တန္တံ တံ ဘဏာမဟေ။

ဧဝံမေသုတံ၊ ဧကံ သမယံ ဘဂဝါ ဗာရာဏသိယံ ဝိဟ ရတိ ဣသိပတနေ မိဂဒါယေ၊ တတြခေါ ဘဂဝါ ပဉ္စ ဝဂ္ဂိယေ ဘိက္ခူ အာမန္တေသိ ဘိက္ခဝေါတိ၊ ဘဒ္ဒန္တေတိ တေ ဘိက္ခူ ဘဂဝတော ပစ္စဿောသုံ၊ ဘဂဝါ တေ ဒဝေါ စ။

ရူပံ ဘိက္ခဝေ အနတ္တာ၊ ရူပဉ္စ ဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿ၊ နယိဒံ ရူပံ အာဗာဓာယ သံဝတ္တေယျ လဗ္ဘေထ စ ရူပေ ဧဝံ မေ ရူပံ ဟောတု၊ ဧဝံ မေ ရူပံ မာအဟောသီတိ၊ ယသ္မာ စ ခေါ ဘိက္ခဝေ ရူပံ အနတ္တာ၊ တသ္မာ ရူပံ အာဗာဓာယ သံဝတ္တတိ၊ န စ လဗ္ဘတိ ရူပေ

ဧဝံ မေ ရူပံ ဟောတု၊ ဧဝံ မေ ရူပံ မာ အဟောသီတိ။

ဝေဒနာ ဘိက္ခဝေ အနတ္တာ၊ ဝေဒနာ စ ဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿ၊ နယိဒံ ဝေဒနာ အာဗာဓာယ သံဝတ္တေယျ၊ လဗ္ဘေထ စ ဝေဒနာယ ဧဝံ မေ ဝေဒနာ ဟောတု၊ ဧဝံ မေ ဝေဒနာ မာ အဟောသီတိ၊ ယသ္မာ စ ခေါ ဘိက္ခဝေ ဝေဒနာ အနတ္တာ၊ တသ္မာ ဝေဒနာ အာဗာဓာယ သံဝတ္တတိ၊ န စ လဗ္ဘတိ ဝေဒနာယ ဧဝံ မေ ဝေဒနာ ဟောတု၊ ဧဝံ မေ ဝေဒနာ မာ အဟောသီတိ။

သညာ ဘိက္ခဝေ အနတ္တာ၊ သညာ စ ဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿ၊ နယိဒံ သညာ အာဗာဓာယ သံဝတ္တေယျ၊ လဗ္ဘေထ စ သညာယ ဧဝံ မေ သညာ ဟောတု၊ ဧဝံ မေ သညာ မာ အဟောသီတိ၊ ယသ္မာ စ ခေါ ဘိက္ခဝေ သညာ အနတ္တာ၊ တသ္မာ စ သညာ အာဗာဓာယ သံဝတ္တတိ၊ န စ လဗ္ဘတိ သညာယ ဧဝံ မေ သညာ ဟောတု၊ ဧဝံ မေ သညာ မာ အဟောသီတိ။

သင်္ခါရာ ဘိက္ခဝေ အနတ္တာ၊ သင်္ခါရာ စ ဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿံသု၊ နယိဒံ သင်္ခါရာ အာဗာဓာယ သံဝတ္တေယျုံ၊ လဗ္ဘေထ စ သင်္ခါရေသု ဧဝံ မေ သင်္ခါရာ ဟောန္တု၊ ဧဝံ မေ သင်္ခါရာ မာ အဟေသုန္တိ၊ ယသ္မာ စ ခေါ ဘိက္ခဝေ သင်္ခါရာ အနတ္တာ၊ တသ္မာ သင်္ခါရာ အာဗာဓာယ သံဝတ္တန္တိ၊ န စ လဗ္ဘတိ သင်္ခါရေသု ဧဝံ မေ သင်္ခါရာ ဟောန္တု၊ ဧဝံ မေ သင်္ခါရာ မာ အဟေသုန္တိ။

ဝိညာနံ ဘိက္ခဝေ အနတ္တာ၊ ဝိညာနဉ္စ ဟိဒံ ဘိက္ခဝေ

အတ္တာ အဘာဝိဿာ၊ န ယိဒံ ဝိညာဏံ အာဗာဓာယ သံဝတ္တေယျ၊ လဗ္ဘေထ စ ဝိညာဏေ ဧဝံ မေ ဝိညာဏံ ဟောတု ဧဝံ မေ ဝိညာဏံ မာ အဟောသီတိ၊ ယသ္မာ စ ခေါ ဘိက္ခဝေ ဝိညာဏံ အနတ္တာ၊ တသ္မာ ဝိညာဏံ အာဗာဓာယ သံဝတ္တတိ၊ န စ လဗ္ဘတိ ဝိညာဏေ ဧဝံ မေ ဝိညာဏံ ဟောတု၊ ဧဝံ မေ ဝိညာဏံ မာ အဟောသီတိ။

တံ ကိံ မညထ ဘိက္ခဝေ ရူပံ နိစ္စံ ဝါ အနိစ္စံ ဝါတိ၊ အနိစ္စံ ဘန္တေ၊ ယံ ပနာ နိစ္စံ၊ ဒုက္ခံ ဝါ တံ သုခံ ဝါတိ၊ ဒုက္ခံ ဘန္တေ၊ ယံ ပနာ နိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ ကလ္လံ နုတံ သမနုပဿိတုံ ဧတံ မမ ဧသောဟမသ္မိ ဧသော မေ အတ္တာတိ၊ နော ဟေတံ ဘန္တေ။

ဝေဒနာ နိစ္စာ ဝါ အနိစ္စာ ဝါတိ၊ အနိစ္စာ ဘန္တေ၊ ယံ ပနာ နိစ္စံ၊ ဒုက္ခံ ဝါ သုခံ ဝါတိ၊ ဒုက္ခံ ဘန္တေ၊ ယံ ပနာ နိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ ကလ္လံ နုတံ သမနုပဿိတုံ ဧတံ မမ ဧသောဟမသ္မိ ဧသော မေ အတ္တာတိ၊ နော ဟေတံ ဘန္တေ။

သညာ နိစ္စာ ဝါ အနိစ္စာ ဝါတိ၊ အနိစ္စာ ဘန္တေ၊ ယံ ပနာ နိစ္စံ၊ ဒုက္ခံ ဝါ တံ သုခံ ဝါတိ၊ ဒုက္ခံ ဘန္တေ၊ ယံ ပနာ နိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ ကလ္လံ နုတံ သမနုပဿိတုံ ဧတံ မမ ဧသောဟမသ္မိ ဧသော မေ အတ္တာ၊ နော ဟေတံ ဘန္တေ။

သင်္ခါရာ နိစ္စာ ဝါ အနိစ္စာ ဝါတိ၊ အနိစ္စာ ဘန္တေ၊ ယံ ပနာ နိစ္စံ၊ ဒုက္ခံ ဝါ တံ သုခံ ဝါတိ။ ဒုက္ခံ ဘန္တေ၊ ယံ ပနာ နိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ ကလ္လံ နုတံ သမနုဿိတုံ ဧတံ မမ

နေသောဟမသ္မိ နေသော မေ အတ္တာတိ နော ဟေတံ ဘန္တေ။

ဝိညာနံ နိစ္စံ ဝါ အနိစ္စံ ဝါ တိ။ အနိစ္စံ ဘန္တေ။ ယံ ပနာ နိစ္စံ ဒုက္ခံ ဝါ တံ သုခံ ဝါ တိ။ ဒုက္ခံ ဘန္တေ။ ယံ ပနာ နိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ ကလ္လံ နု တံ သမနုပဿိတုံ ဧတံ မမ နေသောဟ မသ္မိ နေသော မေ အတ္တာတိ။ နော ဟေတံ ဘန္တေ။

တသ္မာ တိဟ ဘိက္ခဝေ ယံကိဉ္စိ ရူပံ အတီတာ နာဂတ ပစ္စုပ္ပန္နံ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓံ ဝါ ဩဠာရိကံ ဝါ သုခုမံ ဝါ ဟီနံ ဝါ ပဏီတံ ဝါ ယံ ဒူရေ သန္တိကေ ဝါ သဗ္ဗံ ရူပံ နေတံ မမ နေသောဟ မသ္မိ န မေသော အတ္တာ တိ ဧဝ မေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။

ယာကာစိ ဝေဒနာ အတီတာ နာဂတ ပစ္စုပ္ပန္နာ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ ဩဠာရိကာ ဝါ သုခုမာ ဝါ ဟီနာ ဝါ ပဏီတာ ဝါ ယာ ဒူရေ သန္တိကေ ဝါ သဗ္ဗာ ဝေဒနာ နေတံ မမ နေသောဟ မသ္မိ န မေသော အတ္တာ တိ ဧဝ မေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။

ယာကာစိ သညာ အတီတာနာဂတပစ္စုပ္ပန္နာ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ ဩဠာရိကာ ဝါ သုခုမာ ဝါ ဟီနာ ဝါ ပဏီတာ ဝါ ယာ ဒူရေ သန္တိကေ ဝါ သဗ္ဗာ သညာ နေတံ မမ နေသောဟ မသ္မိ န မေသော အတ္တာ တိ ဧဝ မေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။

ယာကာစိ သင်္ခါရာ အတီတာ နာဂတ ပစ္စုပ္ပန္နာ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ ဩဠာရိကာ ဝါ သုခုမာ ဝါ ဟီနာ ဝါ

ပဏီတာ ဝါ ယေ ဒူရေ သန္တိကေ ဝါ သဗ္ဗေ သင်္ခါရာ နေတံ မမ နေသောဟမသ္မိ နမေသော အတ္တာတိ ဧဝ မေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။

ယံကိဉ္စိ ဝိညာနံ အတီတာ နာဂတာ ပစ္စုပ္ပန္နံ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓံ ဝါ ဩဠာရိကံ ဝါ သုခုမံ ဝါ ဟီနံ ဝါ ပဏီတံ ဝါ ယံ ဒူရေ သန္တိကေ ဝါ သဗ္ဗံ ဝိညာနံ နေတံ မမ နေသောဟမသ္မိ န မေသော အတ္တာ တိ ဧဝ မေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။

ဧဝံ ပဿံ ဘိက္ခဝေ သုတဝါ အရိယ သာဝကော ရူပသ္မိံပိ နိဗ္ဗိန္ဒတိ ဝေဒနာယပိ နိဗ္ဗိန္ဒတိ သညာယပိ နိဗ္ဗိန္ဒတိ သင်္ခါရေသုပိ နိဗ္ဗိန္ဒတိ ဝိညာနသ္မိံပိ နိဗ္ဗိန္ဒတိ နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ ဝိရာဂါ ဝိမုစ္စတိ ဝိမုတ္တသ္မိံ ဝိမုတ္တမိတိ ဉာဏံ ဟောတိ ခီဏာ ဇာတိ ဝုသိတံ ဗြဟ္မစရိယံ ကတံ ကရဏီယံ နာပရံ ဣတ္ထတ္တာယာတိ ပဇာနာတီတိ၊ ဣဒမဝေါစ ဘဂဝါ အတ္တမနာ ပဉ္စဝဂ္ဂိယာ ဘိက္ခူ ဘဂဝတော ဘာသိတ မဘိနန္ဒုံ။ ဣမသ္မိံ စ ပန ဝေယျာကရဏသ္မိံ ဘညမာနေ ပဉ္စဝဂ္ဂိယာနံ ဘိက္ခူနံ အာသဝေဟိ စိတ္တာနိ ဝိမုစ္စိံသူတိ။

အနတ္တလက္ခဏ သုတ္တံ နိဋ္ဌိတံ၊

PRESS INTELLIGENCE AND
RESEARCH DIVISION
DIRECTORATE OF INFORMATION
Acc: No. ............
Date ............
ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်
စာကြည့်တိုက်

# ဓမ္မဒါန။

## ပညာဒီကဆုတောင်း။

[ဧကာဒိဒ]

**ယော ဝေါ အာနန္ဒ မယာ ဓမ္မောစ ဝိနယောစ ဒေသိတော**
**ပညတ္တော၊ သော ဝေါ မမစ္စယေန သတ္ထာ....**

အမှာတော်ရှိ ပါဠိအရ ဗုဒ္ဓကိုယ်စား ကျမ်းစာများကို တည်ထား ကိုးကွယ် ဗရားတယ်၏ တသွယ်မိန့်ထုတ် ကျမ်းသံယုတ်အရ အမတဟူ နိဗ္ဗာန်လူကို ကြည်ဖြူရှင်လန်း ပေးလှူဒါန်း၏ အခန်းခန်း အစို့စို့ ကောင်းမျိုမင်္ဂလာ အလိမ္မာသည့် သုံးဖြာပိဋကတ် စာဉ်ဝပ်ကြောင်း ရှေးထုံးဟောင်းကို မြန်ပြောင်းဆင်ခြင် ပညာပင်ကို ကြည့်လင်ဝမ်းမြောက် ပျိုးစိုက်ဆောက်၏ ပွံ့ထောက်မှုလ ဤပုညကြောင့် ဘဝနောင်ခါ ဖြစ်လေရာ၌ ပညာကဲလွန် မြတ်မွန်မျိုးဇာတ် လူနှင့်နတ်တည်း အဟတ်ပညာ တတ်ကောင်းရာကို ရှည်ကြာနေ့ည မသင်ရပဲ နားကကြားရုံ မြင်ဒတ္တွရုံနှင့် ဥဿုံတတ်မြောက် လျှံးလျှံး တောက်စေ မဇဖါတ်မပြန် ယူမြောင့်မှန်၍ ကျမ်းဂန်သဘော မိမိဟောက လိုက်လျှောကြစေ သူဟောပေလည်း မသွေမလှန် လိုက်နာခံ၍ ကျင့်ရန်တရား ကျင့်ဝတ်များကို မခြားတာဂ ဖြည့်ကျင့်ရလို မကောင်းဆိုဘ အနိဋ္ဌတို့ ဝေးမှရှောင်သော ကြဉ်ဖဲစေတည်း ကောင်းလေသမျှ မျိုးဂုဏ်နှင့် နိဂ္ဂံတွေ့သုံ တွပ်းပြင်ဂုဏ်လည်း လောက်လုံပြည့်စုံ ဘဝတို့နှင့် မဂ်ဖိုလ်အောင်ပန်း ဆွတ်ယူလှမ်းသည် စံမြန်း နိဗ္ဗာန်ဝင်လိုသော်စ....။

ကုသိုလ်ရှင် ........................................

........................................ တို့၏

ဓမ္မဒါနအမှတ်လက်ဆောင် အုပ်ရေ(      )